# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကုသိုလ်ကောင်းမှု လျှင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၀၆၂)




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ညစာစားပွဲသို့ တက်ရောက်လာရာ တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး Mr. Song Tao က ကြိုဆိုနှုတ်ဆက်စဉ်။

သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိ

**ပေကျင်း နိုဝင်ဘာ ၃၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် အထွေထွေအတွင်းရေးမှူး Mr. Liu Huiyan ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်၊ မြန်မာသံရုံးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကူမင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မော်တော်ယာဉ်များဖြင့် ခေတ္တ နားနေမည့် ကူမင်းမြို့ Hai Geng Garden Hotel သို့ ရောက်ရှိရာ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး မစ္စတာ Chen Hao နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး Mr. Chen Hao တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ *စာမျက်နှာ ၃ ကော်လံ ၅* ✻

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ မလေးကျွန်းဆွယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ ကျိုတိုမြို့နှင့် ဟီရိုရှီးမားမြို့များတွင် ကြည့်ရှုလေ့လာ

*စာ - ၄*



## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

*စာ - ၅*



## လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှာ ပါဝင်ဆင်နွှဲမယ့် မြန်မာလူငယ်များ

*ဆောင်းပါး၊ စာ - ၆*

## လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ဟောပြောဆွေးနွေးသွားမည့် ရန်ကုန်တက္ကသိုလ်ပါမောက္ခများ၏ စကားသံများ

*တွေ့ဆုံမေးမြန်း၊ စာ - ၈*


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by FinanceAsia 2017

မြန်မာ့အလင်း

# မတူကွဲပြားသော ယုံကြည် ကိုးကွယ်ရာ ဘာသာတရား တို့၏ တူညီသောနှလုံးသား

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့်အဖွဲ့သည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ တွေ့ဆုံခဲ့ပါသည်။ ကမ္ဘာ့လူသားတို့ကြား ကိုးကွယ်ယုံကြည်ရာ မတူကွဲပြားသော ဘာသာဝင်တို့၏ ဘာသာရေးခေါင်းဆောင်တို့ တွေ့ဆုံပွဲက တူညီသော သတင်းစကားတို့ ထွက်ပေါ်လာခြင်းသည် လူသားတို့၏ ဘဝ၌ ဘာသာရေး၏ အရေးပါနေပုံကို ဖော်ထုတ်ပြသလိုက်ခြင်းဖြစ်သည်ဟု ယူဆပါသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက ''ကိုးကွယ်မှု ဘာသာတရားအားလုံးသည် တစ်စုံတစ်ခုသော အတိုင်းအတာအထိ တစ်စုံတစ်ခုသော ငြိမ်းချမ်းရေးဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးရလဒ်များကို ပေးနိုင်စွမ်းရှိသောကြောင့်သာလျှင် ယနေ့အထိ ကိုးကွယ်မှုဘာသာတရားများ တည်ရှိနေခြင်းဖြစ်တယ်လို့ လက်ခံယုံကြည်ထားပါတယ်'' ဟု မိန့်ကြားခဲ့ခြင်းသည် လူသားတို့၏ ဘဝ၌ ဘာသာရေး၏ အရေးပါပုံကို တစ်နည်းတစ်ဖုံ တင်ပြလိုက်ခြင်းဖြစ်ပါသည်။

ပုပ်ရဟန်းမင်းကြီးဖရန်စစ်က ''ဘာကြောင့်လဲဆိုတော့ တရားမျှတခြင်း၊ ငြိမ်းချမ်းခြင်း၊ လူတစ်ဦးစီရဲ့အခြေခံဂုဏ်သိက္ခာတို့ကို တပည့်တော်တို့ အတူတကွ တစ်သံတည်းအတည်ပြုခြင်းအားဖြင့် လူသားများအတွက် မျှော်လင့်ချက်စကားတစ်ခွန်းကို လက်ဆောင်ပေးခြင်းဖြစ်ပါတယ်'' ဟု မိန့်ကြားခဲ့ပါသည်။ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသကလည်း ''မတူကွဲပြားသည့် ဘာသာဝင်တွေအကြား အပြန်အလှန်နားလည်မှု၊ လေးစားမှုနှင့် ယုံကြည်မှုတည်ဆောက်လျက် ငြိမ်းချမ်းလုံခြုံသာယာသော လူ့ဘောင်ဘဝ တည်ဆောက်နိုင်ရန် လွန်စွာအရေးတကြီးလိုအပ်ပါသည်'' ဟု မိန့်ဆိုခဲ့ပါသည်။ ဤမိန့်ဆိုချက်တို့က ဘာသာရေးခေါင်းဆောင်တို့၏ လူ့အဖွဲ့အစည်းအပေါ် တာဝန်ဝတ္တရားကို ညွှန်ပြနေပါသည်။

သို့သော် ဘာသာရေးခေါင်းဆောင်တိုင်းက ဤတာဝန်ဝတ္တရားအား လေးစားလိုက်နာမှုမရှိခြင်းသည် သမိုင်းအမှန်တရားဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက ''ကျွန်ုပ်တို့ ဘာသာရေးခေါင်းဆောင်တွေအားလုံးဟာ မိမိတို့ရဲ့ဘာသာဝင်တွေအား ဘာသာတရားရဲ့လမ်းညွှန်ချက် အစစ်အမှန်တွေကို အဂတိတရား မလိုက်စားဘဲ သင်ကြားပေးရမယ့်တာဝန်ရှိပါတယ်... ယင်းအပြင် ဘာသာရေးကို ခုတုံးလုပ်၍ အမုန်းစကားပြောဆိုခြင်း၊ မမှန်မကန် ဝါဒဖြန့်ခြင်း၊ ယင်းတို့ကြောင့် ခိုက်ရန်ဖြစ်ပွားခြင်း၊ ဆူပူသောင်းကျန်းခြင်း၊စစ်မက်တိုက်ခိုက်ခြင်းမှန်သမျှနှင့် ယင်းတို့ဖြစ်ပေါ်အောင် ထောက်ပံ့ကူညီသူတွေကို ပြင်းထန်စွာပြစ်တင်ရှုတ်ချကြရပါမယ်''ဟု မိန့်ကြားခဲ့ခြင်း ဖြစ်ပါသည်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကလည်း ''တပည့်တော်တို့ရဲ့တရားဓမ္မများက ချစ်ကြည်ရင်းနှီးစွာနေထိုင်ဖို့ တိုက်တွန်းထားတဲ့အတွက် နားမလည်မှု၊ သည်းမခံနိုင်မှု၊ အထင်လွဲမှုနှင့်အမုန်းပွားမှုများကို ကျော်လွှားနိုင်အောင် ကြိုးစားကြရမှာဖြစ်ပါတယ်''ဟုမိန့်ဆိုခဲ့ပါသည်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ဓမ္မပဒ အဆုံးအမနှင့် စိန့်ဖရန်စစ်အစီစီ၏ ဆုတောင်းပတ္ထနာတို့ ဆင်တူပုံကို မိန့်ကြားခဲ့ခြင်းသည် အလေးအနက် နှလုံးသွင်းဆင်ခြင်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ''ဤမြေပေါ်မှာ ငြိမ်းချမ်းခြင်း၊ ပြန်လည်သင့်မြတ်ခြင်း၊ ချစ်ခြင်း၊မျှော်လင့်ခြင်း မျိုးစေ့များ၊ စိုက်ပျိုးရန်အတွက် ဆရာတော်တို့နှင့်အတူတကွ ဒီခရီးကို လျှောက်လှမ်းလိုကြောင်း၊ တပည့်တော်တို့ရဲ့ ကက်သလစ် ညီအစ်ကိုမောင်နှမများကိုယ်စားလျှောက်ထားလိုပါတယ်''ဟူသော မိန့်ဆိုချက်သည် ကမ္ဘာ့လူသားအားလုံးလျှောက်လှမ်းရမည့် ခရီးလမ်းအား ညွှန်ပြခြင်းဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မလွဲတောင်ပေါ်ကားလမ်း ရာသီမရွေးသွားလာနိုင်ရန် အဆင့်မြှင့်တင် ဆောင်ရွက်ထား

**မော်လမြိုင် နိုဝင်ဘာ ၃၀**

ရန်ကုန်-မော်လမြိုင်-မုဒုံ-သံဖြူဇရပ်-ရေး-ထားဝယ်-မြိတ်-ကော့သောင်း အဝေးပြေးလမ်းမကြီးသည် ရန်ကုန်မှ ကော့သောင်းအထိ ၁၁၄၅ ကီလိုမီတာရှိပြီး အာဆီယံလမ်းမကြီး၏ လမ်းကြောင်း ခြောက်ခုအနက် အမှတ် ၆ လမ်းမကြီး AH. 112 ဖြစ်သည်။

မော်လမြိုင်မြို့မှ ထားဝယ်မြို့နယ်စပ် မလွဲတောင်အဆုံးအထိ ၁၁၂ မိုင် ၆ဖာလုံရှိရာ သံဖြူဇရပ်မလွဲတောင်ပေါ်အထိ ၇၅ မိုင် ၆ ဖာလုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန မော်လမြိုင်ခရိုင် လမ်းဦးစီးဌာနမှ တာဝန်ယူ၍ လမ်းချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် ရေးမြို့နယ်အပိုင်ရှိ မလွဲတောင်ပေါ်ကားလမ်း သုံးမိုင်ကို မော်လမြိုင်ခရိုင်လမ်းဦးစီးဌာနသည် တောင်ပေါ်ကားလမ်းရှိ အကွေ့ပေါင်း ၂၀ ကိုဖြေလျှော့ခြင်း၊ ကတ္တရာလမ်းအကျယ် ၂၄ ပေချဲ့ခြင်း၊ မြေသားလမ်းအကျယ်ပေ ၅၀၊ ပေ ၆၀ မှ ပေ ၁၂၀ အထိ လမ်းအကျယ်ချဲ့ပေးထားသည်။

ထို့အပြင် စက်ကြီးများဖြင့်ဖဲ့၍ လမ်းချဲ့ထားသောတောင်များ ပြိုမကျအောင် ကွန်ကရစ်တောင်ကာနံရံများ ပြုလုပ်ထားခြင်း၊ ကွန်ကရစ်ရေမြောင်းများ ပြုလုပ်၍ တောင်ကျရေများကို စနစ်တကျလွှတ်ပေးခြင်း၊ မောင်းနှင်သွားလာသော မော်တော်ယာဉ်များအတွက် အန္တရာယ်ကြိုတင်ကာကွယ်သည့်အနေဖြင့် ချောက်ကမ်းနဖူး၌ သံတန်းအကာများ တပ်ဆင်ခြင်း၊ အန္တရာယ်ကင်း လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ပေးထားကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## ကျောက်ဖြူအကျဉ်းထောင်၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး စစ်ဆေး



**ကျောက်ဖြူ နိုဝင်ဘာ ၃၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေး၊ ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်၊ ကျောက်ဖြူခရိုင်တရားသူကြီး ဒေါ်ခင်စန္ဒာခင်တို့နှင့်အတူ နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် ကျောက်ဖြူအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။ (ဓာတ်ပုံ)

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက အကျဉ်းသူ၊ အကျဉ်းသားများနှင့်တွေ့ဆုံ၍ ဥပဒေပါအခွင့်အရေးများ ရရှိမှုအခြေအနေ၊ အကျဉ်းသူများအား သီးသန့်ဆောင်တွင် လုံခြုံစွာထားရှိမှုအခြေအနေ၊ နေထိုင်စားသောက်မှုအခြေအနေ၊ ရေပေးဝေမှုနှင့် သောက်သုံးရေရရှိမှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ ကြန့်ကြာနေသော စစ်ဆေးဆဲ အချုပ်တရားခံများ ရှိ မရှိ၊ စာပေဗဟုသုတ လေ့လာရန် စာကြည့်တိုက်ဆောင်ရွက်ထားမှုများ ရှိ မရှိ၊ နှိပ်စက်ခံမှုများ ရှိ မရှိ၊ ဥပဒေနှင့်ရသင့်သော အခွင့်အရေးများရရှိခြင်း ရှိ မရှိတို့ကို မေးမြန်းစစ်ဆေးကာ အကျဉ်းထောင်လက်စွဲနှင့်အညီ ဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးသည် ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်နှင့်အတူ ကျောက်ဖြူခရိုင်တရားရုံး၌ ခရိုင်အတွင်းရှိ တရားသူကြီးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အဂတိတရားကင်းရှင်းရန်နှင့် ပြည်သူယုံကြည်ကိုးစားမှုရှိအောင် ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

**ဖြိုးဝေလင်း (ပြန်/ဆက်)**

## မိုးစပါးစံကွက် ရိတ်သိမ်းပွဲ ကျင်းပ

**ပြည် နိုဝင်ဘာ ၃၀-** ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဇီးအုပ်စိုက်ပျိုးရေးစနစ်နယ်မြေရှိ တောင်သူ ဦးကျော်သန်း S.R.I စနစ်ဖြင့် ဆင်းသုခစပါး စံကွက်ရိတ်သိမ်းပွဲကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိန်လှမြင့်နှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးညွှန်ကြားရေးမှူးက မိုးစပါး S.R.I စနစ်ဖြင့် စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ကောက်ရိတ်သိမ်းစက်ဖြင့် စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အစို၁၀၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မိုးလေဝသ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် တစ်ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ငါးဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ခြောက်ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၃၂ လက်မဖြစ်သည်။

**မိုး/ဇလ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃၀-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၆၅/၇၅၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၀ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၈၅/၇၉၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၉ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၅ ・ ၃ |
| ထိုင်း | တစ်ဘတ် | ၄၁ ・ ၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၁၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ ・ ၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၁ ・ ၈၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဋ္ဌေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အလုပ်သဘော ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

**မိန့်ခွန်းပြောကြားမည်**

အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရန်နှင့် ပေကျင်းမြို့၌ ကျင်းပမည့် တရုတ်ကွန်မြူနစ်ပါတီနှင့် ပြည်ပနိုင်ငံရေးပါတီများ၏ အဆင့်မြင့်ခေါင်းဆောင်များ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ အထူးဧည့်သည်တော်အဖြစ် တက်ရောက်မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr.Yu Bianjiang နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်မြင့်မောင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ လိုက်ပါသွားသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။**

သတင်းစဉ်

## သံအမတ်ကြီး ဦးမျိုးမြင့်သန်း ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁**

ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးမြင့်သန်းသည် ၎င်း၏ ခန့်အပ်လွှာ ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဗန်ကောက်မြို့၌ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် မဟာ ဗာဂျီရာလောင်ကွန်း ဗုဒင်ဒရာဒီဘာရာဗာရန်ကူးရ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **သတင်းစဉ်**

*❊ ရှေ့စုံးမှ*

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး Mr. Chen Hao က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ ကူမင်းမြို့မှ အထူးလေယာဉ်ဖြင့်ထွက်ခွာပြီး ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာန ဒုတိယဝန်ကြီး မစ္စတာ ကောရဲ့ကျိုး၊ စစ်သံမှူး ဗိုလ်မှူးချုပ် တင့်ဆန်း၊ မြန်မာသံရုံးနှင့်စစ်သံရုံးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ပေကျင်းမြို့ရှိ ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိသည်။

ယင်းနောက် ဒေသစံတော်ချိန် ည ၇ နာရီတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး Mr. Song Tao က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**

# ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၃၀**

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက အမှာစကားပြောကြားရာတွင် ယခုဆောင်ရွက်မည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးရေး တာဝန်သည် ယနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကော်မတီအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး၏ ပခုံးထက်တွင် ထိုက်ထိုက်တန်တန်ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ၎င်းတို့၏ အမျိုးသားခေါင်းဆောင်ကြီးများကို ဂုဏ်ဆောင်မြောက်သည့် ရုပ်ရှင်ဇာတ်ကားကြီးများအဖြစ် ရိုက်ကူးထုတ်လုပ်ပြသခဲ့သည်များ ရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိကို ရုပ်ရှင်အဖြစ် ရိုက်ကူးနိုင်ရန် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်က စတင်ကြိုးပမ်းခဲ့ကြပါကြောင်း၊ ယခုအခါ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပါ ချိတ်ဆက်ပြီး ရုပ်ရှင်ဇာတ်ကားကြီး အောင်မြင်စွာ ရိုက်ကူးထုတ်လုပ်ဖြန့်ချိ ပြသသွားနိုင်ရေး ကူညီဆောင်ရွက်ရန် အခွင့်အလမ်းပေါ်ပေါက်လာခြင်း ဖြစ်ပါကြောင်း၊ ဇာတ်ကားရိုက်ကူးရေးအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အတတ်နိုင်ဆုံးအပြန်အလှန် နားလည်မှုရှိစွာနှင့် ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိကို သမိုင်းဖြစ်ရပ်မှန်နှင့် ဗိုလ်ချုပ်၏ လုပ်ဆောင်ချက်များကို



အနုပညာမြောက်စွာ၊ သဘာဝကျစွာ ဖန်တီးပုံဖော်ကြမည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့ ပုံဖော်ရာတွင် သမိုင်းအချက်အလက်များ မှန်ကန်တိကျမှုကို အလေးထားရမည်ဖြစ်ပါကြောင်း၊ ဝတ်စားဆင်ယင်မှုအသုံးအဆောင်ပရိဘောဂ၊ အဆောက်အအုံ၊ ယာဉ်ရထားကအစ လွန်ခဲ့သည့် နှစ်တစ်ရာဝန်းကျင်လောက်အထိ အစပြန်ကောက်ကြရမည် ဖြစ်ပါကြောင်း၊ တိုးတက်လျက်ရှိသော နည်းပညာများကိုအသုံးပြုပြီး ဇာတ်ကားကြီးကို အဆင့်မြင့်မြင့် ရိုက်ကူးတင်ပြသွားမည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဤရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးတည်းဖြတ်သည်မှ ထုတ်လုပ်ဖြန့်ချိသည်အထိ ကြုံတွေ့လာနိုင်သည့် လုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို ပြုစုရေးဆွဲထားပါကြောင်း၊

အဆိုပါအချက်များကို တက်ရောက်လာသူများကလည်း ဝိုင်းဝန်းဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်း၊ အနုပညာရပ်ပိုင်းဆိုင်ရာတွေးတောမှု၊ ကြံစည်မှု၊ ဖန်တီးမှုများကို ဘာသာရပ်အလိုက် ကျွမ်းကျင်သူများက လွတ်လပ်စွာဆောင်ရွက်သွားကြရန်နှင့် ယခု တက်ရောက်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများကလည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်သိက္ခာနှင့်လျော်ညီသော ရုပ်ရှင်ဇာတ်ကားကြီးတစ်ကား ပေါ်ထွန်းလာရေးအတွက် အကောင်းဆုံးဖြည့်ဆည်း ကူညီပံ့ပိုးဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး-၂ ဦးလူမင်း၊ ဦးသူရ(ခ) ဦးဇာဂနာ၊ ထွန်းအိန္ဒြာဗိုလ်၊ ဒါရိုက်တာမင်းထင်ကိုကိုကြီး၊ ဦးဇော်သက်ထွေး၊ ဒါရိုက်တာအိအိခိုင်နှင့် ဒါရိုက်တာ ကြည်ဖြူသျှင်တို့က အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် အောင်မြင်စွာရိုက်ကူး ထုတ်လုပ်နိုင်ရေးအတွက် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးအတွက် ရရှိထားသောအလှူငွေကျပ်သိန်း ၈၃၀၀ ကို ပြန်လည်လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏အတ္ထုပ္ပတ္တိကို အနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်များ အတုယူအားကျနိုင်စေရန် ရုပ်ရှင်ဇာတ်ကားအဖြစ် မှတ်တမ်းတင်ရိုက်ကူးနိုင်ရေးအတွက် စတင်ဆောင်ရွက်ခဲ့ကြသည့် ရုပ်ရှင်ရိုက်ကူးရေးဗဟိုကော်မတီအဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့သမိုင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အစည်းအရုံးအဖွဲ့ဝင် များ၊ ဗိုလ်ချုပ်ရုပ်ရှင်ရိုက်ကူးရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ ကျိုတိုမြို့နှင့် ဟီရိုရှီးမားမြို့များတွင် ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဂျပန်နိုင်ငံ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr.Tadamori OSHIMA ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေး ခရီးရောက်ရှိနေသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကျိုတိုမြို့မှ ထွက်ခွာလာပြီး ဟီရိုရှီးမားမြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ရောက်ရှိသည်။

**လွမ်းသူ့ပန်းခွေချ**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် နျူကလီးယားဗုံးဒဏ်ကြောင့် သေဆုံးခဲ့သူများအား ရည်စူး၍ လွမ်းသူ့ပန်းခွေချသည်။

**ကြည့်ရှုလေ့လာ**

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့သည် Hiroshima Peace Memorial Park သို့ရောက်ရှိ၍ Peace Memorial Museum အတွင်း လှည့်လည်ကြည့်ရှုလေ့လာကာ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး Atomic Bomb Dome သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ထို့ပြင် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့သည် ကျိုတိုမြို့ရှိ Kinkaku-jiTemple သို့ ရောက်ရှိလေ့လာခဲ့သည်။

**တက်ရောက်**

ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့သည် ဟီရိုရှီးမားမြို့တော်ဝန် Mr. Kazumi Matsui က တည်ခင်းဧည့်ခံသည့် နေ့လယ်စာ စားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နျူကလီးယားဗုံးဒဏ်ကြောင့် သေဆုံးခဲ့သူများအား ရည်စူး၍ လွမ်းသူ့ပန်းခွေချစဉ်။
သတင်းစဉ်

## ထိုင်းနိုင်ငံ၏ အမျိုးသားနေ့၊ နတ်ရွာစံ ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ မွေးနေ့နှင့် Thailand’s Father Day အထိမ်းအမှတ်ဧည့်ခံပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ သည် ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ Hilton Holtel ၌ ကျင်းပသည့် ထိုင်းနိုင်ငံ၏ အမျိုးသားနေ့၊ နတ်ရွာစံထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ မွေးနေ့နှင့် Thailand’s Father Day အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်သည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ထိုင်းနိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျတ်ခ်ဘွန်လုံက နဝမမြောက် ဘုရင်မင်းမြတ်နှင့် ယခုလက်ရှိ ဘုရင်မင်းမြတ်တို့အား ဂါရဝပြု၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နှင့်အတူ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့သည် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြပြီး ညစာအတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေ ဆောင်ရွက်နိုင်မှုအခြေအနေ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပလျက်ရှိသည့် အာရှ-ပစိဖိတ်ဒေသတွင်း မသန်စွမ်းသူများအတွက် ဆယ်စုနှစ် ဆောင်ရွက်မှု ကြားကာလသုံးသပ်ရေးဆိုင်ရာ အစိုးရများအကြား ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်သည်။ **(ယာပုံ)**





အစည်းအဝေးအား အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ မသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်(၂၀၁၃-၂၀၂၂)နှင့် အင်ချွန်းမဟာဗျူဟာကို ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့် ကွာဟချက်နှင့် စိန်ခေါ်မှုများအပါအဝင် တိုးတက်ပြောင်းလဲမှုအခြေအနေအား ပြန်လည်သုံးသပ်ရန်၊ ရှေ့ဆက်ဆောင်ရွက်မည့် ကျန်ရှိသော ဆယ်စုနှစ်ဝက်အတွက် မူဝါဒလမ်းညွှန်ချက်တို့ကို ဆွေးနွေးရန်၊ အကောင်အထည်ဖော်ခြင်းတို့ကို မြှင့်တင်ရန်နှင့် ကြေညာချက်တစ်ရပ် ဆွေးနွေးချမှတ်ရန် စသည့် ရည်ရွယ်ချက်တို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံပေါင်း ၃၅ နိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အေဂျင်စီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မသန်စွမ်းမှုဆက်စပ်အဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေ၊ အမျိုးသားကော်မတီ ဖွဲ့စည်းခြင်း၊ မသန်စွမ်းမှုနှင့် ဆက်စပ်သည့် လူမှုကာကွယ်စောင့်ရှောက်ရေး၊ ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေး အခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးတို့အပြင် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်း၊ အင်ချွန်းမဟာဗျူဟာနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအကြား ဆက်စပ်ဆောင်ရွက်နိုင်မှု အခြေအနေတို့ကို ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများတွင် လက်ရှိဆောင်ရွက်နေသော အင်ချွန်းမဟာဗျူဟာနှင့် လူတိုင်းအကျုံးဝင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အတွေ့အကြုံကောင်းများ၊ အခက်အခဲများစသည်တို့ကို လေ့လာသိရှိခဲ့သည့်အပြင် မသန်စွမ်းမှုဆိုင်ရာ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ပိုမိုရရှိနိုင်မည့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။

အစည်းအဝေး ကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယားနိုင်ငံ အစိုးရ၏ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ အာရှနှင့် ပစိဖိတ်ဒေသ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### ဂန့်ဂေါမြို့၌ မြေအောက်ရေဖြင့် ရေပေးဝေနိုင်ရေး ဆောင်ရွက်

**ဂန့်ဂေါ နိုဝင်ဘာ ၃၀**

ဂန့်ဂေါမြို့တွင် ရေပေးဝေရေးလုပ်ငန်းကို မြစ်သာမြစ်ရေမှ ရေတင်လျက် မြို့တွင်းသို့ ဖြန့်ဝေပေးလျက်ရှိရာမှ မြေအောက်ရေဖြင့် ရေပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။ “မြေအောက်ရေ ရရှိသုံးစွဲဖို့အတွက် လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးပါပြီ၊ မြေအောက်ရေကို လက်ရှိ ဂါလန် ၈၀၀၀ ဆံ့ ရေကန်မှာ ရေသိုလှောင်ပြီးတော့ ဆက်လက်ဖြန့်ဝေမှာ ဖြစ်ပါတယ်”ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ ဦးဖြိုးမင်းဝင်းက ပြောသည်။ မြေအောက်ရေရရှိနိုင်ရေးအတွက် အကျယ် ခြောက်ပေ၊ အနက်ပေ ၆၀၀ ရှိ စက်ရေတွင်းနှစ်တွင်းကို တူးဖော်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းအတွက် စည်ပင်သာယာခွင့်ပြုရန်ပုံ ငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**၁၀၁**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကိုရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

**ဆိုးလ် နိုဝင်ဘာ ၃၀**

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဆိုးလ်မြို့ရှိ SK T.UM သို့ ရောက်ရှိကြပြီး SK telecommunication ၏ New ICT experience Center (SK T.UM) ကို ကြည့်ရှုလေ့လာကြသည်။

ထို Center သည် ၂၀၀၈ ခုနှစ် နိုဝင်ဘာလက တည်ထောင်ခဲ့ပြီး အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် ICT နည်းပညာဆိုင်ရာ တိုးတက်မြင့်မားနေမှုများအား အဆင့်မြင့်နည်းပညာဖြင့် မျှော်မှန်းပုံဖော်ထားမှုများကို တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ပေါ်စကိုဒေဝူးမှ Senior Executive Vice President Mr. Joo, Si-Bo က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Lee Nak-yeon နှင့် ဝန်ကြီးချုပ်၏ ဧည့်ခန်းမဆောင်၌ တွေ့ဆုံပြီး မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး တိုးတက်မြင့်မားစေခြင်းဖြင့် နှစ်နိုင်ငံ စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရန် ကောင်းမွန်သည့် အခြေအနေဖြစ်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ကုမ္ပဏီပေါင်း ၂၀၀ ကျော်ခန့် လာရောက်လုပ်ကိုင်လျက်ရှိပြီး ကိုရီးယားသမ္မတနိုင်ငံသည် မြန်မာနိုင်ငံတွင် ဆဋ္ဌမမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများကို မြန်မာနိုင်ငံတွင် ပိုမို၍လာရောက် ရင်းနှီးမြှုပ်နှံရန် ကြိုဆိုပါကြောင်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ကိုရီးယားရိုးရာ ဒရမ်ပွဲ (Nanta) ကို ကြည့်ရှုအားပေးခဲ့သည်။

**သတင်းစဉ်**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Lee Nak-yeon နှင့်အဖွဲ့တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ခြင်း စားပွဲဝိုင်းဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃၀

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ခြင်း စားပွဲဝိုင်းဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။** (အောက်ပုံ)




အစည်းအဝေးတွင် တက်ရောက်လာကြသူများက ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ- (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးကာလအတွင်း နိုင်ငံရေးကဏ္ဍမှ ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသေးသည့် မူဝါဒအဆိုပြုချက်များအပေါ် ခေါင်းစဉ်အလိုက် ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးခင်ဇော်ဦးက ယခုဆွေးနွေးချက်များအပေါ် အစုအဖွဲ့များအလိုက် ပြန်လည်ဆွေးနွေးပြီး နောက်တစ်ကြိမ် အစည်းအဝေးတွင် အစုအဖွဲ့ကိုယ်စားပြုသဘောထားများအား ပြန်လည်တင်ပြနိုင်ရေး ဆောင်ရွက်ခဲ့ကြရန်လိုအပ်ပါကြောင်း နိဂုံးချုပ် ပြောကြားသည်။

ယခုကျင်းပသည့် စားပွဲဝိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည့် ခေါင်းစဉ်များနှင့် အကြောင်းအရာများကို သက်ဆိုင်ရာအစုအဖွဲ့များအတွင်း ပြန်လည်ဆွေးနွေးပြီး နောက်တစ်ကြိမ် စားပွဲဝိုင်းဆွေးနွေးပွဲတစ်ရပ် ကျင်းပသွားမည် ဖြစ်သည်။

စားပွဲဝိုင်း ဆွေးနွေးပွဲသို့ အစိုးရအစုအဖွဲ့မှ ဦးခင်ဇော်ဦး၊ ဦးဇော်ဌေး၊ ဦးကျော်ကျော်ဟန်၊ ဦးဗရတ်ဆင်း၊ ဦးနိုင်ဆွေဦး၊ ဦးသက်နိုင်ဦး၊ ဒေါက်တာ ဝါဝါမောင်၊ ဦးအောင်လွင်ဦး၊ ဒေါက်တာ ဒေါ်သီတာထွန်း၊ ရဲမှူးကြီး ခင်ဇော်၊ ဒုတိယရဲမှူးကြီး အေးနိုင်၊ ဒေါက်တာ သပြေညို၊ ဦးမင်းသိမ်း၊ ဦးလှမောင်ရွှေ၊ ဒေါက်တာ ဒေါ်စန်းစန်းအေး၊ ဦးဇော်ဝင်း၊ ဒေါက်တာဆန်းဦး၊ ဦးမျိုးမင်းစိုး၊ တပ်မတော်အစုအဖွဲ့မှ ဗိုလ်ချုပ် စိုးနိုင်ဦး၊ ဗိုလ်ချုပ် ဆန်းမြင့်၊ ဗိုလ်ချုပ် တင်မောင်ဝင်း၊ ဗိုလ်ချုပ် နေလင်း၊ ဗိုလ်မှူးချုပ် စိန်ထွန်းလှ၊ ဗိုလ်မှူးချုပ် ဝင်းမိုး၊ ဗိုလ်မှူးချုပ်မြင့်မောင်ဦး၊ ဗိုလ်မှူးချုပ်နေဝင်းအောင်၊ ဗိုလ်မှူးကြီး ကျော်ကျော်ဦး၊ ဗိုလ်မှူးကြီး ကျော်စိုးဦး၊ ဗိုလ်မှူးကြီး ကျော်စိုးဝင်း၊ ဗိုလ်မှူးကြီးအောင်ခင်သိန်း၊ ဗိုလ်မှူးကြီးစန်းလွင်၊ ဗိုလ်မှူးကြီး ထွန်းအေး၊ ဗိုလ်မှူးကြီး ကျော်ဝင်းဇင်၊ ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဝင်း၊ ဦးစောဗိုလ်နီ၊ လွှတ်တော်အစုအဖွဲ့မှ ဦးအောင်စိုး၊ နော်ခရစ္စထွန်း၊ ဦးစိုးဝင်း၊ ဦးလွင်ကိုလတ်၊ ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို၊ ဒေါ်မိကွန်ချမ်း၊ ဒေါ်နန်းထွေးသူ၊ ဒေါ်နီရွှေလျှန်း၊ ဦးမင်းဦး၊ ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့မှ ဦးကျော်ဝင်း၊ ဦးဇေယျာသူ၊ ဦးသန်းအေး၊ ဦးသန်းအောင်၊ ဦးမြင့်သိန်း၊ ပါမောက္ခ ဒေါက်တာမောင်မောင်အေး၊ ဦးမင်းဇော်ဦး၊ ဦးကိုကိုလှိုင်၊ ဦးအောင်နိုင်ဦး၊ ငွန်ကျုံးလျှန်၊ မစုမွန်သဇင်အောင်နှင့် တိုင်းရင်းသားအစုအဖွဲ့မှ ကိုယ်စားလှယ်များဖြစ်သည့် ဦးလှဘော်အောင်၊ ဦးထုံဖူးဒဂုဏ်၊ ဦးစထွန်းအောင်၊ ဦးနိုင်စိုးသိန်း၊ ဦးသန်းမြင့်၊ ဦးနိုင်မောင်မြင့်၊ မန်းထောင်စိန်၊ ဦးကျော်မြင့်၊ ဦးဘောမ်လန်း၊ စိုင်းအောင်သာ၊ စိုင်းထွန်းရင်၊ စိုင်းကျော်ခိုင်၊ စိုင်းအောင်တင်၊ ဦးခီးရယ်၊ ဦးစောဘမိုး၊ ဦးစောကျော်မိုးတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး အင်းစိန် ဗဟိုအကျဉ်းထောင် စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်စန္ဒာသွယ်သည် ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူး ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူကြီး၊ မြို့နယ်တရားသူကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက အင်းစိန်ဗဟိုအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသား၊ အကျဉ်းသူများ၊ အချုပ်သား၊ အချုပ်သူများနှင့် တွေ့ဆုံ၍ ဥပဒေပါအခွင့်အရေးများ ခံစားရရှိခွင့် ရှိ၊ မရှိ၊ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအခြေအနေနှင့် ပညာသင်ကြားပေးမှု၊ အသက်မွေးမှု အတတ်ပညာသင်ကြားပေးမှု အခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို အကျဉ်းထောင်ရှိ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၆/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၆/၂၀၁၇)ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည်။

အစည်းအဝေးကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၆/၂၀၁၇) အစည်းအဝေးမှ အဆိုပြုလွှာတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့်လေးခုနှင့် အတည်ပြုမိန့်ငါးခု ခွင့်ပြုပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပုပ်ရဟန်းမင်းကြီးဖရန့်စစ် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်သည် ယနေ့မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့မှ ဘင်္ဂလားဒေ့ရှ် နိုင်ငံ ဒါကာမြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဗာတီကန် မြို့ပြနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးစံလွင်၊ ဗန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဗာတီကန်မြို့ပြ သံအမတ်ကြီး ဆရာတော် ပေါလ်ချန်းအင်နမ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ မြန်မာနိုင်ငံ ကက်သလစ်အသင်းတော်၏ ရန်ကုန် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘို ၊ လက်ထောက် ဆရာတော် ဂျွန်စောယောဟန်၊ မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဖဲလစ်လျန်းခင်းထန်နှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်သည် ရန်ကုန်မြို့မှ ပြန်လည်မထွက်ခွာမီ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ စိန့်မေရီကာသီဒြယ် ဘုရားကျောင်း၌ ခရစ်ယာန်လူငယ်များနှင့်အတူ ပူဇော်ဆုတောင်းခြင်း ပြုလုပ်သည်။

ထိုသို့ ပူဇော်ဆုတောင်းခြင်း ပြုလုပ်ရာတွင် ငြိမ်းချမ်းသာယာရေးအတွက် အထွေထွေ ဆုတောင်းခန်း ပြုလုပ်ပြီး ပူဇော်သက္ကာရ အစီအစဉ်အရ မစ္ဆား ပူဇော်ခြင်း၊ ကိုယ်တော်မြတ်ပင့်ခြင်း၊ ဆုတောင်းမေတ္တာပို့ခြင်းနှင့် ကောင်းချီးတော်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကိုလည်း သဟဇာတဖြစ်အောင် ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

(၆)ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍ ဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် M Gallery Hotel, Irrawaddy Grand Ballroom တွင် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။




ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် 14th ASEAN Working Group Meeting ကို ကျင်းပခဲ့ပါကြောင်း၊ ၎င်းအစည်းအဝေးမှ ဆွေးနွေးချက်များကို အခြေခံ၍ (၁၇)ကြိမ်မြောက် အာဆီယံ သတ္တုကဏ္ဍ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၁၀) ကြိမ်မြောက် အာဆီယံ+ ၃ သတ္တုကဏ္ဍ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့် ယခုအစည်းအဝေးဖြစ်သော (၆)ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍ ဝန်ကြီး အဆင့် အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း၊ သယံဇာတအရင်းအမြစ်များကို စီမံခန့်ခွဲရာတွင် စနစ်တကျ အကျိုးရှိအောင် စီမံခန့်ခွဲရန် လိုအပ်ကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကိုလည်း သဟဇာတဖြစ်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ပတ်သက်မှုကလည်း အရေးကြီးကြောင်းကို တိုက်တွန်းပြောကြားလိုကြောင်း၊ ဤအစည်းအဝေးမှ အာဆီယံသတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး AMCAP-III, Phase-1 (2016-2020) ဒုတိယအကြိမ်အတွက် အာဆီယံသတ္တုကဏ္ဍကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ သတ္တုကဏ္ဍ သတင်းအချက်အလက်များ ဖလှယ်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံသတ္တုလုပ်ငန်းရှင်အသင်းချုပ်ဥက္ကဋ္ဌ ဘူမိသိပ္ပံ ဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် (၆)ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍ ဝန်ကြီးအဆင့် အစည်းအဝေးအား ဆက်လက် ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူငယ် ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်မှာ ပါဝင်ဆင်နွှဲမယ့် မြန်မာလူငယ်များ

**ဝင့်ထန်း**

**ကမ္ဘာကျော် တိုင်းမ်မဂ္ဂဇင်းကြီးက အာရှတစ်လွှားက လူငယ်တွေကို ကျားပေါက်လေးတွေ (Tiger Cubs) လို့ တင်စားခေါ်ဝေါ်ပါတယ်။ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့က နှစ်စဉ်တိုင်း အာရှကျားပေါက်လေးတွေကို 'အာရှအနာဂတ်၊ အာရှစိန်ခေါ်မှု စတဲ့' ခေါင်းစဉ်တွေနဲ့ အက်ဆေး ဖိတ်ခေါ်ရေးခိုင်းပါတယ်။ နောင်လာမယ့် နှစ် ၂၀၊ ၃၀၊ ၄၀ အတွင်း အာရှဒေသ ကြုံတွေ့ရမယ့် အကြီးဆုံးပြဿနာတွေနဲ့ စိန်ခေါ်မှုတွေက ဘာဖြစ်လိမ့်မလဲ၊ ဘယ်လိုဖြေရှင်းကြမလဲ၊ အာရှရဲ့လားရာက ဘယ်လဲ စသဖြင့်ပါ။ အပြိုင်အဆိုင် ရေးသားလာတဲ့ အက်ဆေးတွေကို ရွေးထုတ်ပြီး တိုင်းမ်မဂ္ဂဇင်းမှာ ဖော်ပြလေ့ရှိပါတယ်။**

အာရှကျားပေါက်တွေ ရေးထားတဲ့ အက်ဆေးတွေက ခေတ်မီပညာရေး၊ ဝင်ငွေမညီမျှမှု၊ လူဦးရေပြဿနာ၊ အိုးအိမ်ရွှေ့ပြောင်းပြဿနာ၊ အစိုးရတွေရဲ့ အုပ်ချုပ်ရေးညံ့ဖျင်းမှု၊ အဂတိ လိုက်စားမှု၊ ပထဝီနိုင်ငံရေး၊ ယဉ်ကျေးမှု၊ မျိုးဆက်ကွာဟမှု၊ အာရှတန်ဖိုး၊ ကမ္ဘာလုံးချီစီးပွားရေး၊ ဒစ်ဂျစ်တယ်နည်းပညာ၊ အလုပ်အကိုင်ပြဿနာ၊ သဘာဝဘေးအန္တရာယ် စတဲ့ အကြောင်းအရာ အစုံအလင်ပါပဲ။ အမေရိကန်နဲ့ ဥရောပသားတွေက အာရှနိုင်ငံတွေရဲ့ အံ့မခန်းတိုးတက်လာမှုအပေါ် စိတ်ဝင်စားမှု ကဲနေချိန်မှာ၊ အာရှကျားပေါက်လေးတွေက သူတို့လူ့အဖွဲ့အစည်းကို စိတ်ပျက်ညည်းတွားကြတယ်၊ သို့သော် မျှော်လင့်ချက် ကြီးကြီးထားကြပြီး သူတို့လူ့အဖွဲ့အစည်းကို သူတို့ကိုယ်တိုင် ဖန်တီးတည်ဆောက်ဖို့ လိုနေပြီဆိုတဲ့အကြောင်းကို သူတို့ အက်ဆေးတွေမှာ ဖော်ပြထားပါတယ်။

အာရှကျားပေါက်တွေရေးတဲ့ အက်ဆေးတွေကို ကြည့်ရင် အာရှဒေသမှာ မျိုးဆက်အလိုက် အတွေးအမြင်တွေ သိသိသာသာ ပြောင်းနေတယ်လို့ အယ်ဒီတာအဖွဲ့က သုံးသပ်ပါတယ်။ အထူးသဖြင့် အာရှတိုင်းပြည်တွေမှာ သူတို့ အဘိုးအဘွားတွေက တော်လှန်ရေး၊ လွတ်လပ်ရေး၊ ပြည်တွင်းစစ်၊ ကိုလိုနီဆိုးမွေနဲ့ ဆင်းရဲမွဲတေမှုတို့ကို အသက်ပေးရုန်းကန်ပေးခဲ့ကြပါတယ်။ နောက် သူတို့ မိဘတွေ အလှည့်ရောက်တော့ သားသမီးတွေ လူတန်းစေ့ နေနိုင်ရေး၊ ပညာတတ်ဖြစ်ရေးအတွက် လူရုပ်မပေါ်အောင် အပြင်းအထန် ကုန်းရုန်းကြတယ်။ ယနေ့ အာရှရဲ့ ထူးခြားတဲ့ 'အံ့မခန်း စီးပွားရေးပဥ္စလက်' က အဲဒီ အဘိုးအဘွားတွေနဲ့ မိဘတွေရဲ့ဦးနှောက်နဲ့ ကြွက်သားတွေကနေ ပေါ်ထွက်လာခဲ့တယ်။ ရှေ့မျိုးဆက်နှစ်ဆက်ရဲ့ပြင်းပြတဲ့ စိတ်ဓာတ်၊ သွေး၊ ချွေးတို့နဲ့ ဓားတောင်နဲ့ မီးပင်လယ်ပြင်တွေ ဖြတ်သန်းပြီး နောက်မျိုးဆက်အတွက် အနစ်နာခံမှုဟာ မတွေးဝံ့စရာလို့ ရေးသားကြပါတယ်။

သို့သော် ကျားပေါက်တွေ ရှေ့မျိုးဆက်နှစ်ခုကို ဝေဖန်သုံးသပ်ရင်း လက်ငင်းပြဿနာတွေနဲ့ ချိန်ထိုးပါတယ်။ အာရှတိုင်းပြည်အများစုက ရှေ့မျိုးဆက်တွေဟာ မိမိတိုင်းပြည်ရဲ့နိုင်ငံရေး၊ စီးပွားရေး ပြဿနာတွေကိုသာ ဂရုစိုက်ခဲ့ပြီး အာရှဒေသတစ်ခုလုံး အရေးကို စဉ်းစားတာမျိုး အားနည်းတယ်လို့ ထောက်ပြပါတယ်။ သူတို့ အက်ဆေးတွေမှာ အာရှနိုင်ငံတွေရဲ့ ဒေသစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှု၊ လူဝင်မှုကြီးကြပ်ရေး၊ ရွှေ့ပြောင်းအလုပ်သမား၊ ငွေကြေးပြဿနာ စတဲ့ စိန်ခေါ်မှုတွေကို လက်ရှိ ခေါင်းဆောင်တွေက ခေါင်းကြီးကြီးနဲ့ စဉ်းစားဖို့ကို အကြံပြုပါတယ်။ အထူးသဖြင့် သူတို့အနေနဲ့ ဒေသတစ်ခုလုံးနဲ့ ဆိုင်တဲ့ စီမံကိန်းကြီးကြီးတွေ လုပ်ချင်ကြောင်း၊ အိပ်မက်ကြီးကြီးတွေ ရှိနေကြောင်း ဖော်ပြပါတယ်။

**"၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၃၀ အောက် မြန်မာလူဦးရေဟာ ၅၀ ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံအတွက် အလားအလာ အကောင်းဆုံး အခွင့်အလမ်းလို့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ နိုင်ငံတကာ အစီရင်ခံစာ တော်တော်များများမှာ ဖော်ပြပါတယ်။ ဒီလူငယ်ထုကြီးဟာ မြန်မာနိုင်ငံ အနာဂတ်ကို ရှေ့မှာ ပုံဖော်ပေးမယ့် မြန်မာ့ကျားပေါက်တွေပါပဲ"**

အာရှကျားပေါက်တွေဟာ လူမှုမီဒီယာလိုင်းတွေကို အလျှံအပယ် စီးနေသူတွေဖြစ်လို့ သူတို့ မျှော်လင့်ချက်တွေကလည်း ပိုကျယ်ပြန့်လာပါတယ်။ အရင်မျိုးဆက်တွေနဲ့ မတူတာက သူတို့ဟာ အစိုးရရဲ့ လုပ်ကိုင်နိုင်မှုစွမ်းအားကို ယုံကြည်လာတယ်။ အစိုးရကို မယုံကြည် ဝေဖန်ပြစ်တင်နေမယ့်အစား သူတို့ကိုယ်တိုင် အစိုးရအဖွဲ့အစည်းတွေမှာ ပါဝင်လာပါတယ်။ အစိုးရအင်စတီကျူးရှင်းတွေကို အမြစ်ကဖြိုလှန်ပစ်ဖို့ထက်၊ အုပ်ချုပ်ရေးယန္တရား သွက်လက် ချောမောလာအောင် သူတို့ကိုယ်တိုင် ဆောင်ရွက်လိုကြတယ်။ နိုင်ငံတကာ အဖွဲ့အစည်းတွေကို လက်ခံလာတယ်။ သူတို့ အသိပညာစွမ်းအားတွေနဲ့ အာရှဒေသကြီး ပိုပြီးတိုးတက်နိုင်မယ်လို့ ယုံကြည်နေကြပါတယ်။

**မြန်မာကျားပေါက်များနှင့် ဘက်စုံပွဲတော်**

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၃၀ အောက် မြန်မာလူဦးရေဟာ ၅၀ ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံး အခွင့်အလမ်းလို့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ နိုင်ငံတကာ အစီရင်ခံစာ တော်တော်များများမှာ ဖော်ပြပါတယ်။ ဒီလူငယ်ထုကြီးဟာ မြန်မာနိုင်ငံ အနာဂတ်ကို ရှေ့မှာပုံဖော်ပေးမယ့် မြန်မာ့ကျားပေါက်တွေပါပဲ။ သို့သော် သူတို့တွေမှာ ပညာရေး၊ အလုပ်အကိုင်၊ နိုင်ငံကြီးသားစိတ် စတဲ့စိန်ခေါ်မှု အလွန်များပြားစွာ ရှိနေပါတယ်။ လူမှုမီဒီယာ လိုင်းကို စီးနေပေမယ့် နိုင်ငံတကာမှာ ဝင်ဆံ့အောင်၊ အာရှကျားပေါက်တွေနဲ့ ယှဉ်နိုင်အောင် အသေအလဲရုန်းကြဦးမယ့် အခြေအနေတွေ ရှိနေပါတယ်။ တိုက်ပွဲထွက်ဖို့ လက်နက် ကိရိယာ အပြည့်အစုံ တပ်ဆင်ရသလို၊ အာရှဒေသကွင်းပြင်မှာ အပြိုင်ကြဲနိုင်ဖို့ ပညာရေးဆိုင်ရာ equipment မျိုးစုံ တပ်ဆင်ကြရပါဦးမယ်။

လက်ရှိ ဒီမိုကရေစီအစိုးရက မြန်မာလူငယ်ကျားပေါက်တွေကို ပညာရပ်ကိရိယာမျိုးစုံ တပ်ဆင်ပေးလိုပါတယ်။ သို့သော် လူငယ်တွေဟာ သူတို့လိုအပ်ချက်ကို သူတို့သာ အသိဆုံးဖြစ်ပါတယ်။ သူတို့ချင်း အပြုသဘောဆောင် ဆွေးနွေးကြ အမြင်ဖလှယ်ကြလိမ့်မယ်။ ဒီအတွက် အစိုးရပိုင်းက လူငယ်တွေကို တံခါးဖွင့်ပေးပြီး လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကို ကျင်းပပေးနေတာ ကြားရလို့ အတိုင်းမသိ ဝမ်းသာရပါတယ်။ ၂၀၁၇ ခုနှစ်ဟာ ဒီမိုကရေစီအစိုးရသစ်အတွက် အပြောင်းအလဲတွေ၊ အလှုပ်အခတ်တွေ၊ စိန်ခေါ်မှုတွေ များတဲ့နှစ်ပါပဲ။ ဒါက စနစ်တစ်ခုကနေ စနစ်တစ်ခုကို ပြောင်းလဲကျင့်သုံးဖို့ လုပ်တဲ့အခါတိုင်း၊ နိုင်ငံတိုင်း၊ အစိုးရတိုင်း တွေ့ကြုံရတဲ့အခက်အခဲ စိန်ခေါ်မှုတွေပါ။ သို့သော် လက်ရှိအစိုးရအနေနဲ့ ဘယ်လောက် အခက်အခဲရှိရှိ တိုင်းပြည်တိုးတက်ကောင်းမွန်ဖို့ အနာဂတ်ကို ရှေးရှုဆောင်ရွက်နေတယ်ဆိုတာ ယခုကျင်းပမယ့် လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်က သက်သေပြနေပါတယ်။

ကုန်ဆုံးတော့မယ့် ၂၀၁၇ နှစ်ရဲ့နောက်ဆုံးလမှာ လူငယ်ပွဲတော်ကို ကျင်းပတာဟာ လာမယ့်နှစ်သစ်တွေအတွက် တိုင်းပြည်ရဲ့ အားမာန်သစ်တွေ၊ စိတ်ဓာတ်ခွန်အားသစ်တွေ၊ နှပျိုလန်းဆန်းမှုတွေကို ပြသရာရောက်ပါတယ်။ ရန်ကုန်တက္ကသိုလ်နဲ့ စီးပွားရေးတက္ကသိုလ်မှာ ဒီဇင်ဘာလ ၁ ရက်နေ့ကနေ ၃ ရက်နေ့အထိ ကျင်းပမယ့် လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ဟာ ပထမဆုံးအကြိမ် ဝန်ကြီးဌာန ငါးခု ပူးပေါင်းဆောင်ရွက်တာမို့ မြန်မာ့သမိုင်းမှာ အလွန်ထူးခြားနေပါတယ်။ ဒီမိုကရေစီအစိုးရ အနေနဲ့လည်း လူငယ်တွေအပေါ် ဘယ်လောက်အားထား မျှော်လင့်တယ်ဆိုတာကို ဖော်ပြနေပါတယ်။ ။

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၃၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**




# လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၊ ၂၊ ၃)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ)

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပနိုင်ရေးအတွက် ပြခန်းများ ကြိုတင်ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

သတင်းစဉ်

❄ *ကျောဖုံးမှ*

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဧည့်ခန်းမ၌ Deutsche Welle Akademie (DW) မှ ဌာနေကိုယ်စားလှယ် Ms. Isabella Kurkowski နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ၂၀၁၈ ခုနှစ် ဇူလိုင်လ နောက်ပိုင်းတွင် စာချုပ်သက်တမ်းပြည့်မည့် DW သတင်းဌာနနှင့် ၂၀၁၈-၂၀၂၀ ခုနှစ်အထိ ဆက်လက်သက်တမ်းတိုးမြှင့်ရေး၊ DW သတင်းဌာနတွင် MRTV နှင့် အွန်လိုင်းမီဒီယာသတင်းဌာနများ တိုးချဲ့ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားရုပ်သံမီဒီယာများနှင့်လည်း အွန်လိုင်းမှတစ်ဆင့် သတင်းချိတ်ဆက်ရယူရေး၊ ရန်ကုန်နှင့် နေပြည်တော်တွင် အွန်လိုင်းမီဒီယာသတင်းဌာနများ ထားရှိပြီးပါက ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများကို လုပ်ငန်းခွင်စွမ်းရည် တိုးတက်စေရန် သင်တန်းများပို့ချရေး၊ ဒစ်ဂျစ်တယ်လိုင်းအတွက် ဈေးကွက်သုတေသနထားရှိမည့်အပြင် အဆိုပါဌာန၌ ပရိသတ်ဖျော်ဖြေတင်ဆက်မှုများကို စစ်တမ်းကောက်ယူရေး၊ သတင်းအချက်အလက်များ သိမ်းဆည်းထားရေး အစရှိသည့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ်၌ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ခင်းကျင်းပြသထားသည့် ပြခန်းများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေးလုပ်ငန်းဆိုင်ရာများနှင့် ပြခန်းများ ပြင်ဆင်နေမှုများကိုလှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**

## လူငယ် ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်သို့

❖ လူငယ်ဟူသည်၊
ပြည်သူပြည်သား၊ မိဘများ၏
သွေးသားရင်းချာ၊ ရတနာတည့်။

❖ ရတနာများ၊ ရှိပါငြားလည်း
ပေါက်ဖွားရှင်သန်၊ နည်းအမှန်က
မဟန်နိမ့်ကျ၊ စာရိတ္တနှင့်
ဘဝတက်လမ်း၊ မရည်မှန်းဘဲ
လမ်း၌သူပျော်၊ ပညာချော်၍
နောင်သော် လူညံ့ဖြစ်လေ၏။

❖ မ-တစ်ရာသား၊ လူညံ့များဖြင့်
တိုင်းကားပြည်ကျိုး၊ မသယ်ပိုးနိုင်
သူခိုးလည်းပေါ၊ လူဆိုးပေါ၍
အတောမသတ်၊ ဆင်းရဲတတ်၏။

❖ လူငယ်လူရွယ်၊ ကလေးငယ်သည်
နောင်ဝယ်လူကြီး၊ ဖြစ်တုံပြီးသော်
လူကြီးတာဝန်၊ သူကျေပွန်အောင်
ကောင်းမွန်တတ်သိ၊ ပညာရှိမှ
ကဝိတို့ထုံး၊ ကျင့်ကြံသုံး၍
နှလုံးအေးချမ်း၊ ပြည်တစ်ဝန်းကို
ငြိမ်းချမ်းစေနိုင်ပေလိမ့်မည်။

❖ လူငယ်ဘဝ၊ နည်းမှန်ကျအောင်
ဗလငါးတန်၊ ဖွံ့ဖြိုးရန်သည်
ကေန်အဓိက၊ လိုအပ်လှ၏။

❖ ခေတ်မီပညာ၊ အဖြာဖြာနှင့်
အလွှာပေါင်းစုံ၊ လူငယ်စုံတို့
လုံးစုံတတ်ကြောင်း၊ စုကာပေါင်း၍
ကောင်းသည့်နည်းမှန်၊တို့ရှာကြံအံ့
ရည်သန်စိတ်ထား၊ နှလုံးသားဖြင့်
တို့များပွဲတော်၊ နွှဲကာပျော်မည်
နောင်တော်ညီတို့ ဆုံကြစို့။ ။

**ပန်းတောင်းသန်းကြွယ်**

## ကျန်းမာရေးဆိုင်ရာ လုံခြုံစိတ်ချမှုရှိရေး ကွင်းဆင်းစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၃၀**

ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းမရှိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျောင်းသား ကျောင်းသူများ အစားအသောက် လုံခြုံစိတ်ချမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမင်းဝန်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီမှ စတင်ကာ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ စားသောက်ဆိုင်များကို ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။



ထိုသို့ စစ်ဆေးရာတွင် ဆိုင်ပိုင်ရှင်များအား ရောင်းချသော အစားအစာများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် ဆွေးနွေးပညာပေးခြင်း၊ အစားအစာများနှင့် ချက်ပြုတ်ရာတွင် အသုံးပြုသော ကုန်ကြမ်းနမူနာများ ရယူကာ မိုဘိုင်းဓာတ်ခွဲခန်းမော်တော်ယာဉ်တွင် စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ တောင်ငူဆောင်၊ အင်းဝဆောင်နှင့် မာလာဆောင် စားသောက်ဆိုင်တန်းရှိ စုစုပေါင်း ဆိုင် ၂၉ ဆိုင်အား စစ်ဆေးခဲ့ကြပြီး တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်ရှိ ကျောင်းများတွင်လည်း အလားတူ ကွင်းဆင်းစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်သော်**

## လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများက ရှင်းလင်းဟောပြောမည်

**ရန်ကုန် နိုဝင်ဘာ ၃၀**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ရန်ကုန်တက္ကသိုလ် ဘာသာရပ်ဌာန ၂၁ ခုမှ ပြခန်းများ ပါဝင်မည်ဖြစ်ပြီး ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများက ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ပြခန်းအသီးသီးတွင် ရှင်းလင်းဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

လူငယ်ထုအတွင်း ဘာသာရပ်ဆိုင်ရာ ဗဟုသုတရရှိနိုင်ရေး၊ ဘာသာရပ်ဆိုင်ရာပြန့်ပွားရေး၊ မိမိစိတ်ဝင်စားရာ ဘာသာရပ်များ လေ့လာနိုင်ရေးတို့ကို ရည်ရွယ်ကြောင်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဖိုးကောင်းက ပြောသည်။

ပြခန်းများတွင် သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ ပါမောက္ခများနှင့် ဘာသာရပ်ဆိုင်ရာ အထူးပြုလေ့လာနေသော ကျောင်းသား ကျောင်းသူများက ဆွေးနွေးပြောကြားသွားမည်ဖြစ်သည်။

အထူးအစီအစဉ်အနေဖြင့် စိတ်ပညာဘာသာရပ်ပြခန်းတွင် Psychology Clinic ဖွင့်ထားပြီး Counseling နှင့် IQ/EQ test စစ်ဆေးခြင်းများကိုလည်း အခမဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဖြူမြို့၌ ကလေးစာပေပွဲတော် ပျော်ရွှင်စွာကျင်းပ

**ကျောက်ဖြူ နိုဝင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကျောက်ဖြူခရိုင်မှ ကြီးမှူးကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားကို ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဘက်စုံထူးချွန်ကျောင်းသားတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောက်ဖြူခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနား တက်ရောက်လာသူများနှင့်အတူ ခန်းမအတွင်း ပြသထားသော စာအုပ်ပြခန်း၊ ကလေးစာဖတ်ခန်း၊ စာအုပ်အရောင်းဆိုင်၊ ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပနေမှုများကို လှည့်လည်ရှုခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ဟောပြောဆွေးနွေးသွားမည့် ရန်ကုန်တက္ကသိုလ်ပါမောက္ခများ၏ စကားသံများ

**အင်တာဗျူး - နန္ဒာဝင်း၊ သန့်ဇင်ဝင်း**

**ဒီဇင်ဘာလ ၁ ရက်နေ့သည် ရန်ကုန်တက္ကသိုလ်၏ မွေးနေ့ဖြစ်ပြီး ထိုနေ့နှင့် တိုက်ဆိုင်စွာ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ရန်ကုန်တက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပသွားမည်ဖြစ်သည်။**

**မြန်မာလူငယ်များအချင်းချင်း အသိပညာ၊ အတတ်ပညာဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ မျှဝေနိုင်ရန်နှင့် အနာဂတ် လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် အကောင်အထည်ဖော်တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်များနှင့်အညီ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။**

**ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ပွဲတော်ကာလ သုံးရက်အတွင်း စာပေဆိုင်ရာ လှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာ လှုပ်ရှားမှုများ၊ အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ IT နှင့် သိပ္ပံနည်းပညာဆိုင်ရာ လှုပ်ရှားမှုများ ပါဝင်မည်ဖြစ်ပြီး စာအုပ်ဈေးရောင်းပွဲတော်များ၊ လူငယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များ၊ ဆွေးနွေးပွဲများ၊ အဆို၊ အက၊ အတီးများဖြင့် ဖျော်ဖြေမှုများပါဝင်မည်ဖြစ်သည်။**

**ထို့ပြင် ရန်ကုန်တက္ကသိုလ်ဘာသာရပ်ဌာန ၂၁ ခုမှ ပြခန်းများပါဝင်မည်ဖြစ်ပြီး ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများက ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ပြခန်းအသီးသီးတွင် ရှင်းလင်းဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါဘာသာရပ်ဆိုင်ရာ ပါမောက္ခများကို မြန်မာ့သတင်းစဉ်က ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒေါက်တာဖိုးကောင်း (ပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ်)**

ရန်ကုန်တက္ကသိုလ်က ဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ်ဖြစ်ပါတယ်။ သိပ္ပံဘာသာရပ်အနေနဲ့ အခြေခံသိပ္ပံအပြင် အသုံးချသိပ္ပံဘာသာတွေလည်း ရှိပါတယ်။ သိပ္ပံဘာသာရပ် စုစုပေါင်း ဌာန ရှစ်ခုရှိပါတယ်။ ဝိဇ္ဇာဘာသာရပ်အနေနဲ့ လူမှုရေးသိပ္ပံနဲ့ လူမှုဗေဒကို သင်ကြားပေးနေတဲ့ ဌာနပေါင်း ၁၃ ခု ရှိတဲ့အတွက် ရန်ကုန်တက္ကသိုလ်မှာ စုစုပေါင်းဘာသာရပ် ၂၁ ခု ရှိပါတယ်။

ဘာသာရပ်ဆိုင်ရာ ပညာရှင်တွေက ဒီပွဲတော်မှာ ဘာသာရပ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံနဲ့ လူမှုပတ်ဝန်းကျင်ကို ချက်ဟာ ယဉ်ကျေးမှုမတူတဲ့သူတွေ တစ်ယောက်နဲ့တစ်ယောက် အကြောင်းကိုနားလည်ပြီး စည်းလုံးညီညွတ်မှု တည်ဆောက်ပေးနိုင်တာ ဖြစ်ပါတယ်။

ဘွဲ့ရပြီးသူအများစုက ပညာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ပြန်လည်အလုပ်ဝင်လို့ရပါတယ်။ အချို့ဆို ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေ တည်ထောင်လုပ်ကိုင်နေကြတယ်။ မနုဿဗေဒရဲ့ အသိပညာကို အသုံးချပြီး လူမှုဆက်ဆံရေးနယ်ပယ်မှာ ထိထိရောက်ရောက်လုပ်နိုင်တယ်။ ခေါင်းဆောင်မှုနယ်ပယ်တွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်မယ်။ လူတွေအကြောင်းကို ရှုထောင့်မျိုးစုံက လေ့လာတဲ့ ဘာသာရပ်ဖြစ်တဲ့အတွက် ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာ ချထားရေးလုပ်ငန်းတွေ၊ ကလေးသူငယ်ဆိုတဲ့နေရာမှာ တက္ကသိုလ်ဘာသာရပ်တွေရှိသလို၊ ရန်ကုန်တက္ကသိုလ်ရဲ့ လူ့စွမ်းအားအရင်းအမြစ်ဌာနအနေနဲ့ လုပ်တဲ့အစီအစဉ်တွေလည်း ရှိပါတယ်။ မြန်မာစာဘာသာရပ်မှာ ကျွန်မတို့က ဘာသာရပ်တိုင်းမှာ မသင်မနေရအနေနဲ့ မြန်မာစာဟာ ပထမနှစ်တွင် မေဂျာဘာသာရပ်အားလုံးမှာ လိုက်ပြီး သင်ပေးတာရှိသလို၊ မြန်မာစာအထူးပြု ကျောင်းသားတွေကို သင်ကြားပေးတာလည်း ရှိပါတယ်။ လူ့စွမ်းအားအရင်းအမြစ်အစီအစဉ်နဲ့ သင်ကြားတဲ့ အစီအစဉ်က နှစ်ခုရှိပါတယ်။ ပထမတစ်ခုကတော့ နိုင်ငံခြားသားတွေကို မြန်မာစာသင်ပေးတာပါ။ နောက် စာပေဖတ်နည်းနဲ့ စာပေတည်းဖြတ်ဆိုတဲ့ Editorial Course သင်တန်းတစ်ခုလည်း ရှိပါတယ်။ အဲဒီသင်တန်းကတော့ လူ့စွမ်းအားအရင်းအမြစ်လက်အောက်


ဒေါက်တာဖိုးကောင်း


ဒေါက်တာဒေါ်နွဲ့နွဲ့ရီ


ဒေါက်တာမြမြခင်


ဒေါက်တာလှဲ့လှဲ့ဝင်း


ဒေါက်တာညိမ်းညိမ်း


ဒေါက်တာစိုးမြမြအေး

အထောက်အကူပြုမှုတွေကို အသီးသီးဆွေးနွေးကြမှာ ဖြစ်ပါတယ်။

အဓိပတိလမ်းတစ်လျှောက် သက်ဆိုင်ရာပြခန်းတွေမှာ ပညာရှင်တွေ၊ ဘာသာရပ်ကို လေ့လာနေတဲ့ ကျောင်းသားကျောင်းသူတွေကပါ ပါဝင်ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ လူငယ်တွေ စိတ်ပါဝင်စားသူတွေက မေးချင်တာ မေးပြီး၊ သူတို့ကို ပြန်လည်ရှင်းပြဖြေကြားကြမှာ ဖြစ်ပါတယ်။

လူငယ်တွေအနေနဲ့ ရန်ကုန်တက္ကသိုလ်အကြောင်း၊ သင်ကြားနေတဲ့ ဘာသာရပ်တွေအကြောင်း၊ လူငယ်တွေ စိတ်ဝင်စား လေ့လာချင်တဲ့အကြောင်းအရာတွေကို သိရှိရမှာ ဖြစ်ပါတယ်။

**ဒေါက်တာ နွဲ့နွဲ့ရီ**

**(ပါမောက္ခဌာနမှူး၊ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာန)**

အရှေ့တိုင်းပညာနဲ့ ဘွဲ့ရသွားပြီဆိုရင် လူငယ်တွေ သူတို့ဘဝ ရှင်သန်နေထိုင်မှုအပိုင်းမှာ ပြန်ပြီးအသုံးချလို့ရပါတယ်။ အဓိကအားဖြင့် ဌာနမှာပြန်ပြီး ဆရာလုပ်ကြတာ များပါတယ်။ နောက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှာလည်း အလုပ်ဝင်ကြတာ ရှိပါတယ်။ အခုနှစ်မှာ တက္ကသိုလ်ဝင်တန်း ရမှတ် ၃၈၀ နဲ့ အင်္ဂလိပ်စာ အမှတ် ၆၅ မှတ်နဲ့ ခေါ်ပါတယ်။ အရှေ့တိုင်းပညာဘာသာရပ်က နိုင်ငံအကျိုးပြုသာမက လူသားတွေအတွက်လည်း အကျိုးပြုတဲ့ဘာသာရပ်ဖြစ်တဲ့အတွက် လေ့လာဆည်းပူးသင့်ပါတယ်။ ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီးတော့လည်း ပြည့်ပြည့်စုံစုံ သိရှိနိုင်မှာ ဖြစ်ပါတယ်။

**ဒေါက်တာ မြမြခင်**

**(ပါမောက္ခဌာနမှူး၊ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်မတို့ဘာသာရပ်က လူတွေအကြောင်းကို သိပ္ပံနည်းကျ ရှုထောင့်ပေါင်းစုံက လေ့လာတဲ့ ဘာသာရပ်ဖြစ်ပါတယ်။ ရုပ်ပိုင်း မနုဿဗေဒနဲ့ ယဉ်ကျေးမှုမနုဿဗေဒဆိုပြီး နှစ်ပိုင်းခွဲထားပါတယ်။ ရုပ်ပိုင်းမနုဿဗေဒမှာ လူရဲ့ ဆင့်ကဲပြောင်းလဲဖြစ်စဉ်နဲ့ လူမျိုးတွေ ကွဲပြားခြားနားတဲ့အကြောင်းရင်းတွေကို လေ့လာသင်ကြားပေးတာ ဖြစ်ပါတယ်။ ယဉ်ကျေးမှု မနုဿဗေဒမှာ လက်ရှိရှိနေတဲ့ တိုင်းရင်းသားတွေအကြောင်း၊ မတူကွဲပြားတဲ့ ယဉ်ကျေးမှုတွေ၊ လေ့လာပြီး ပြန်လည်ဖော်ထုတ်တင်ပြပေးတာ ဖြစ်ပါတယ်။ ရည်ရွယ်အသိပညာပေးရေးလုပ်ငန်းတွေမှာ ပြန်အသုံးချလို့ရပါတယ်။

**ဒေါက်တာလှဲ့လှဲ့ဝင်း**

**(ရန်ကုန်တက္ကသိုလ်ဒဿနိကဗေဒဌာန၊ ပါမောက္ခဌာနမှူး)**

ကျွန်မတို့ဌာနအနေနဲ့ ဒဿနိကဗေဒ (Philosophy) လို့ လူသိများတဲ့ ဘာသာရပ်တွေအပြင် Social Science ဘာသာရပ်တွေဖြစ်တဲ့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ပထဝီနဲ့ Political Science ဘာသာရပ်တွေမှာလည်း အထောက်အကူပြုဘာသာရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပေးနေပါတယ်။ ဒဿနိကဗေဒဘာသာရပ်ကို တက်ရောက်ခွင့်ရဖို့ တက္ကသိုလ်ဝင်ခွင့် ရမှတ် ၃၈၀ နဲ့ အင်္ဂလိပ်စာရမှတ် အနိမ့်ဆုံး ၆၀ လို့ သတ်မှတ်ထားပြီး ကျောင်းသား ၅၀ ထိ လက်ခံပါမယ်။ ဘွဲ့အနေနဲ့ ဝိဇ္ဇာဘွဲ့(စိတ်ပညာ)၊ ဝိဇ္ဇာဂုဏ်ထူးတန်း (စိတ်ပညာ)၊ မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့တွေ ပေးအပ်နေပါတယ်။ ကျွန်မတို့ဘာသာရပ်က အဓိကအားဖြင့် အတွေးအခေါ်ရင့်ကျက်ဖို့ ယုတ္တိနည်းကျ တွေးခေါ်ဆင်ခြင်တတ်ဖို့တွေကို သင်ကြားပေးပါတယ်။ ဒါတွေက ၂၁ ရာစုပညာရေးစနစ်၊ အထူးသဖြင့် အဆင့်မြင့်ပညာရေးမှာ လိုအပ်နေတဲ့ Critical Thinking Skill က ဖလော်ဆော်ဖီ ဘာသာရပ်ခွဲတစ်ခုပါ။ နောက်ပြီး Dicision Making Skill လို့ အပြောများကြတယ်၊ အဲဒီမှာလည်း Logical Thinking က အလွန်အရေးကြီးပါတယ်။ မြန်မာနိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက်ကြောင့် ဒီဘာသာရပ်ရဲ့ အသုံးချလို့ရတဲ့ တန်ဖိုးကို သိပ်နားမလည်ကြပါဘူး။ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်တဲ့ အထူးသဖြင့် အမေရိကန်နိုင်ငံမျိုးမှာ တက္ကသိုလ်ပညာရေးမတိုင်ခင်မှာဘဲ မယူမနေရဘာသာရပ် တစ်ခုဖြစ်တယ်။ မြန်မာနိုင်ငံမှာ အဲ့ဒီလို အသိပညာတွေဖွံ့ဖြိုးလာအောင် လုပ်ဆောင်ဖို့ လိုပါတယ်။ လူငယ်တွေကို ကျွန်မတို့မေဂျာက အမြဲလက်ကမ်းကြိုဆိုပါတယ်။ ဖလော်ဆော်ဖီမေဂျာကို တတ်မြောက်သွားပြီးရင် တခြားဘာသာရပ် ဒီပလိုမာတွေ၊ ဘွဲ့လွန်တွေ ဆက်တက်ပြီး ပေါင်းကူးသွားမယ်ဆိုရင် အမေရိကန်နဲ့ ဥရောပနိုင်ငံတွေက ပညာရေးစနစ်တွေလို အထောက်အကူပြုတဲ့ ဘာသာရပ်တစ်ခုဖြစ်ပါတယ်။

**ဒေါက်တာညိမ်းညိမ်း(ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်မတို့အနေနဲ့ကတော့ မြန်မာစာဘာသာရပ်ကို သင်ကြားပေးနေတာ ဖြစ်ပါတယ်။ မြန်မာစာဘာသာရပ်


ဒေါက်တာချိုချိုဦး


ဒေါက်တာခင်မာရီ


ဒေါက်တာမိုမိုသန့်

က ဖွင့်တဲ့သင်တန်းဖြစ်လို့ နံနက် ၇ နာရီခွဲကနေ ၉ နာရီခွဲအထိ သင်ကြားပါတယ်။ ကျန်တာကတော့ နေ့ခင်းပိုင်း အစီအစဉ်ကတော့ တခြားမေဂျာတွေကို သင်ကြားသလိုပဲ နံနက် ၉ နာရီကနေ ညနေ ၃နာရီ ၄နာရီ စသည်ဖြင့် သင်ကြားပေးတာရှိပါတယ်။

ထူးချွန်ကျောင်းသားတွေအနေနဲ့ မြန်မာစာရွေးချယ်ပြီးတော့ တက်ကြတဲ့ သင်တန်းသားတွေရှိပါတယ်။ မြန်မာစာဘာသာရပ်ကို အထူးပြုပြီးတော့ ဝင်လာတဲ့ သင်တန်းသားတွေရှိပါတယ်။ ထူးခြားတာက လူ့စွမ်းအားအရင်းအမြစ်သင်တန်းကတော့ ပြင်ပမှာလည်း အလုပ်လုပ်နေကြတဲ့ အခုလို မီဒီယာလုပ်ငန်းက လူတွေ၊ စာပေနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့သူတွေ လာတက်တာကလည်း ထူးခြားချက်တစ်ရပ်ဖြစ်ပါတယ်။ အဲဒီလိုတက်မယ်ဆိုရင် သူတို့က ဘွဲ့တစ်ခုရထားတဲ့သူမှ ဒီပလိုမာဘွဲ့အနေနဲ့ လာပြီးတက်နိုင်တာ ဖြစ်ပါတယ်။ နောက် ထူးခြားချက်တစ်ခုကတော့ မြန်မာနိုင်ငံအတွင်းမှာ လာပြီးတော့ အလုပ်လုပ်နေတဲ့ နိုင်ငံခြားသားတွေက မြန်မာဘာသာစကားသင်ကြားဖို့အတွက် ကျွန်မတို့သင်တန်းကို လာပြီး တက်တာ။ နောက်နေ့ခင်းပိုင်းမှာပဲ ကျွန်မတို့က MOU ထိုးထားတဲ့ တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံက တက္ကသိုလ်တွေကနေ လာပြီးတော့ မြန်မာစာဘာသာရပ်ကို သင်ကြားတာဖြစ်ပါတယ်။ သူတို့တွေက သူတို့တိုင်းပြည်မှာလည်း မြန်မာစာဘာသာရပ်နဲ့ အထူးပြုယူခဲ့တာ ဖြစ်ပါတယ်။

အဲဒီတော့ သူတို့တိုင်းပြည်ရဲ့ အစီအစဉ်အရ မြန်မာနိုင်ငံမှာ တစ်နှစ်လာပြီးတော့ စာသင်နှစ် တစ်နှစ်အတွင်းမှာ မြန်မာစာ၊ မြန်မာစကားကို သင်ကြားတာ ဖြစ်ပါတယ်။ ကျွန်မတို့မေဂျာမှာ နှစ်စဉ်အလိုက် ကျွန်မတို့က ပထမနှစ်ကနေ ကျောင်းသား ၁၀၀ လို့ သတ်မှတ်ထားပေမယ့် ၆၀ ဝင်တာရှိတယ်၊ ၅၀ ဝင်တာရှိတယ်။ သူတို့တွေက ပထမဘွဲ့ဆိုလျှင် ဝိဇ္ဇာဘွဲ့ပြီးမယ်၊ ဂုဏ်ထူးတန်းတက်တဲ့သူတွေ ရှိတယ်။ နောက်ကျတော့ မဟာဝိဇ္ဇာဘွဲ့၊ အရင်ကတော့ မဟာသုတေသနဘွဲ့ ရှိတယ်၊ ဒီနှစ်တော့ မဟာသုတေသနဘွဲ့ မရှိတော့ဘူး။ မဟာဝိဇ္ဇာပြီးသွားပြီဆိုလျှင် ပါရဂူတန်းကို တက်ရောက်ခွင့် ရှိပါတယ်။ ပါရဂူတန်းကို တက်မယ်ဆိုလျှင် ဝင်ခွင့်တွေဖြေပြီးတော့ သင်တန်းတက်တာမျိုး ရှိပါတယ်။

မြန်မာစာဘာသာရပ်ဟာ မြန်မာနိုင်ငံမှာ အဓိကဖြစ်တဲ့ ကျောင်းသုံး၊ ရုံးသုံး၊ ဘာသာစကားဖြစ်တဲ့ မြန်မာဘာသာစကားကို အသုံးပြုရမယ်။ မြန်မာဘာသာစကားကို နည်းစနစ်မှန်မှန်နဲ့ အသုံးပြုပြီးတော့ ပတ်ဝန်းကျင်မှာ မြန်မာနိုင်ငံအတွင်းမှာ စနစ်တကျ သုံးစွဲတတ်ဖို့လိုပါတယ်။ အဲဒီလို သုံးစွဲနိုင်အောင်လည်း ကျွန်မတို့ မြန်မာစာဌာနကနေပြီးတော့ သင်ကြားပေးနေတာလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မြန်မာဘာသာစကားသည် မြန်မာနိုင်ငံအတွက် အသက်သွေးကြောပမာဖြစ်တဲ့အတွက် ဒီဘာသာရပ်ကို ထိန်းသိမ်းစောင့်ရှောက် သင်ကြားပေးခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့ ဂုဏ်ကို မြှင့်တင်နိုင်မယ်လို့ ကျွန်မတို့ဘက်ကတော့ ယူဆပါတယ်။

**ဒေါက်တာစိုးမြမြအေး (ပါမောက္ခဌာနမှူး၊ ကွန်ပျူတာသိပ္ပံပညာဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်မတို့ဌာနက သင်ကြားပေးနေတာကတော့ ကွန်ပျူတာသိပ္ပံဘာသာရပ်ပါ။ ကျွန်မတို့ဌာနက ပေးနေတဲ့ ဘွဲ့ကတော့ B.Sc ဘွဲ့ပါ၊ B.Sc (Hons)၊ M.Sc နဲ့၊ Ph.D Computer Science ဘွဲ့များကိုလည်း ပေးအပ်လျက်ရှိပါတယ်။ အရင်နှစ်တွေကတော့ ကျောင်းသား ၅၀ ပဲ ခေါ်ပါတယ်။ ဒီနှစ်ကတော့ ဦးရေ ၁၀၀ ခေါ်ပါတယ်။ သတ်မှတ်ချက်ကတော့ စုစုပေါင်းအမှတ်ပေါင်း ၄၅၀ ရှိရပါမယ်။ သင်္ချာမှာ ဂုဏ်ထူးထွက်ရပါမယ်။ ကျောင်းသားတွေရဲ့ တက်ချင်တဲ့ ဆန္ဒကပိုပြီး များနေပါတယ်။ ဒီနှစ်မှာဆို ၁၀၀ ခေါ်တဲ့နေရာမှာ ကျွန်မတို့ဌာနကို ၁၂၀ ဝင်ထားပါတယ်။ ကျောင်းသားတွေ တက်ချင်တဲ့သူက များနေပါတယ်။ ကျောင်းလာအပ်တဲ့သူက ဘယ်နှယောက်ရှိမလဲဆိုတာ ဒီနှစ်မှာ သိရပါမယ်။ ကျွန်မတို့ဌာနကို ၂၀၀၄ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပါတယ်။ သက်တမ်းကဆို ၁၀ နှစ်ကျော်ကျော်ပဲ ရှိပါသေးတယ်။

*စာမျက်နှာ ၉ သို့*

# Open Government Data မူဝါဒရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

Open Government Data မူဝါဒ ရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။



ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ Personal Information Protection Commission မှ Senior Government Officer ဖြစ်သူ Mr. Joong-Yeoun HWANG က အမှာစကား ပြောကြားသည်။

အစိုးရ၏ ဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များအား ပြည်သူများမှ ကျယ်ပြန့်စွာနှင့် ထိရောက်စွာ အသုံးချနိုင်ရန်အတွက် အစိုးရဌာနများ၏ သတင်းအချက်အလက်များအား ဘုံအဖြစ် စုစည်းတည်ဆောက်ပြီး မျှဝေအသုံးပြုသွားရမည်ဖြစ်ရာ လိုက်နာကျင့်သုံးရန် လိုအပ်သော Open Government Data မူဝါဒ၊ နည်းဥပဒေ၊ စံသတ်မှတ်ချက်နှင့် လမ်းညွှန်ချက်များ ရေးဆွဲချမှတ်ရန် လိုအပ်ကြောင်း အစည်းအဝေးမှ သိရသည်။

ထိုသို့ရေးဆွဲချမှတ်ရန် ကိုရီးယားသမ္မတနိုင်ငံ၊ Ministry of Science, ICT and Future Planning (MSIP) မှ မြန်မာနိုင်ငံသို့ အကြံပြုအကူအညီပေးခြင်း လုပ်ငန်းအား ဆောင်ရွက်ပေးလျက်ရှိရာ အကြံပြုရေးဆွဲလျက်ရှိသော မူဝါဒဆိုင်ရာ အကြံပြုချက်(မူကြမ်း)များအားအစိုးရအဖွဲ့အစည်းများမှ CIO များအား ရှင်းလင်းတင်ပြ၍ အကြံပြုချက်များ ရယူသွားနိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နွယ်နီစိုးရင်က Open Government Data Policy နှင့် ပတ်သက်၍ လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Korea Information Society Development Institute (KISDI) မှ တာဝန်ရှိသူများက Consultation Project နှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးသည်။

**သတင်းစဉ်**

# ဒေသတွင်းမီဒီယာများ ဖွံ့ဖြိုးရေးနှင့် သတင်းဖလှယ်ရေး မြန်မာ-အိန္ဒိယသတင်းစာဆရာများ အင်ဖာတွင် တွေ့ဆုံဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၃၀**

ဒေသတွင်းနိုင်ငံများအချင်းချင်း သတင်းအချက်အလက်များ အပြန်အလှန် ပူးပေါင်းဖလှယ်ခြင်းဖြင့် နှစ်နိုင်ငံမီဒီယာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ သတင်းမီဒီယာကောင်စီနှင့် အိန္ဒိယသတင်းမီဒီယာကောင်စီတို့၏ စီစဉ်မှုဖြင့်မြန်မာ-အိန္ဒိယ သတင်းစာဆရာများ နှစ်ရက်ကြာတွေ့ဆုံဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် အင်ဖာမြို့ရှိ အင်ဖာဟိုတယ် စန်ဂိုင်းခန်းမကြီးတွင် နိုဝင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်ဝန်ကြီးချုပ် မစ္စတာ ဘီရမ်ဆင်းနှင့် ပြည်နယ်အစိုးရတာဝန်ရှိသူများ၊ မြန်မာသတင်းစာဆရာများ၊ အိန္ဒိယနိုင်ငံ နယူးဒေလီအခြေစိုက် အိန္ဒိယသတင်းမီဒီယာကောင်စီ၊ မဏိပူရပြည်နယ်နှင့် အခြားပြည်နယ်များမှ သတင်းစာဆရာ အသင်းအဖွဲ့များ၊ သမဂ္ဂများ၊ အစည်းအရုံးများမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် မစ္စတာ ဘီရမ်ဆင်းက တွေ့ဆုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း အမှာစကားပြောကြားသည်။

နိုဝင်ဘာ ၂၇ ရက်က ကျင်းပသည့် ပထမနေ့ဆွေးနွေးပွဲတွင် နှစ်နိုင်ငံ မီဒီယာအချင်းချင်း အပြန်အလှန်နားလည်မှုရှိရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဒေါက်တာ ဇော်သန်းကလည်းကောင်း၊ မြန်မာနိုင်ငံ၏ သတင်းမီဒီယာအခြေအနေနှင့် သတင်းစာသမားကျင့်ဝတ်ဆိုင်ရာကိစ္စကို မြန်မာသတင်းမီဒီယာကောင်စီမှ ဦးဇေယျနှင့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ရန်ကုန်တိုင်းဒေသကြီးမှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ မဇ္ဈိမသတင်းဌာနကိုယ်စား မြန်မာနိုင်ငံ သတင်းစာဆရာများသမဂ္ဂမှ ဦးချစ်ဝင်းမောင်တို့က လည်းကောင်း၊ အိန္ဒိယနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်နှင့် တာဝန်ယူမှုပိုင်းဆိုင်ရာ ကိစ္စများကို အိန္ဒိယနိုင်ငံ အယ်ဒီတာများ အစည်းအရုံး၊ အိန္ဒိယသတင်းစာဆရာများသမဂ္ဂနှင့် မဏိပူရပြည်နယ် သတင်းစာဆရာများသမဂ္ဂတို့မှ တာဝန်ရှိသူများကလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသော သတင်းစာဆရာများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြသည်။

နိုဝင်ဘာ ၂၈ ရက်တွင် ပြုလုပ်သော ဒုတိယနေ့ဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်ဝါဒ (Act East Policy) နှင့်စပ်လျဉ်း၍ မီဒီယာများ၏ ပါဝင်ဆောင်ရွက်နိုင်မှု အခန်းကဏ္ဍကို အိန္ဒိယသတင်းစာဆရာများနှင့်အတူ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း မန္တလေးတိုင်းဒေသကြီးမှ အတွင်းရေးမှူး ဦးထွန်းဝင်းကလည်းကောင်း၊ သတင်းစာဆရာများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြှင့်တင်ရေးကဏ္ဍကို အပြည်ပြည်ဆိုင်ရာ မြန်မာသတင်းဌာန(BNI)မှ ဦးစံမောင်သန်းကလည်းကောင်း၊ မြန်မာနှင့် အိန္ဒိယ သတင်းဖလှယ်မှုနှင့် ဆက်သွယ်မှုအဆင့်မြှင့်တင်ရေးကဏ္ဍကို မြန်မာသတင်းစာဆရာများနက်ဝပ်(ခ်)မှ ဦးဇော်ခမ်းဟိန်းတို့က လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသော သတင်းစာဆရာများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြသည်။

အခမ်းအနားအပြီးတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ သတင်းစာဆရာများ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အချက်ခုနစ်ချက်ပါ ဆက်လက်ဆောင်ရွက်သွားမည့် အကြံပြုကြေညာချက်ကို ပူးတွဲထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ကျောင်းပြီးတဲ့ ကျောင်းသားတွေအားလုံးက အလုပ်မရဘူးဆိုတာ မရှိပါဘူး။ အခု သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၊ ပညာရေး၊ ရေကြောင်းတက္ကသိုလ်၊ စီးပွားကူးသန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သမဝါယမတက္ကသိုလ် အဲဒီမှာတွေလည်း တာဝန်ထမ်းဆောင် နေကြပါတယ်။ ပြီးတော့ IT ပညာရှင်တွေ၊ နိုင်ငံခြားမှာသွားပြီး အလုပ်လုပ်နေတဲ့ IT ပညာရှင်တွေလည်းရှိပါတယ်။ မြန်မာပြည်တွင်းက IT Industry တွေမှာ တာဝန်ထမ်းဆောင်နေတဲ့ IT ပညာရှင်တွေလည်းရှိပါတယ်။ ကျွန်မတို့ဌာနက ဘွဲ့ရပြီးတာနဲ့ ကျောင်းသားအားလုံးဟာ လုပ်ငန်းခွင်ကို အကုန်လုံး အံဝင်ခွင်ကျ ဖြစ်သွားကြပါတယ်။ ကျွန်မတို့ ရန်ကုန်တက္ကသိုလ်အနေနဲ့ ကျောင်းသားဦးရေကို နည်းနည်းနဲ့ အရည်အချင်း ရှိရှိပဲ မွေးထုတ်ပေးလျက်ရှိပါတယ်။ ရိုးရိုး ကျောင်းပညာသာမက အွန်လိုင်းမှ ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာနဲ့ မာစတာဘွဲ့တွေကိုလည်း ပေးအပ်လျက်ရှိပါတယ်။ အွန်လိုင်းကနေလည်း ကျွန်မတို့ဝက်ဘ်ဆိုက်ကနေ တက်ရောက်နိုင်ပါတယ်။

**ဒေါက်တာချိုချိုဦး(ပါမောက္ခ ဌာနမှူး၊ ကုန်ထုတ်ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကုန်ထုတ်ဓာတုဗေဒဘာသာရပ် ဖြစ်တဲ့အတွက်ကြောင့် Apply site များပြီးတော့ ဓာတုဗေဒဘာသာရပ်ကို Apply site မှာများပြီးတော့ ကုန်ထုတ်နိုင်တဲ့အထိ ကျောင်းသားတွေ ဘွဲ့ရပြီးတဲ့အခါ စက်ရုံအလုပ်ရုံတွေမှာ ကုန်ထုတ်လုပ်နိုင်တဲ့ အဆင့်အထိရောက်အောင် သင်ပေးတဲ့ ဘာသာရပ်ဖြစ်ပါတယ်။

ဆယ်တန်းအောင်ပြီးရင် ဓာတုဗေဒဘာသာရပ်မှာ အမှတ် ၈၀ ရရပါမယ်။ အမှတ်ပေါင်းက ၄၃၀ မှတ်ရရပါမယ်။ အဲဒီကျရင် ဝင်ခွင့်ရရှိမှာပါ။ ကျောင်းသားဦးရေ ၁၀၀ လက်ခံမယ်လို့ သတ်မှတ်ထားတယ်ဆိုပေမယ့် ဒီနှစ်တော့ လက်ရှိ အမှတ် ၄၃၀ အနိမ့်ဆုံးနဲ့ ကျောင်းသား၄၈ ဦးပဲ ရှိပါသေးတယ်။ ဘာသာရပ်အနေနဲ့ ကုန်ထုတ်ဓာတုဗေဒဘာသာရပ်ကို သိပ္ပံဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့၊ မဟာသုတေသန သင်ကြားပေးပါတယ်။

ထူးခြားတာက ဒီပလိုမာတစ်ခု ရှိပါတယ်။ အဲဒါက Food Diploma ပါ။ ကုန်ထုတ်ဓာတုဗေဒဘာသာရပ် အောင်သွားပြီးတဲ့အခါမှာ Food Diploma သင်တန်းတက်ဖို့ အတွက် ဝင်ခွင့်ဖြေပြီးတော့ ဒီသင်တန်းကို တစ်နှစ်တက်ပြီးတော့ Food Technology နဲ့ပတ်သက်ပြီးတော့ ဒီပလိုမာဘွဲ့ကို ရပါတယ်။ နောက်တစ်ခုကတော့ Comestic Technology သင်တန်းရှိပါတယ်။ အဲဒါက သုံးလပါ။ အသက်မွေးဝမ်းကျောင်း ပညာတစ်ရပ်အနေနဲ့ အလှအပဆိုင်ရာပစ္စည်းတွေ၊ ဥပမာ - ခေါင်းလျှော်ရည်တွေ၊ နှုတ်ခမ်းနီတွေ အဲဒီလို Comestic ပစ္စည်းတွေနဲ့ ပတ်သက်ပြီး ထုတ်လုပ်နိုင်တဲ့အထိ သင်ကြားပေးတဲ့ ဘာသာရပ်ဖြစ်ပါတယ်။



ဒေါက်တာ ချောချောစိန်

ဘွဲ့ရပြီးပြီဆိုလျှင် ဒီနှစ်စီစဉ်ထားတာကတော့ ဒီကျောင်းကတော့ ထူးချွန်တဲ့ ကျောင်းသားတွေများပါတယ်။ သူတို့ အောင်ပြီးတဲ့အခါ Internship တွေ ဆင်းခိုင်းပါတယ်။ စက်ရုံတွေမှာ ချိတ်ပြီးတော့ အလုပ်ပေးပါတယ်။ စက်ရုံတွေမှာ ဓာတ်ခွဲခန်းတွေမှာ Quality Control တွေမှာ အလုပ်ဝင်နိုင်ပါတယ်။ ၈၀ ရာခိုင်နှုန်းက စက်ရုံတွေမှာ အလုပ်ဝင်နေပါတယ်။ တချို့တွေဆို လုပ်ငန်းရှင်တွေ ဖြစ်နေပြီ၊ ရေသန့်လုပ်ငန်းရှင်၊ ဆပ်ပြာလုပ်ငန်းရှင်တွေ ဖြစ်နေပါပြီ။ ကုန်ထုတ်ဓာတုဗေဒဘာသာရပ်က အသက်မွေးဝမ်းကျောင်း ပြုနိုင်တဲ့ ဘာသာရပ်တစ်ခုလို့ ပြောချင်ပါတယ်။ ရန်ကုန်တက္ကသိုလ်အနေနဲ့ တရုတ်နိုင်ငံမှာသွားပြီးတော့ YCMG ဆိုပြီးတော့ သုတေသနပြိုင်ပွဲတွေ လုပ်နေပါတယ်။ အဲဒါ ၂၀၁၆ - ၂၀၁၇ နှစ်နှစ်စလုံး ကျွန်မတို့ ရန်ကုန်တက္ကသိုလ်မှ ကုန်ထုတ်ဓာတုဗေဒဘာသာရပ်တွင် ကျောင်းသူခြောက်ဦးက ပထမရခဲ့ပါတယ်။ နောက် Entrepreneurship ဆိုတဲ့ Research Competition ရန်ကုန်မြို့မှာ လုပ်ပါတယ်။ အဲဒီမှာလည်း ကုန်ထုတ်ဓာတုဗေဒဘာသာရပ်က ကလေးတွေက ပထမရခဲ့ပါတယ်။ ကိုရီးယားနိုင်ငံမှာ သွားပြိုင်တာမှာလည်း ပထမရခဲ့ပါတယ်။ အဲဒီလို ရန်ကုန်တက္ကသိုလ်မှာလာပြီးတော့ သတ်မှတ်ထားတဲ့အတိုင်းဝင်တဲ့ ကလေးတွေဆို အင်္ဂလိပ်စာလည်း ကျွမ်းကျွမ်းကျင်ကျင်နဲ့ လေ့လာထားတဲ့အတွက်ကြောင့် သူတို့သည် တခြားနိုင်ငံတွေမှာလည်း သုတေသနသွားပြီး ပြုနိုင်တဲ့သူတွေ ဖြစ်ပါ တယ်။

ကုန်ထုတ်ဓာတုဗေဒဘာသာရပ်ကို အသက်မွေးဝမ်းကျောင်းပညာအဖြစ်ယူဆပြီး လာပြီးတက်ဖို့လည်း ဖိတ်ခေါ်ပါတယ်။ အခုလာတက်တဲ့ ကျောင်းသားတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကုန်ထုတ်ဓာတုဗေဒဘာသာရပ်ကို နောင်လာမယ့် တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားတွေလည်း စိတ်ပါဝင်စားစွာနဲ့ ဒီလူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးပွဲမှာ ကျောင်းသား၊ ကျောင်းသူလေးတွေ တီထွင်ထုတ်ထားတဲ့ ပစ္စည်းတွေကိုလည်း ပြသထားပါတယ်။

**ဒေါက်တာခင်မာရီ**

**(ပါမောက္ခဌာနမှူး၊ ရန်ကုန်တက္ကသိုလ် ဥပဒေဌာန)**

ကျွန်မတို့ဌာနက ဥပဒေဘွဲ့၊ မဟာဥပဒေဘွဲ့၊ ဥပဒေပါရဂူဘွဲ့၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန လက်အောက်မှာဖွင့်နေတဲ့ ဒီပလိုမာသင်တန်း လေးခု၊ မဟာတန်းတစ်ခုရှိပါတယ်။ ဥပဒေဘွဲ့ရဖို့ငါးနှစ်တက်ရပါတယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲရမှတ်ကတော့ နှစ်အလိုက် ပြောင်းလဲမှု ရှိပါတယ်။ ဒီနှစ်မှာ ရမှတ် ၄၂၅ မှတ်၊ အင်္ဂလိပ်စာ အမှတ်က ၆၅ မှတ်နှင့်အထက် ရသူတွေကို လက်ခံတာဖြစ်ပါတယ်။ ဥပဒေဘွဲ့ရရင် တရားသူကြီးဝင်ခွင့်၊ စာမေးပွဲအောင်ရင် တရားသူကြီး၊ ရှေ့နေစာမေးပွဲအောင်ရင် ဥပဒေဝန်ထမ်း၊ ပုဂ္ဂလိကရှေ့နေ၊ ဆရာ၊ ဆရာမ၊ အစိုးရဝန်ကြီးဌာန တွေမှာလည်း အလုပ်ဝင်နေကြတာတွေ ရှိပါတယ်။ ဥပဒေဘာသာရပ်က တကယ်လည်း လိုအပ်တဲ့ဘာသာရပ်ဖြစ်တဲ့အတွက် လူစိတ်ဝင်စားမှုများပါတယ်။ လူ့အသိုင်းအဝိုင်းမှာ စည်းစနစ်ကျကျ အဆင်ပြေပြေနေနိုင်ဖို့ ဥပဒေက အင်မတန် အရေးပါပါတယ်။

**ဒေါက်တာမိုမိုသန့် (ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်မတို့ သမိုင်းဌာနဆိုတာ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်နဲ့အတူ မွေးဖွားလာတဲ့ဌာနဖြစ်ပါတယ်။ ဒါပေမယ့် ပြောင်းလဲလာတဲ့ ပညာရေးနဲ့အတူ ရည်မှန်းချက်များ ထားရှိပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ နိုင်ငံအတွက် အကျိုးပြုမယ့် သမိုင်းပညာရှင်တွေ ပေါ်ထွန်းလာအောင် ဆောင်ရွက်နေတဲ့ ဌာနဖြစ်ပါတယ်။ တစ်နှစ်ကို ကျောင်းသားဦးရေ ၆၀ ခေါ်ယူဖို့ သတ်မှတ်ထားပါတယ်။ ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးတန်း ၊ မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့တွေ ပေးအပ်နေပါတယ်။ ဘွဲ့တွေအပြင် တစ်နှစ် ဒီပလိုမာသင်တန်းကိုလည်း ဖွင့်လှစ်ထားပါတယ်။ သမိုင်းပညာဆိုတာ လူမှုရေးပညာဖြစ်တဲ့အတွက် သမိုင်းပညာကိုသင်ခြင်းအားဖြင့် အတိတ်ကို သင်ကြားလေ့လာတာဖြစ်ပါတယ်။ ပစ္စုပ္ပန်မှာ ဘာတွေလုပ်မလဲဆိုတာ အတိတ်ကဖြစ်ခဲ့တဲ့ အကြောင်းအရာတွေကို လေ့လာဆန်းစစ်ပြီး အနာဂတ်ကို အကောင်းဆုံးပုံဖော်တာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ သင်ကြားပေးလိုက်တဲ့ ကျောင်းသား၊ ကျောင်းသူတွေသည် ဘဝမှာ တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ ဘဝရဲ့အတွေ့အကြုံကို လက်ရှိပစ္စုပ္ပန်မှာ ကောင်းကောင်း ဝေဖန်ပိုင်းခြားနိုင်တဲ့ စွမ်းအင်ကို ပေးတာဖြစ်ပါတယ်။ ဒီလို ကျောင်းသား ကျောင်းသူတွေ မွေးထုတ်ပေးခြင်းအားဖြင့် သူတို့အနာဂတ်ကို ပုံဖော်တဲ့အခါမှာ အကောင်းဆုံး ပုံဖော်နိုင်မှာဖြစ်ပါတယ်။ ဒါဟာ တိုင်းပြည်အတွက် ဖြစ်တယ်၊ ဒါကြောင့် သမိုင်းပညာသည် ဘာသာရပ်ပညာတစ်ခုတည်းအတွက်မဟုတ်ဘဲ ဘဝမှာ ဝေဖန်ပိုင်းခြား ချင့်ချိန်နိုင်စွမ်းရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို မွေးထုတ်ပေးတာပဲဖြစ်ပါတယ်။ မိမိရဲ့ မနေ့ကအကြောင်းကို လူတွေက အကုန်သိချင်ကြမှာပါ။ ဒါကြောင့် သမိုင်းဘာသာရပ်က စိတ်ဝင်စားဖို့ကောင်းပါတယ်။ သမိုင်းဘာသာရပ်ကို ကျွန်မတို့ ဖွင့်နေတဲ့ ဒီပလိုမာသင်တန်းတွေမှာ လာရောက်လေ့လာနိုင်ပါတယ်။ သမိုင်းဘာသာရပ်နဲ့ပတ်သက်ပြီး ဆွေးနွေးချင်တယ်ဆိုရင်လည်း ကျွန်မတို့သမိုင်းဌာနက အမြဲတမ်း လမ်းဖွင့်ကြိုဆိုနေပါတယ်။ ဒ့ါအပြင် ပြောင်းလဲနေတဲ့ပညာခေတ် စိန်ခေါ်မှုတွေနဲ့အညီ လိုက်နိုင်အောင် သင်တန်းတွေ ဖွင့်လှစ်နိုင်အောင်လည်း စီစဉ်နေပါတယ်။

**ဒေါက်တာချောချောစိန် (ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန)**

ကျွန်မတို့က IR ဌာနဆိုပေမယ့်လည်း International Relation ဘာသာရပ်အပြင် နိုင်ငံရေးသိပ္ပံဘာသာရပ်ကိုလည်း သင်ကြားပေးနေပါတယ်။ IR ဘာသာရပ်က ကျောင်းသားတွေ စိတ်အဝင်စားဆုံး ဘာသာရပ်ဖြစ်တဲ့အတွက် အမှတ်လည်း အမြင့်ဆုံးဘာသာရပ်ဖြစ်ပါတယ်။ ကျောင်းသားဦးရေ ၁၀၀ လက်ခံ ပါတယ်။ ကျောင်းသားတွေရဲ့အနာဂတ်အလားအလာမှာ IR ဘာသာရပ်ရော၊ နိုင်ငံရေးသိပ္ပံဘာသာရပ်နဲ့ပါ အောင်မြင်သွားတယ်ဆိုရင် သံတမန်တွေအဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ လေ့ကျင့်သင်ကြားပေးပါတယ်။ ဒ့ါအပြင် နိုင်ငံရေးသိပ္ပံနဲ့ အောင်မြင်သွားတဲ့ ကလေးတွေဆိုရင် လွှတ်တော်မှာလည်း အလုပ်လုပ်လို့ရသလို ရွေးကောက်ပွဲကော်မရှင်မှာ၊ နိုင်ငံရေးပါတီတွေမှာလည်း အလုပ်လုပ်လို့ရပါတယ်။ ဒ့ါကြောင့် ဒီဘာသာရပ်က လူငယ်မျိုးဆက်တွေအတွက် အထောက်အကူဖြစ်ပါတယ်။ ပေးအပ်နေတဲ့ဘွဲ့တွေကတော့ ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးတန်း၊ မဟာဝိဇ္ဇာဘွဲ့၊ပါရဂူဘွဲ့တွေအပြင် ဒီပလိုမာတန်းတွေလည်း ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ဒီခေတ်မှာတော့ လူငယ်တွေက လွတ်လွတ်လပ်လပ် ဆုံးဖြတ်နိုင်တဲ့ အနေအထားရှိတယ်။ ပညာရေးကလည်း ပြုပြင်ပြောင်းလဲနေတဲ့ကာလဖြစ်တဲ့အတွက် လာမယ့်နှစ်ကစပြီး သူတို့ရဲ့စိတ်ကြိုက်ရွေးချယ်နိုင်တဲ့အနေအထား၊ လွတ်လပ်စွာ ရွေးချယ်ခွင့်ရပြီဖြစ်ပါတယ်။ အခုလို လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးမှာ သက်ဆိုင်ရာဘာသာရပ်တွေက သူတို့ရဲ့ဘာသာရပ် ထူးခြားမှုတွေကို ဆွေးနွေးဟောပြောမှာ ဖြစ်တဲ့အတွက်ကြောင့် သူတို့ရဲ့အခွင့်အလမ်းတစ်ခုလည်း ရပါတယ်။

# နှစ်နိုင်ငံ သဘောတူညီမှုအရ ပြန်လည်လက်ခံပါက ဝင်ရောက်လာမည့်သူများအား လဝက ဥပဒေနှင့်အညီ သေချာစွာစိစစ်သွားမည်

**မောင်တော နိုဝင်ဘာ ၃၀**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရခိုင်ပြည်နယ်၌ UEHRD လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်းကြည့်ရှုခဲ့သည်။ ယင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဌာနဆိုင်ရာများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်အတူ မြေပြင်ကွင်းဆင်းကြည့်ရှုခဲ့မှုများကို သတင်းအဖွဲ့အနေဖြင့် သွားရောက်တွေ့ဆုံ မေးမြန်းခဲ့မှုများကို ပြန်လည်ရေးသား ဖော်ပြလိုက်ပါသည်။



ဒုတိယဝန်ကြီး ဦးစိုးအောင်



ဦးမြင့်ကြိုင်(အမြဲတမ်းအတွင်းဝန်)



ဦးသိန်းဇော် (ခေတ္တ-ညွှန်ကြားရေးမှူးချုပ်)

**ဒုတိယဝန်ကြီး ဦးစိုးအောင်**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

ခုရောက်လာတဲ့ ခရီးစဉ်က ရခိုင်ပြည်နယ် UEHRD ရဲ့ လုပ်ငန်းတာဝန်ထဲမှာ ပါဝင်တဲ့ ပြန်လည်နေရာချထားရေး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မယ့် အပိုင်းတွေမှာ UEHRD ပုဂ္ဂလိကလုပ်ငန်းအဖွဲ့တွေ ဆောင်ရွက်မှု၊ နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာ အဖွဲ့အစည်း ဆောင်ရွက်မှုတွေကို ပေါင်းစပ်ညှိနှိုင်းပြီးတော့ အဆင်ပြေချောမွေ့ဖို့အတွက် လာရောက်တာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်မှာ အဓိက ဝင်ပေါက်တွေဖြစ်တဲ့ စိစစ်ရေးလုပ်မယ့် တောင်ပြိုလက်ဝဲနဲ့ ငါးခူရစိစစ်ရေး စခန်းတွေမှာ နှစ်နိုင်ငံ သဘောတူညီမှုအရ ပြန်လည်လက်ခံရင် ဝင်လာမယ့်သူတွေကို လဝကဥပဒေနဲ့အညီ နှစ်နိုင်ငံသဘောတူညီချက်အပေါ် မူတည်ပြီး သေချာစိစစ်မှာ ဖြစ်ပါတယ်။ စိစစ်တဲ့အခါမှာလည်း ဌာနဆိုင်ရာ အသီးသီးက ဝန်ထမ်းတွေ ပါလာမယ်။ ပါလာတဲ့ ဝန်ထမ်းတွေရဲ့ နေထိုင်ရေး၊ ရုံးခန်း ဒီအပိုင်းတွေကို ရက်ရှည်လများ လုပ်ရမှာ ဖြစ်တဲ့အတွက် ခုတော့ ဆောက်လုပ်ရေးလုပ်ငန်းတွေ စတင်နေပါပြီ။တောင်ပြိုလက်ဝဲမှာ Modular House နေရာတွေလည်း လျာထားပြီး ဒါတွေအားလုံးကို ဒီဇင်ဘာလကုန်မှာ အပြီး ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ တောင်ပြိုလက်ဝဲမှာဆို Modular House ၁၆ လုံး၊ အခန်း ၈၀ ပါ ဝန်ထမ်းရုံးခန်းတွေ၊ အဆောက်အအုံတွေကိုလည်း ပြန်လည်ပြုပြင်တာတွေလုပ်နေပါပြီ။ ပြင်တဲ့အခါမှာလည်း ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အောက်မှာရှိတဲ့ အခြေခံအဆောက်အအုံတွေနဲ့ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ကနေ ပြန်လည်ပြုပြင် ဆောင်ရွက်ပေးနေပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန အဖွဲ့ကတော့ ဒီ Modular House တွေကို ပြန်ပြီး အသစ်ဆောက်တဲ့အပိုင်းမှာ တာဝန်ယူထားပါတယ်။ ငါးခူရမှာလည်း အဆောက်အအုံတွေကို UEHRD အောက်ရှိတဲ့ ပုဂ္ဂလိက လုပ်ငန်းအဖွဲ့ကနေ တာဝန်ယူပြီး ဆောက်ဖို့လုပ်နေပါတယ်။ ပြင်တာရော Modular House အသစ်နေရာချထားတာရော၊ ဒီအပိုင်းတွေကို ဆောင်ရွက်နေပါတယ်။ အားလုံး ဒီဇင်ဘာလကုန်ပြီးဖို့ မျှော်မှန်းထားပါတယ်။

**ဦးမြင့်ကြိုင်(အမြဲတမ်းအတွင်းဝန်)**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုရောက်နေတဲ့ မြန်မာနိုင်ငံက ထွက်သွားတဲ့သူတွေကို ပြန်လည်လက်ခံဖို့အတွက် ကျွန်တော်တို့ MoU ထိုးထားပြီးပြီ။ ဒီ MoU အရ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနဲ့အညီ စနစ်တကျ လက်ခံနိုင်ဖို့အတွက် ပြန်လည်လက်ခံမယ့် စခန်းတွေ ပြင်ဆင်ဆောင်ရွက်မှု အခြေအနေကို လာကြည့်တာပါ။ အဓိက ကုန်းတွင်းလမ်းကြောင်းကလာတဲ့သူတွေကို တောင်ပြိုလက်ဝဲမှာ စစ်ဆေးပြီး လက်ခံသွားမှာဖြစ်သလို ရေလမ်းက လာတဲ့သူတွေကတော့ ငါးခူရစခန်းကနေ စစ်ဆေးပြီး လက်ခံသွားမှာပါ။ တောင်ပြိုလက်ဝဲစခန်းက ၄၅ ရာခိုင်နှုန်းလောက်ပြီးပါပြီ။ မကြာခင် တောင်ပြိုလက်ဝဲစခန်းက အပြီးသတ်နိုင်မှာပါ။ ငါးခူရစခန်းကတော့ လောလောဆယ် ပြင်ဆင်မှုအပိုင်းအနေနဲ့ ၁၅ ရာခိုင်နှုန်းလောက်ပဲ ရှိပါသေးတယ်။ ငါးခူရစခန်းကတော့ တောင်ပြိုလက်ဝဲပြီးရင် ဒုတိယမြောက် လက်ခံပေးမယ့် စခန်းပါ။ ဆောင်ရွက်မယ့်အနေအထားကတော့ MoU အရ မြန်မာနိုင်ငံက ထွက်ပြေးတိမ်းရှောင်ပြီး ဘင်္ဂလားဒေ့ရှ်ကို ရောက်ရှိနေတဲ့သူတွေအတွက် မြန်မာနိုင်ငံမှာ ပြန်လည်ဝင်ရောက်ပြီး ဥပဒေနဲ့အညီနေထိုင်လိုကြောင်း လျှောက်လွှာတွေ နိုင်ငံခြားရေးဝန်ကြီးဌာနကတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ပို့ထားပါတယ်။ ပြန်လာမယ့်သူတွေကို လျှောက်လွှာတွေ ဖြည့်ခိုင်းရမှာ ဖြစ်ပါတယ်။ လျှောက်လွှာမှာ နာမည်တွေ၊ မိသားစု အမည်စာရင်းတွေ၊ ဘယ်မှာနေခဲ့တယ်၊ နေခဲ့တုန်းက ဘယ်မှတ်ပုံတင် အထောက်အထားတစ်ခုခုကိုင်ခဲ့တယ်။ NV ကိုင်ခဲ့သလား၊ ဝှိုက်ကတ်ကိုင်ခဲ့သလား၊ ဝှိုက်ကတ် အပ်ထားတယ်ဆိုရင် အပ်ထားတဲ့ အပ်နှံပြေစာရှိလားဒီအချက်အလက်တွေကို ဖြည့်ရမှာဖြစ်ပါတယ်။ နောက်တစ်ခုက မည်သူ့ခြိမ်းခြောက်မှုမှ မပါဘဲ မိမိဆန္ဒအလျောက် မြန်မာနိုင်ငံထဲမှာ ပြန်လည်ဝင်ရောက် နေထိုင်လိုပါတယ်ဆိုတဲ့ ဝန်ခံချက်ကို ဖြည့်ရမှာပါ။

မြန်မာနိုင်ငံကို ပြန်လည်နေထိုင်မယ်ဆိုရင် တည်ဆဲဥပဒေနဲ့အညီ နေထိုင်ပါ့မယ်ဆိုတဲ့ ဝန်ခံချက်ကို ရေးထိုးရမှာဖြစ်ပါတယ်။ ပြီးရင် လက်ရှိ ဓာတ်ပုံအနေအထားကပ်ပြီး ကျွန်တော်တို့ဆီ ပြန်ပို့ပေးရမှာပါ။ ပြန်ပို့ပေးရင် နိုင်ငံတော်အစိုးရက ဖွဲ့စည်းထားတဲ့ ပြန်လည်လက်ခံမှုစိစစ်ရေးကော်မတီကနေစစ်ပြီးတော့ လက်ခံမှာဖြစ်ပါတယ်။ ဒီနယ်စပ်ဒေသမှာက တစ်နှစ်တစ်ခါ သုံးမျိုး စာရင်းကောက်ယူခြင်း လုပ်ငန်းတွေကို ပြန်ပြီးတော့ စစ်ဆေးထားတာဖြစ်ပါတယ်။ အဲဒီစာရင်းတွေနဲ့ တိုက်ဆိုင်ပြီး မှန်တဲ့သူတွေ နိုင်ငံတော်အစိုးရကို တင်ပြီးလက်ခံမယ်။ မမှန်တဲ့သူတွေကို ပယ်မယ်။ လျှောက်လွှာတွေကို စိစစ်ပြီး လက်ခံသူတွေလျှောက်လွှာကို နိုင်ငံတော်အစိုးရက ဘင်္ဂလားဒေ့ရှ်ကို ပြန်ပေးပို့မှာ ဖြစ်ပါတယ်။ လျှောက်လွှာတွေ ပြန်ရောက်တိုင်း လက်ခံမှာ မဟုတ်ပါဘူး။ အဲဒီသူတွေကို တောင်ပြိုလက်ဝဲစခန်းနဲ့ ငါးခူရစခန်းမှာ လက်ခံမှာပါ။ အချက်အလက်နဲ့ ကိုက်ညီတဲ့ဟာကိုပဲ လက်ခံသွားမှာဖြစ်ပါတယ်။ တကယ်လို့ ရောက်လာတဲ့အချိန်မှာ လျှောက်လွှာကတစ်ယောက် တကယ်လာတာကတစ်ယောက် ကွဲလွဲမှု ရှိ၊ မရှိ ဘိုင်အိုမက်ထရစ်နည်းနဲ့ သေချာပြန်လည် စိစစ်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီဇင်ဘာလ ဒုတိယပတ်လောက်ဆို အားလုံးပြီးသလောက် အခြေအနေဖြစ်ပြီမို့ လက်ခံဖို့ အသင့်ဖြစ်ပါပြီ။ တစ်ခုပဲရှိတယ် သူတို့ဘက်က လျှောက်လွှာတွေ ခုချိန်ထိ ဒီဘက်ကိုပြန် မရောက်သေးပါဘူး။ ဓာတ်ပုံကပ်ထားပြီးပြည့်ပြည့်စုံစုံဖြည့်ထားတဲ့ လျှောက်လွှာတွေ မြန်မြန်ပြန်လည်ရောက်လာဖို့ လိုပါတယ်။ ဒါတွေကို စစ်ဆေးပြီးတာနဲ့ ဒီဘက် စခန်းတွေကတော့ အချိန်နဲ့ တစ်ပြေးညီ လက်ခံပေးသွားမှာပါ။ လက်ခံတဲ့အခါမှာလည်း နိုင်ငံရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေး မထိခိုက်အောင် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနဲ့ တိတိကျကျ စစ်ဆေးလက်ခံသလို မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာ နေထိုင်ခဲ့တဲ့ အစ္စလာမ်ဘာသာဝင်တွေလည်း လူ့အခွင့်အရေး မဆုံးရှုံးအောင် ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေနဲ့ အညီပဲ သူတို့ကိုစောင့်ရှောက်ပြီး လူ့အခွင့်အရေးတွေ အပြည့်အဝရရှိအောင် ကူညီဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ အဓိကအချက်က မြန်မာနိုင်ငံ ထဲမှာ အေးအေးချမ်းချမ်းနဲ့ ဥပဒေနဲ့အညီ နေထိုင်တဲ့ လူတွေအနေနဲ့ ဘယ်လူမျိုးမဆို အေးအေးချမ်းချမ်းနေထိုင်နိုင်ပြီးတော့၊ ဥပဒေနဲ့အညီမနေဘူးဆိုရင် တည်ဆဲဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူမှာ ဖြစ်ပါတယ်။

**ဦးသိန်းဇော် (ခေတ္တ-ညွှန်ကြားရေးမှူးချုပ်)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊**
**အဆောက်အအုံဦးစီးဌာန**

ဒီမောင်တောခရီးစဉ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာနအနေနဲ့ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းမှာ Modular House ၁၆ လုံး တည်ဆောက်ဖို့ လာရောက်ကြည့်ရှုတာ ဖြစ်ပါတယ်။ ဒီ ပြန်လည်လက်ခံရေးစခန်းမှာ တရုတ်ပြည်က လှူဒါန်းတဲ့ Modular House တွေကို အခုလို အရေးပေါ်လိုအပ်လာတဲ့ အချိန်တွေမှာ ထုတ်ပြီး တည်ဆောက်ပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဌာနအနေနဲ့ တောင်ပြိုလက်ဝဲစခန်းမှာ စိစစ်ရေး လက်ခံရေးစခန်းအတွက် ခြောက်လုံး၊ ပြန်လည်ဝင်ရောက်လာမယ့် သူတွေ ယာယီထားဖို့အတွက် ရှစ်လုံး၊ ငါးခူးရလက်ခံရေး စခန်းမှာက Modular House ၂၂ လုံး ထုတ်ပေးပြီး ဒေင်ကုမ္ပဏီကနေ တာဝန်ယူတည်ဆောက်ပေးမှာ ဖြစ်ပါတယ်။ ဆောက်လုပ်မယ့် ပုံစံတွေကတော့ လူဝင်မှုကြီးကြပ်ရေး အမြဲတမ်းအတွင်းဝန်နဲ့ တိုင်ပင်ပြီးတော့ ပေးထားတဲ့ ဒီဇိုင်းအတိုင်း တာဝန်ယူတည်ဆောက် ပေးမှာပါ။ တောင်ပြိုကတော့ ဒီဇင်ဘာလအပြီး တည်ဆောက်မှာဖြစ်ပြီး ငါးခူရစခန်းမှာတော့ ဒေင်ကုမ္ပဏီက ဇန်နဝါရီလကုန်ပိုင်းလောက် အပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီဒေသအတွက် မေယုတောင်ကျော်လမ်း သုံးလမ်းကိုလည်း ဖောက်လုပ်ဖို့ စီစဉ်ထားပါတယ်။ ကြိမ်ချောင်း-ဂုပ္ပိလမ်းကတော့ တစ်ကြောင်းထိုးအဆင့် ပြီးနေပါပြီ။ ရာသီမရွေး သွားလာနိုင်တဲ့လမ်းဖြစ်အောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ကျန်တဲ့ တောင်ကျော်လမ်းနှစ်လမ်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ **သတင်းအဖွဲ့**

**ဓာတ်ပုံ- မင်းထက်**

# စက်မှုလယ်ယာဦးစီးဌာန ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္နူ၊ တပ်ဦးချောင် ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ စုစုပေါင်း ၃၈၈၅ ကေကို ရိတ်သိမ်းပြီးဖြစ်သည်။



ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ စုစုပေါင်း ၂၉၆ ကေကို ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလု၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရတ်ချောင်း၊ အလယ်ဈေးကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၂၉ ရက်အထိ စုစုပေါင်း ၃၂၉ ကေ ရိတ်သိမ်းပြီး ဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်၊ ငပုကွကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၂၉ ရက် အထိ စုစုပေါင်း ၁၆၉ ကေ ရိတ်သိမ်းပြီး ဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၉ ရက်အထိ စုစုပေါင်း ၂၀၈ ကေ ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၉ ရက်အထိ စုစုပေါင်း ၂၀၉ ကေ ရိတ်သိမ်းပြီး ဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၂၉ ရက်အထိ စုစုပေါင်း ၉၆ ကေ ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဝေသာလီ (တိုင်းရင်းသား) ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း(တိုင်းရင်းသား) ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရပတ်ဝန်းကျင်ရှိ ခြံပြင်(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားတစ်ကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားတစ်ကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ်နှစ်ကောင်တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၀၈ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံ ပေးခြင်း၊ ဆိတ်အကောင် ၆၇၀ တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ် မင်းကြီးကျေးရွာအား ရေရရှိရေးနှင့် ရွာသစ်ပြန်လည် တည်ဆောက်ရေးဆောင်ရွက်

မောင်တော နိုဝင်ဘာ ၃၀

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဦးဆောင်၍ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မောင်တောမြို့ အောင်စစ်ပြင်ကျေးရွာအုပ်စု၊ မင်းကြီးကျေးရွာ တည်ဆောက် မည့်မြေနေရာသို့ သွားရောက်ကြည့်ရှုသည်။**

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မင်းကြီးရွာသစ်ဆောက်လုပ်မည့် စီမံကိန်းမြေနေရာတွင် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက "မင်းကြီးကျေးရွာဟာ မြစ်ရေတိုက်စားတဲ့ အထဲမှာ ပါဝင်ခဲ့ပါတယ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးက ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဝိုင်းဝန်းဖြေရှင်းဖို့ လာရောက်နေကြပါတယ်၊ ဒီရွာသစ်ကို ကရင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့က တည်ဆောက်ပေးမှာ ဖြစ်ပါတယ်၊ စံပြကျေးရွာဖြစ်အောင် တည်ထောင်မှာပါ" ဟု မင်းကြီးကျေးရွာသားများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်တွင် ဖြစ်ပျက်သည့်အရာများနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးက မိမိတို့ဒေသအတွက် လာရောက်၍ ကူညီအားပေး လုပ်ဆောင်နေကြကြောင်း၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရန်၊ ရေရှည်ငြိမ်းချမ်းရန် ရည်ရွယ်ချက်များနှင့်ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များထက် ပိုမို၍ပံ့ပိုး ဆောင်ရွက်ပေးနေပါကြောင်း၊ နောက်ပိုင်းတွင် သိသာမြင်သာသည့် အပြောင်းအလဲများနှင့် တိုးတက်မှုများဖြစ်လာနိုင်အောင် ဆောင်ရွက်နေခြင်းကြောင့် အနာဂတ်တွင် အေးအေးချမ်းချမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မင်းကြီးကျေးရွာသားများကိုယ်စား ကျေးရွာရပ်မိရပ်ဖ ဦးသန်းဝေက ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားပြီး မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က မင်းကြီးကျေးရွာအိမ်ရာသစ်စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် မင်းကြီးကျေးရွာသစ် တည်ဆောက်မည့် မြေနေရာတွင် ပန္နက်ရိုက်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယခင် မင်းကြီးကျေးရွာတွင် အိမ်ထောင်စု ၇၂ စု နှင့် မိသားစု ၃၅၂ ဦးသာ ရှိသော်လည်း အိမ်ထောင်စုခွဲများရှိသဖြင့် ရွာသစ်ပြန်လည် တည်ဆောက်ပေးမည့် မင်းကြီးရွာသစ်တွင် ပေ (၄၀ × ၆၀) အကျယ်ရှိ မြေကွက် ၈၈ ကွက်ကို အကွက်ဖော်ပေးသွားမည်ဖြစ်ပြီး စာသင်ကျောင်း၊ ဆေးခန်း၊ ဘုန်းတော်ကြီးကျောင်းနှင့် ရေတွင်းများပါ တူးဖော် တည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မင်းကြီးကျေးရွာသည် ပြူးမချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုပဲ့ပါခဲ့ပြီး ရွာသစ်အဖြစ် အောင်စစ်ပြင်ကျေးရွာအုပ်စုအတွင်း ပြောင်းရွှေ့တည်ဆောက်ရမည်ဖြစ်ကာ မင်းကြီးရွာသစ်ကို ဝက်ကျိန်းဘုရားအနီး တောင်ပြို-ကြိမ်ချောင်းကားလမ်းမနံဘေးတွင် တည်ဆောက်မည်ဖြစ်သည်။

မင်းကြီးကျေးရွာသစ်ကို ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ ပူးပေါင်း၍ နေအိမ် ၇၄ လုံး တည်ဆောက်ပေးသွားမည်ဖြစ်ပြီး ရခိုင်တိုင်းရင်းသားများ နေထိုင်လျက်ရှိသည့် မင်းကြီးကျေးရွာသည် မူလကတည်းက ရေတိုက်စားမှုခံရကာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ လုံခြုံမှုအားနည်းခြင်းတို့ကို ကြုံတွေ့နေရပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိသည်။

> **"မင်းကြီးကျေးရွာဟာ မြစ်ရေတိုက်စားတဲ့အထဲမှာ ပါဝင်ခဲ့ပါတယ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဝိုင်းဝန်းဖြေရှင်းဖို့ လာရောက်နေကြပါတယ်၊ ဒီရွာသစ်ကို ကရင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့က တည်ဆောက်ပေးမှာ ဖြစ်ပါတယ်၊ စံပြကျေးရွာဖြစ်အောင် တည်ထောင်မှာပါ"**



မင်းကြီးကျေးရွာသစ် တည်ဆောက်မည့်မြေနေရာတွင် တာဝန်ရှိသူများက ပန္နက်ရိုက်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ရေတိုက်စားမှုကြောင့် ရွာသစ်ပြန်လည်တည်ဆောက်မည့် မောင်တောမြို့ မင်းကြီးကျေးရွာအုပ်စု မင်းကြီးကျေးရွာတွင် နေအိမ် ၂၉ လုံးနှင့် ရေတွင်းများ ဆောက်လုပ်လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က "ကျွန်မတို့ ကရင်ပြည်နယ်အနေနဲ့ အဓိက နေအိမ်တွေ ဆောက်ပေးဖို့ လာတာပါ၊ အခု မြေပြင်မှာ တွေ့လိုက်တာကတော့ အိမ်အပြင် ရေတွင်းတွေပါ တူးပေးဖို့ လိုအပ်တယ်မြင်လို့ ရေတွင်းတွေပါ တူးပေးဖို့ စီစဉ်ပေးခဲ့ပါတယ်၊ ကျွန်မတို့ ယူလာတဲ့အထဲမှာ ဆိုလာမီးတွေလည်း ပါလာတယ်၊ မီးလည်း ရတယ်၊ ရေလည်းရတယ်ဆိုရင်တော့ ပြည့်စုံပါပြီ၊ အိမ်ကိုလည်း နှစ်လအတွင်း အပြီးဆောက်ပေးဖို့ ပြောထားပါတယ်၊ ဒီနေရာမှာ စစ်ကိုင်းတိုင်းနဲ့ ကရင်ပြည်နယ်နဲ့ တွဲထားတာပါ၊ ၇၄ လုံးမှာ စစ်ကိုင်းတိုင်းက ၄၅ လုံး တာဝန်ယူပြီးတော့ ကျွန်မတို့က ၂၉ လုံး ဖြစ်သွားပါတယ်။

"ရေတွင်းတစ်တွင်း၊ နှစ်တွင်းဆိုလည်း ကုမ္ပဏီက လာတူးမှာ မဟုတ်ဘူး ၁၄ တွင်းဆိုတော့ အဆင်ပြေမှာပါ၊ စစ်ကိုင်းတိုင်းက အိမ်များများ ဆောက်ပေးဖို့ တာဝန်ယူထားတော့ ကရင်ပြည်နယ်အနေနဲ့ ရေတွင်းများများတူးပေးဖို့ တာဝန်ယူပေးတာပါ၊ ကျွန်မတို့ ကရင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့ပေါင်းပြီးတော့ ဒီရွာကို စံပြရွာကလေးတစ်ရွာဖြစ်အောင် ကျွန်မတို့ ကြိုးစားဆောင်ရွက်ပေးပါမယ်၊ အခုလိုမျိုးလာတော့ ရခိုင်မှာ သယံဇာတတွေနဲ့ လယ်ကွင်းပြင်တွေ ပေါများတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးသာ ကောင်းသွားမယ်ဆိုရင် ရခိုင်ဟာ ကျွန်မတို့ ကရင်ပြည်နယ်ထက်တောင် ဖွံ့ဖြိုးတိုးတက်မှု မြန်သွားမယ်လို့ထင်ပါတယ်"ဟု မင်းကြီးရွာသစ်ကို ပူးတွဲတည်ဆောက်ပေးမည့် အနေအထားနှင့် ပတ်သက်၍ ဖြေကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က မောင်တောခရိုင်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများအား ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ကော်ဖီမစ်၊ ဆီ အစရှိသည့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မောင်တော အမှတ် (၁) နယ်စပ် ကုန်သွယ်ရေးစခန်းသို့ရောက်ရှိကာ မောင်တောမြို့ နယ်စပ်ခြံစည်းရိုးတစ်လျှောက် လှည့်လည်ကြည့်ရှုသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ - ဖိုးထောင်**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော နိုဝင်ဘာလ ၂၄ ရက်နေ့မှ နိုဝင်ဘာလ ၂၉ ရက်နေ့အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | နိုင်ငံတကာ ဒီမိုကရေစီ တပ်မတော် ထူထောင်ရေး အတွေ့အကြုံများ | သန်းစိုးနိုင် | ၃၅၀၀ | လွင်ဦးစာပေ |
| ၂ | ရတနာပုံ အက္ခရာများ | စောနေသွေး | ၁၅၀၀ | ယဉ်မျိုးစာပေ |
| ၃ | တရုတ်ရိုးရာဆေးဖက်ဝင် ဟင်းခတ်အမွှေးအကြိုင် အပင်များ၊ အမြစ်များနှင့် သစ်ဥသစ်ဖုများ | ဥယျာဉ်မှူးတစ်ဦး | ၂၀၀၀ | စိတ်ကူးချိုချို |
| ၄ | ဦးဖိုးကျား မယ်ဒုက္ခနှင့် အခြားဝတ္ထုတိုများ | key collection | ၁၅၀၀ | key collection |
| ၅ | ယေရှုခရစ်တော် | key collection | ၁၅၀၀ | key collection |
| ၆ | အနုပညာ၊ နိုင်ငံရေးစာရေးသူ၏ အရေးအသားနှင့် စိတ်အာရုံမှာ တသသဖြစ်စေသော အရာများ | စေတ | ၂၅၀၀ | မိုးလုံးမှိုင်း |
| ၇ | ရေပူရေအေး ပိုက်ဆက်ခြင်း၊ ရေဆိုးပိုက်သွယ်ခြင်းနှင့် ရေ၏ အရည်အသွေး | ဦးဆလိုင်းမျိုးမြင့် | ၇၅၀၀ | ပါရမီစာအုပ်တိုက် |
| ၈ | တို့ဘိုးဘွား သူရဲကောင်းများ | အိမ်မဲဒေါင်းပြာ | ၆၅၀၀ | စိတ်ကူးချိုချို |
| ၉ | ဒါဗင်ချီကုတ် | ဉာဏ်သစ် | ၆၅၀၀ | ငါတို့စာပေ |
| ၁၀ | ကမ္ဘာလှည့် တင်တင်စိန်၏ ဘဝရုပ်ပုံလွှာ | အောင်ကြည်ညွန့် (တက္ကသိုလ်) | ၅၀၀၀ | စာပေလောက |
| ၁၁ | အောင်မြင်သူများ လျှောက်သည့်လမ်း | စောဒေးဗစ် | ၃၅၀၀ | တူဒေးစာအုပ်တိုက် |
| ၁၂ | အနာဂတ်အတွက် မွေးဖွားခြင်း | လင်းယုန်သစ်လွင် | ၃၇၀၀ | စိတ်ကူးချိုချို |
| ၁၃ | ဆရာတစ်ယောက်အဖြစ် ခေါင်းဆောင်ခြင်း | အောင်အေး (ရန်ကုန်တက္ကသိုလ်) | ၂၀၀၀ | စိတ်ကူးချိုချို |
| ၁၄ | ဖအေနှစ်ဦးသင်ပေးတဲ့ ဆင်းရဲနည်း ချမ်းသာနည်း | မြတ်ငြိမ်း | ၃၀၀၀ | စိတ်ကူးချိုချို |
| ၁၅ | မနောမြေမှ မလိပန် | လယ်တွင်းသား စောချစ် | ၄၀၀၀ | ပန်းမြိုင်လယ် |
| ၁၆ | မျက်မြင်သက်သေ | လင်းသက်ငြိမ် | ၂၀၀၀ | ယဉ်မျိုးစာပေ |
| ၁၇ | ရင်နှင့်ရင်း၍ ချစ်ခဲ့သည် | ငယ်မင်းထိုက် | ၂၀၀၀ | ယဉ်မျိုးစာပေ |
| ၁၈ | ရန့်ထွင်းသူ တောင်တန်းလေး | ညီဇော်ချစ် | ၂၀၀၀ | ယဉ်မျိုးစာပေ |
| ၁၉ | ဂျော့ချ်ဝါရှင်တန် | အေးမောင်ကျော် | ၁၅၀၀ | ခူဝံစာအုပ်တိုက် |
| ၂၀ | Comprebensive Guide to Punctuation | ဦးဉာဏ်ဝင်းထက် | ၁၅၀၀ | ဉာဏ်စာပေ |
| ၂၁ | ဥပဒေသုတေသန မှတ်စုများ | ဦးသန်းမောင်(စစ်တွေ) | ၅၀၀၀ | Wisdom House |
| ၂၂ | ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှုများဆီသို့ | ဆင်ဖြူကျွန်းသန်းထွန်း | ၃၅၀၀ | မျိုးဆက်သစ်စာပေ |
| ၂၃ | အောင်မြင်ကျော်ကြားဆရာတော်ကြီးများ၏ သာသနာ့မော်ကွန်းနှင့် နှစ်(၄၀)ပြည့် သာသနာပြုခရီး | မောင်ရင်ကျူး (မြောင်းမြ) | ၄၅၀၀ | ကောင်းထွဋ်စာပေ |
| ၂၄ | ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာ | Dr. ဦးသန်းထွန်း(ရွှေဘို) | ၂၀၀၀ | မိုးကျော်သူစာပေ |
| ၂၅ | သီပေါမင်း၏နောက်ဆုံးအမှာစကားနှင့် အခြားဆောင်းပါးများ | မောင်ဆွေမွန် | ၁၅၀၀ | ရှင်မတောင် |
| ၂၆ | အပြုံးများနှင့်လူ | မစန္ဒာ၊ ဟန်သုသော်၊ အညို | ၂၅၀၀ | ကောင်းဆုသာ |
| ၂၇ | မိုင်တိုင်-၁၇ | ကျော်ထူး | ၄၀၀၀ | ကောင်းဆုသာ |
| ၂၈ | မျှော်လင့်သော ဆည်းဆာ | ခေတ်လွန်းနေ | ၂၅၀၀ | ကောင်းဆုသာ |
| ၂၉ | ဓမ္မစေတီ အရေးပုံကျမ်း | ကိုရွှေသိမ်းမင်း | ၂၅၀၀ | ပန်းရွှေပြည် |
| ၃၀ | အနောက်ဖက်တံခါး (၁) | ရဲဘုန်းသိုက် | ၅၀၀၀ | ရဲဘုန်းသိုက် |
| ၃၁ | သခင်ဗဟိန်း ရာပြည့်အမှတ်တရစာများ | ကလောင်စုံ | ၈၀၀၀ | နှင်းဆီနီ |
| ၃၂ | အတွင်းအပြင် တားရော့ဟောကိန်းသော့ချက် | စံ-ဇာဏီဘို | ၆၀၀၀ | စိတ်ကူးချိုချို |
| ၃၃ | ကမ္ဘာ့ကြီးမြတ်သူ စာရေးဆရာများ | မောင်ညီညွတ် | ၁၈၀၀ | ပန်းဆက်လမ်း |
| ၃၄ | ကမ္ဘာကြီး ပူနွေး...ဘာကြောင့် ကမ္ဘာကြီးပူနွေး | အောင်ဇင်မင်း | ၂၀၀၀ | နှစ်ကာလများ |
| ၃၅ | ကမ္ဘာမြေကြီး | ဧသေန်း | ၁၅၀၀ | နှစ်ကာလများ |
| ၃၆ | ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် သွေးရင်းများ | အံ့မောင် | ၃၀၀၀ | ခြူးခြူး |



## ချစ်ကြည်ရေးဘောလုံးယှဉ်ပြိုင်ပွဲ၌ အနိုင်ရရှိလာသည့် မန္တလေးတိုင်းဒေသကြီးမှ အားကစားနှင့် ကာယပညာသိပ္ပံအမျိုးသမီးအသင်းအား ကြိုဆိုဂုဏ်ပြု

**မန္တလေး နိုဝင်ဘာ ၃၀**

အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် Sangai Festival အထိမ်းအမှတ်အဖြစ် Imphal မြို့ရှိ ပြည်နယ်အားကစားဌာနိုဝင်ဘာ ၂၅ ရက်မှ ၂၆ ရက်တို့တွင် ကျင်းပခဲ့သော မြန်မာ-အိန္ဒိယ ချစ်ကြည်ရေး အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြု မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာသိပ္ပံအမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းသည် အိန္ဒိယနိုင်ငံကိုယ်စားပြု မဏိပူရပြည်နယ် လက်ရွေးစင် ဘောလုံးအသင်းအား ပထမနေ့ပွဲစဉ်တွင် ခြောက်ဂိုး- နှစ်ဂိုး၊ ဒုတိယနေ့ပွဲစဉ်တွင် ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်ပေးအပ်သည့် တံခွန်စိုက်ဆုဖလားနှင့်အတူ ယနေ့နံနက် ၇ နာရီက တမူးမြို့မှတစ်ဆင့် မော်တော်ယာဉ်ဖြင့် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

အဆိုပါ အနိုင်ရရှိသည့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာသိပ္ပံ အမျိုးသမီးအသင်းမှ အဖွဲ့ခေါင်းဆောင် အုပ်ချုပ်သူ နည်းပြ ကစားသမားများအား အာ/ကာသိပ္ပံ ကျောင်းထောင့် ၇၃ လမ်းမှ စတင်ကာ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက ဦးဆောင်ကာ ပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ မန္တလေးမြို့ အခြေစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် H.E Mr.Nardan Singh Bhaisor အား/ကာသိပ္ပံ ဒုတိယကျောင်းအုပ်ကြီး ဦးနိုင်လင်းအောင်နှင့် တာဝန်ရှိသူများ၊ အား/ကာသိပ္ပံမှ ကျောင်းသူကျောင်းသားများက ပန်းစည်းများ ပေးအပ်ကာ ကြိုဆိုနှုတ်ဆက် အားပေးခဲ့ကြသည်။

ထို့နောက် ကြိုဆိုပွဲအခမ်းအနားကို သုံးထပ်ဆောင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဂုဏ်ပြုစကားပြောကြားပြီး အမျိုးသမီးအသင်း အဖွဲ့ခေါင်းဆောင် ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က အားကစားသမားများ သွားရောက်ယှဉ်ပြိုင် အောင်ပွဲခံယူနိုင်မှုများကို ရှင်းလင်းတင်ပြ၍ အသင်းနည်းပြ အုပ်ချုပ်သူတို့နှင့်အတူ ဆုဖလားကို တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးထံသို့ ပြန်လည်အပ်နှံကာ လက်ရွေးစင်အသင်းမှ အားကစားသမားများအား နံနက်စာဖြင့် ဂုဏ်ပြုဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ဝိန်းရှန်းနေအဲဗာတန်အသင်းနှင့် ပထမဆုံးအကြိမ် ဟက်ထရစ်ရယူ

ပရီမီယာလိဂ် ပွဲစဉ် (၁၄) အဖြစ် ဗုဒ္ဓဟူးနေ့ညက ယှဉ်ပြိုင်ကစားခဲ့သော ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင် ဝက်စ်ဟမ်းဂိုးသမား ဂျိုးဟတ် ရှေ့တက်ကာ ဖျက်ထုတ်လိုက်သော ဘောလုံးကို အဲဗာတန်အသင်းခေါင်းဆောင် ဝိန်းရှန်းနေက ၅၈ ကိုက်အကွာမှ အံ့အားသင့်ဖွယ် သွင်းယူနိုင်ခဲ့သည်။ ထိုပွဲတွင် အဲဗာတန်အသင်းသည် ဝက်စ်ဟမ်းအသင်းကို လေးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ပရိသတ်ပေါင်း ၃၈၂၄၂ ဦး လာရောက်ကြည့်ရှုခဲ့ကြသည်။

ထိုဂိုးနှင့် ပတ်သက်ပြီး “ အဲ့ဒီဂိုးဟာ ကျွန်တော် သွင်းဖူးသမျှ ဂိုးတွေထဲမှ အကောင်းဆုံးဂိုး တစ်ဂိုးပါပဲ၊ ပြီးတော့ အဲဗာတန်အသင်းနှင့်အတူ ပထမဆုံးအကြိမ် ဟက်ထရစ် ရယူနိုင်ခဲ့ခြင်းကလည်း အထူးကောင်းမွန်တဲ့အပြင် ပြီးပြည့်စုံတဲ့ အခိုက်အတန့်တစ်ခုလည်း ဖြစ်ပါတယ်” ဝိန်းရှန်းနေက ပြောကြားခဲ့သည်။

ထိုပွဲတွင် ရှန်းနေသည် ၎င်း၏ အဲဗာတန်အသင်းနှင့် ပထမဆုံး ဟက်ထရစ် ရယူနိုင်ခဲ့သည်။ ထိုနိုင်ပွဲကြောင့် အဲဗာတန်အသင်းသည် တန်းစီဇယားတွင် အဆင့် ၁၃ နေရာအထိ တက်လှမ်းလာနိုင်ခဲ့သည်။

ဝိန်းရှန်းနေသည် ပရီမီယာလိဂ်၌ ဝက်စ်ဟမ်းဘက်သို့ ၁၄ ဂိုးသွင်းယူပေးထားနိုင်သည်။ ထိုကဲ့သို့ သွင်းယူပေးထားနိုင်မှုသည် အခြားကစားသမားများထက် သာလွန်နေသည်။ ထို့အပြင် ရှန်းနေသည် ယခုအကြိမ် ဟက်ထရစ်ရရှိမှုသည် ၎င်းနောက်ဆုံး ဟက်ထရစ် သွင်းယူခဲ့သည့် ၂၀၁၁ ခုနှစ်နောက်ပိုင်း ၂၂၇၂ ရက်အကြာမှ ပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် ပရီမီယာလိဂ်သမိုင်းတွင် ဟက်ထရစ် နှစ်ကြိမ်ဆက် သွင်းယူနိုင်မှုမှာ အရှည်ကြာဆုံးလည်း ဖြစ်သည်။ ပရီမီယာလိဂ်တွင် ပယ်နယ်တီ လွဲချော်မှု မှတ်တမ်းတွင်လည်း ကိုးကြိမ်အထိရှိလာပြီဖြစ်ကာ ရှာရင်ဂမ်က ပယ်နယ်တီ ၁၀ ကြိမ် လွဲချော်ခဲ့ပြီး အလန်ရှီးရားရားက ၁၁ ကြိမ် လွဲချော်ထားသည်။ ဝက်စ်ဟမ်းနည်းပြ ဒေးဗစ်မိုယက်စ်သည် အဲဗာတန် အသင်းကို ပရီမီယာလိဂ်တွေ့ဆုံသည့် ငါးကြိမ်တွင် ငါးကြိမ်စလုံး အနိုင်မရဘဲ ပေးဂိုး ၁၂ ဂိုးအထိ ခွင့်ပြုပေးထားရသည်။ အဲဗာတန်အသင်းသည် လာမည့်စနေနေ့ညကိုးနာရီခွဲတွင် ဟက်ဒါဖီးလ်တောင်းအသင်းကို ဧည့်ခံယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**ဇော်ဇော်**

✻ ***ကျောဖုံးမှ***

ထိုင်းလိဂ်-၁ မှာ ထိုင်းပရီမီယာလိဂ်ကို အမည်ပြောင်းထားခြင်းဖြစ်ပြီး Police Tero အသင်းမှာလည်း ဘီအီးစီတယ်ရိုဆာဆနာအသင်းကို အမည်ပြောင်းလဲထားခြင်း ဖြစ်သည်။ လက်ရှိမြန်မာဘောလုံးသမားများတွင် ခြေစွမ်းအကောင်းဆုံးဟု သတ်မှတ်ခံထားရသည့် အောင်သူသည် ပြည်ပကလပ်အသင်းတွင် သွားရောက်ကစားမည်ဖြစ်သောကြောင့် အခြားမြန်မာကစားသမားများအတွက် အခွင့်အရေးများ ထွက်ပေါ်လာမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

❂ ***ကျောဖုံးမှ***

တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို Leopalace 21 ၏ အဓိကပံ့ပိုးကူညီမှုဖြင့် သုံးနှစ်ဆက် ကျင်းပခြင်းဖြစ်ကာ မြန်မာအိုးပင်းပြိုင်ပွဲအမည်ဖြင့် (၁၅) ကြိမ်မြောက် ကျင်းပခြင်းလည်းဖြစ်သည်။

Leopalace 21 Myanmar Open 2018 ဂေါက်သီးရိုက်ပြိုင်ပွဲကို Asian Tour နှင့် Japan Golf Tour တွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် နာမည်ကြီး ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး စုစုပေါင်း ၁၄၄ ဦးဖြင့် ကျင်းပရန် စီစဉ်ထားကာ မြန်မာနိုင်ငံမှ ပရော်ဖက်ရှင်နယ် ကစားသမား ၁၀ ဦးနှင့် အပျော်တမ်းကစားသမား လေးဦး ယှဉ်ပြိုင်ခွင့်ရမည် ဖြစ်သည်။

ဆုကြေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး ချန်ပီယံဆုရသည့် ကစားသမားမှာ အမေရိကန်ဒေါ်လာ ၁၃၅၀၀၀ ရရှိမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဂေါက်သီးအားကစားဝါသနာရှင်များ အခမဲ့ လာရောက်အားပေးနိုင်ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း**

## လှိုင်းဘွဲမြို့နယ်၌ မော်တော်ယာဉ်တစ်စီးနှင့် အိုက်စ်များသယ်ဆောင်လာသူ သုံးဦး ဖမ်းဆီးရမိ

**ဘားအံ နိုဝင်ဘာ ၃၀**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ လှိုင်းဘွဲမြို့မရဲစခန်းမှ ဒုရဲအုပ် စောမိုးမြင့် ဦးစီးအဖွဲ့၊ မူးယစ်တပ်ဖွဲ့စု(၃၁)(ဘားအံ)မှ ရဲအုပ် အောင်သူဦးစီးသည့် အဖွဲ့တို့သည် လှိုင်းဘွဲမြို့နယ် ကမော့ကချုံးကျေးရွာအုပ်စု မဲလောင်းလေးကျေးရွာအနီး လှိုင်းဘွဲ-ပိုင်ကျုံသွားကားလမ်းမပေါ်၌ ပိုင်ကျုံဘက်မှ လှိုင်းဘွဲဘက်သို့ မန်းမိုးလင်း မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ဖမိတူနှင့် ထိန်ဝင်းတို့ လိုက်ပါလာသည့် 8K/---- TOYOTA HILUX ယာဉ်အား ရပ်တန့်စစ်ဆေးရာမှ အိုက်စ် ၁၉ ဒသမ ၅ ဂရမ် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၆၅၇၅၀၀ ခန့်နှင့် ဆက်စပ်ပစ္စည်းများ၊ မြန်မာငွေရောရာ ငွေကျပ် ၇၀၀၀၀၊ ထိုင်းဘတ်ငွေ ၄၅၄ နှင့် ဆင်းကတ်ပါ လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းခဲ့သည်။

ထို့ကြောင့် မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ ထိန်ဝင်း (၄၂ နှစ်) ပတကျေးရွာအုပ်စု ပိုင်ကျုံမြို့ လှိုင်းဘွဲမြို့နယ် ဖမိတူ (၃၉ နှစ်)၊ ပတကျေးရွာ လှိုင်းဘွဲမြို့နယ် မန်းမိုးလင်း (၄၀ နှစ်) ပတကျေးရွာ လှိုင်းဘွဲမြို့နယ်နေသူတို့ သုံးဦးကို လှိုင်းဘွဲမြို့မရဲစခန်းက အမှုဖွင့်လှစ်၍ ကွင်းဆက်ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**



မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ညွှန်ကြားမှုဖြင့် ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ ဒုရဲမှူးမျိုးသန့်နှင့် တရနာရဲကင်းစခန်းမှူးရဲအုပ် ခင်မောင်ထွေးတို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၉ ရက်က ကျိုက်မရောမြို့နယ် ဘာဘူကုန်းကျေးရွာလမ်းဆုံ၌ မှုခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေးဟောပြောစဉ်။ ၁၃၈

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နိုဝင်ဘာ ၂၉ ရက်က စစ်ဆေးမှုဆောင်ရွက်လျက်ရှိရာ ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၂၉ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့ များသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၃ မိုင် ၁ ဖာလုံအနီး၌ Mitsubishi Chariot Grandis ယာဉ်တစ်စီးနှင့် Toyota Wish ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်၏နောက်ခန်းအတွင်း စောင်စများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေသစ် ၃၅ တုံး (၀ ဒသမ ၉၂၀၂) တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၇၆၃ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကုန်တင်ယာဉ်နှစ်စီးပွတ်တိုက်မိပြီး မြောင်းအတွင်းထိုးကျတိမ်းမှောက်၍ နှစ်ဦးသေဆုံး

**တောင်ငူ နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကံရိုးကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်း၌ နိုဝင်ဘာ ၃၀ ရက် နံနက် ၅ နာရီ မိနစ် ၂၀ ခန့်က ကုန်တင်ယာဉ်နှစ်စီး ပွတ်တိုက်မိပြီး တစ်စီးမှာ လမ်းအနောက်ဘက်ရှိ မြောင်းအတွင်း ထိုးကျတိမ်းမှောက်သွားခဲ့ကာ ယာဉ်မောင်းအပါအဝင် နှစ်ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားသည့် နေရာသို့ တောင်ငူမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးခဲ့ရာ ကားလမ်းအတိုင်း တောင်မှ မြောက်သို့ ကိုထွန်း (၃၀ နှစ်) ငါးဆူပတ္တာရွာ ကျောက်ဆည်မြို့နေသူ မောင်းနှင်ပြီး တင်မင်းဌေး(၃၅ နှစ်) အေးမြကြည်လင်ရပ်ကွက် ကျောက်ဆည်မြို့နေသူ လိုက်ပါလာသော YGN -3M/------ ဖူဆို နောက်တွဲပါ ထွေလာယာဉ်သည် မိုင်တိုင် ၁၇၇/၅ နှင့် ၆ အကြား အခင်းဖြစ်နေရာအရောက် မျက်နှာချင်းဆိုင်ဘက်မှ သိန်းကျော်ဦး (၃၅ နှစ်) ငုက်ကတောင်ရပ်ကွက် ကျောက်ဆည်မြို့နေသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ အောင်ကျော်သို့ (၃၃ နှစ်)တို့ လိုက်ပါလာသော MDY-3J/---- နစ်ဆန်း နောက်တွဲ ထွေလာယာဉ်၏ လမ်းကြောင်းဘက်သို့ အရှိန်လွန် ရောက်ရှိသွားခဲ့ကာ နောက်ကြည့်မှန်နှင့် ပွတ်တိုက်မိရာ ကားလမ်း၏ အနောက်ဘက် ရေမြောင်းထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ခေါင်းခန်းအတွင်း ပိတ်မိနေသော ယာဉ်မောင်း ကိုထွန်းနှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူ တင်မင်းဌေးတို့ နှစ်ဦးစလုံး ရရှိသည့် ဒဏ်ရာများဖြင့် နေရာ၌ သေဆုံးသွားခဲ့၍ တောင်ငူမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# တရုတ်ဝန်ကြီးချုပ်နှင့် ရုရှားသမ္မတတို့ နှစ်နိုင်ငံအရေး တွေ့ဆုံဆွေးနွေး

**မော်စကို နိုဝင်ဘာ ၃၀**

တရုတ်နိုင်ငံ ဝန်ကြီးချုပ် လီခချန်းနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ ယမန်နေ့က မော်စကိုမြို့ရှိ ကရင်မလင်နန်းတော်၌ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ၁၉ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားညီလာခံအပြီးတွင် တရုတ်သမ္မတနှင့် ရုရှားသမ္မတတို့ ဗီယက်နမ်မြို့၌ ကျင်းပသော အေပက်အစည်းအဝေးတွင် တွေ့ဆုံခဲ့ရာ နှစ်နိုင်ငံဘက်စုံမဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးမှာ တည်ငြိမ်စွာဖွံ့ဖြိုး တိုးတက်လာနေကြောင်း၊ စီးပွားရေးကဏ္ဍများတွင်လည်း ခိုင်မြဲသည့် ခြေလှမ်းများဖြင့် ချီတက်နေကြောင်း၊ ခေတ်သစ်နည်းပညာပူးပေါင်းဆောင်ရွက်မှုတွင်လည်း တိုးတက်မှုများရှိခဲ့ကြောင်း တရုတ်နိုင်ငံဝန်ကြီးချုပ်က ပြောခဲ့သည်။

ထို့အတူ တရုတ်နိုင်ငံအနေဖြင့် ခေတ်သစ်ပိုးလမ်းမကြီး ဖော်ဆောင်မှုဖြင့် ဥရောပ-အာရှစီးပွားရေးပူးပေါင်းဆောင်မှုအဖွဲ့နှင့် တိုးမြှင့်ချိတ်ဆက်ပူးပေါင်းမှုများတွင် ကောင်းမွန်စွာ ဦးဆောင်လိုကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် နိုင်ငံတကာကိစ္စရပ်များတွင် ဆက်သွယ်မှုတိုးမြှင့်သွားလိုပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်လည်း သဘောတူခဲ့ကြကြောင်း သိရသည်။

ပူတင်ကလည်း တရုတ်နိုင်ငံဝန်ကြီးချုပ်အနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း အဖွဲ့ဝင်ဝန်ကြီးချုပ်များ အစည်းအဝေးသို့ တက်ရောက်သည့်အတွက် ကြိုဆိုပါကြောင်း၊ ရုရှား-တရုတ်နှစ်နိုင်ငံဆက်ဆံရေးမှာ တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးမှာလည်း ကောင်းမွန်တိုးတက်သည့် အခြေအနေတွင်ရှိကြောင်း၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကိုလည်း တွန်းအားပေးဆောင်ရွက်နေကြောင်း ခေတ်သစ်ပိုးလမ်းမကြီးနှင့်ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်ရေးဗျူဟာကို ကောင်းစွာချိတ်ဆက် သွားမည်ဖြစ်ကြောင်း ဗလာဒီမာပူတင်က ပြောခဲ့သည်။ **ဆင်ဟွာ**




# အိန္ဒိယနိုင်ငံ အနောက်ပိုင်း၌ အဆောက်အအုံပြိုကျမှုဖြစ်ပွားရာ နှစ်ဦးထက်မနည်း သေဆုံး

**နယူးဒေလီ နိုဝင်ဘာ ၃၀**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်တွင် သုံးထပ်အဆောက်အအုံတစ်လုံးပြိုကျမှုကြောင့် လူနှစ်ဦးထက်မနည်းသေဆုံးခဲ့ပြီး အခြားနှစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း နိုဝင်ဘာ ၃၀ ရက်တွင် သက်ဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။

အဆိုပါ အဆောက်အအုံပြိုကျမှုသည် ယမန်နေ့ညက ဝွန်ဂျန်ကျေးရွာ ဗာဗီမြို့ ဗယ်လ်ဆက်ဒ်ဒေသ၌ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပြည်နယ်မြို့တော် ဂန္ဒီနာဂါနှင့် ၃၈၀ ကီလိုမီတာ ကွာဝေးသောနေရာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆောက်အအုံပြိုကျမှုကြောင့် သေဆုံးသူနှစ်ဦးကို အပျက်အစီးများကြားမှ ခဲရာခဲဆစ်ဆွဲထုတ်ခဲ့ရကြောင်း၊ ဒဏ်ရာရရှိသူများကိုလည်း ဒေသဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။



အဆောက်အအုံပြိုကျမှုအောက်တွင် ပိတ်မိနေသောသူများ ရှိနိုင်သေးသောကြောင့် သေဆုံးသူဦးရေမှာ လက်ရှိပမာဏထက် မြင့်တက်လာနိုင်ကြောင်း၊ မီးသတ်သမားများမှာလည်း ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း အဆိုပါရဲအရာရှိက ဆက်လက်ပြောကြားခဲ့သည်။ အဆောက်အအုံပြိုကျရသည့် အကြောင်းအရင်းကို စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း အရာရှိများက ပြောခဲ့သည်။ အဆောက်အအုံပြိုကျမှုများသည် အိန္ဒိယနိုင်ငံတွင် ဖြစ်နေကျကိစ္စဖြစ်ကြောင်း သိရသည်။

တည်ဆောက်ရေးလုပ်ငန်းခွင် စံချိန်မမီမှုများနှင့် ထိန်းသိမ်းပြုပြင်မှုအားနည်းခြင်းများကြောင့် ထိုသို့ ဖြစ်ပွားရခြင်းဖြစ်ကြောင်း ပြစ်တင်မှုများလည်းရှိသည်။ **ဆင်ဟွာ**

# တိုက်ချင်းပစ်ဒုံးကျည်သစ်ကို မြောက်ကိုရီးယားရိုက်ကူးပြသခဲ့

**ပြုံယမ်း နိုဝင်ဘာ ၃၀**

မြောက်ကိုရီးယားသည် နောက်ဆုံးစမ်းသပ်ခဲ့သည့် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်အသစ်တစ်စင်းကို ဗီဒီယိုဖိုင်ဖြင့် ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

နိုင်ငံပိုင်ရုပ်မြင်သံကြားက ဘီး ၁၈ ဘီးပါသည့် မိုဘိုင်းလောင်ချာပေါ်တွင်




တင်ဆောင်ထားသည့် အဆင့်နှစ်ဆင့်ပါဒုံးကျည်ကို ရိုက်ကူးပြသခဲ့သည်။ ထို့နောက်တွင် ဒုံးကျည်ပစ်လွှတ်မည့်နေရာ၌ ဒုံးကျည်ကို တပ်ဆင်ခဲ့ပြီး လေထုအတွင်းပစ်ခွင်းပြခဲ့သည်။

ဒုံးကျည်ပျံတက်သွားချိန်တွင် လိမ္မော်ရောင်မီးတောက်များ ထွက်ပေါ်လာသည်ကို တွေ့မြင်ရသည်။ ဒုံးကျည်ပစ်ခွင်းသည့်မြင်ကွင်းကို ရှုထောင့်မျိုးစုံမှ ရိုက်ကူးခဲ့သည်။

ဗီဒီယိုတွင် ထုတ်လွှင့်ပြသမှုအရ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းကိုယ်တိုင် ဒုံးကျည်ပစ်လွှတ်မှုကို ကြီးကြပ်ခဲ့ကြောင်း သိရသည်။

တိုက်ချင်းပစ်ဒုံးကျည်သည် ပစ်လွှတ်လိုက်သည်နှင့် ညကောင်းကင်ယံဆီသို့ ထိုးတက်သွားခဲ့ပြီး အလင်းရောင်အစက်ပြောက်ငယ်လေးအဖြစ် တွေ့မြင်ရသည်အထိ ပျံတက်သွားခဲ့သည်။ ဒုံးကျည်၏ ပထမအဆင့်ကို သီးခြားရွေးထုတ်ပြီးဖြစ်ကာ ဒုတိယအဆင့်တွင် ခာတ်ပြုလှုပ်ရှားတက်ကြွစေခဲ့ကြောင်း ရုပ်သံထုတ်လွှင့်မှုတွင် ဖော်ပြခဲ့သည်။

ဒုံးကျည်ပစ်လွှတ်မှုအတွင်း ထောင်လိုက်ထွက်ပေါ်ခဲ့သည့် မီးတောက်များက ဒုံးကျည်ကို လောင်စာရည်အသုံးပြုဖန်တီးထားကြောင်း ကျွမ်းကျင်သူများက သုံးသပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# စစ်ပွဲဖြစ်ပွားလာပါက မြောက်ကိုရီးယားခေါင်းဆောင် ထိခိုက်ပျက်စီးလိမ့်မည်ဖြစ်ကြောင်း အမေရိကန်သတိပေး

**ဆိုးလ် နိုဝင်ဘာ ၃၀**

မြောက်ကိုရီးယားက ၎င်း၏နည်းပညာဆိုင်ရာအစွမ်းကုန်မြှင့်တင်ထားသည့် ဒုံးကျည်များကို စမ်းသပ်ပစ်လွှတ်ခဲ့ပြီးနောက်တွင် အမေရိကန်ပြည်ထောင်စုက အကယ်၍ စစ်ပွဲ အမှန်တကယ်ဖြစ်ပွားလာခဲ့လျှင် မြောက်ကိုရီးယားခေါင်းဆောင်အနေဖြင့် အမှန်တကယ် ဖျက်ဆီးခံရလိမ့်မည်ဖြစ်သည်ဟု သတိပေးခဲ့ကြောင်းသိရသည်။

မြောက်ကိုရီးယားသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်သည့်စည်းကမ်းများကို ချိုးဖောက်ကာ အမေရိကန်ကုန်းမြေသို့ရောက်ရှိနိုင်သည့် တိုက်ချင်းပစ်ဒုံးကျည်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အမေရိကန်အနေဖြင့် အရေးယူဆောင်ရွက်ရမည့်အကြောင်းအရာမှန်သမျှကို ထည့်သွင်းစဉ်းစားထားပြီးဖြစ်ကြောင်း ထရန့်အစိုးရအဖွဲ့က အကြိမ်ကြိမ်ပြောကြားခဲ့သည်။

အရေးယူဆောင်ရွက်မှုများတွင် စစ်ရေးအရ အရေးယူဆောင်ရွက်မှုလည်းပါဝင်လိမ့်မည်ဟု ပြောကြားခဲ့ပြီးဖြစ်သော်လည်း ထရန့်အနေဖြင့် သံခင်းတမန်ခင်းအရ ဖြေရှင်းရန် ပိုမိုလိုလားလျက်ရှိသည်။

အရေးပေါ်ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတွင် စကားပြောဆိုခဲ့စဉ် အမေရိကန်ဆိုင်ရာကုလသံအမတ် နစ်ကီဟာလေက အမေရိကန်ပြည်ထောင်စုသည် မြောက်ကိုရီးယားနှင့်စစ်ပွဲဖြစ်ပွားရန် ဘယ်သောအခါမှ ဦးတည်လိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နေ့က မိမိတို့မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရသကဲ့သို့ ကျူးကျော်ရန်စသော အပြုအမူများ ဆက်တိုက်ပြုလုပ်လာမှုကြောင့် အကယ်၍ စစ်ပွဲသာ အမှန်တကယ် ဖြစ်ပွားလာခဲ့လျှင် မြောက်ကိုရီးယားနိုင်ငံသည် အမှန်တကယ်ဖျက်ဆီးခံရလိမ့်မည်မှာ လုံးဝမှားယွင်းမှု မရှိနိုင်ကြောင်း နစ်ကီက ပြောကြားခဲ့သည်။

**ရိုက်တာ**



## နိုင်ငံတကာ သတင်းတိုထွာ

### တောင်ဆူဒန်တွင် မွေးမြူရေးမြေနေရာအတွက် နေရာလုမှုဖြစ်ပွား

**နိုင်ရိုဘီ နိုဝင်ဘာ ၃၀**

တောင်ဆူဒန်နိုင်ငံအရှေ့ပိုင်း ဂျွန်လိုင်ပြည်နယ်ရှိ ရွာတစ်ရွာတွင် ယမန်နေ့က တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူပေါင်း ၄၀ ထက်မနည်း သေဆုံးခဲ့ပြီး ၁၉ ဦးခန့် ဒဏ်ရာများရရှိခဲ့ကြောင်း သက်ဆိုင်ရာ အရာရှိတစ်ဦးက ပြောခဲ့သည်။

လက်နက်ကိုင်အဖွဲ့အစည်း တစ်ခုသည် နိုဝင်ဘာ ၂၈ ရက်နံနက်ပိုင်းတွင် အဆိုပါရွာကို တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ တိုက်ခိုက်မှုကြောင့် လူများ သေဆုံး၊ ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့သည့် အပြင် လက်နက်ကိုင်အဖွဲ့အစည်းအနေဖြင့် အမျိုးသမီး၊ ကလေးငယ်နှင့် အိမ်မွေးတိရစ္ဆာန်များလည်း ဖမ်းယူသွားခဲ့ကြောင်း ပြည်နယ်သတင်းထုတ်ပြန်ရေး အရာရှိက ပြောခဲ့သည်။

အဆိုပါ ဒေသတွင် တိရစ္ဆာန်နှင့် မွေးမြူရေးမြေနေရာရရှိရန် တိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း ဒေသတွင်းမီဒီယာများက သတင်းများတွင်ဖော်ပြသည်။ **ဆင်ဟွာ**

### အိုင်ယာလန် ဒုတိယဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်

**ဒဗ္ဗလင် နိုဝင်ဘာ ၃၀**

ဘက်ပေါင်းစုံဖိအားပေးမှုကို မခံနိုင်သည့်အဆုံး အိုင်ယာလန်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဖရန်ဆက်စ်ဖစ်ဂါရယ်အနေဖြင့် ရာထူးမှ နုတ်ထွက်သွားခဲ့ကြောင်း မကြာသေးမီက သတင်းများတွင် ဖော်ပြခဲ့သည်။

ရွေးကောက်ပွဲကို ကြိုတင်ကျင်းပခြင်းဖြင့် လအတန်ကြာအုပ်ချုပ်မည့် အစိုးရမရှိဘဲ ဖြစ်နေခြင်းမျိုး မဖြစ်ပွားရန်နှင့် အိုင်ယာလန်နိုင်ငံ၏အမျိုးသား အကျိုးစီးပွားအတွက် ၎င်းအနေဖြင့် ရာထူးမှ နုတ်ထွက်ခြင်းဖြစ်ကြောင်း အိုင်ယာလန်နိုင်ငံပိုင် ရုပ်သံဌာနတွင် ဖော်ပြခဲ့သည်။

အိုင်ယာလန်နိုင်ငံ ဝန်ကြီးချုပ် လီယိုဗာရာဒ်ကာက ဖရန်ဆက်စ်ဖစ်ဂါရယ်၏ နုတ်ထွက်စာကို ဝမ်းနည်းစွာဖြင့် လက်ခံရရှိခဲ့ကြောင်း၊ ၎င်း၏နုတ်ထွက်မှုကြောင့် ရွေးကောက်ပွဲဆောလျင်စွာ ကျင်းပခြင်းကို ရှောင်ရှားနိုင်ခဲ့ပြီး အစိုးရနှင့် လွှတ်တော်၏ ယန္တရားများကို ဆက်လက် လည်ပတ်နိုင်စေကြောင်း ပြောခဲ့သည်။

၂၀၁၆ခုနှစ်တွင် အိုင်ယာလန်နိုင်ငံ အောက်လွှတ်တော်က ရွေးကောက်ပွဲကျင်းပခဲ့ရာ အိုင်ယာလန်စည်းလုံးညီညွတ်ရေးပါတီက လွှတ်တော်တွင် ကိုယ်စားလှယ်အရေအတွက် အများဆုံးရရှိခဲ့သော်လည်း အစိုးရဖွဲ့စည်းရန်အတွက် ကိုယ်စားလှယ်အရေအတွက် တစ်ဝက်ကျော်ရရှိခြင်းပင် မရှိခဲ့ကြောင်း သိရသည်။ ထို့နောက် တစ်သီးပုဂ္ဂလအဖွဲ့မှ လွှတ်တော်ကိုယ်စားလှယ် အချို့၏ ထောက်ခံမှုကို ရရှိခဲ့ပြီးနောက် အစိုးရဖွဲ့စည်းနိုင်ခဲ့သည်။ **ဆင်ဟွာ**

# လွတ်လပ်စွာကုန်သွယ်ခွင့် သဘောတူညီချက်အသက်ဝင်လာဖို့

*တင်လင်းအောင်*



မြောက်အမေရိကလွတ်လပ်စွာကုန်သွယ်ခွင့်သဘောတူညီချက်နောက်ဆုံးအကြိမ် ညှိနှိုင်းမှုဟာ လွန်ခဲ့တဲ့ရက်သတ္တပတ်က မရေရာမှုတွေနဲ့ အဆုံးသတ်ခဲ့ပါတယ်။ အလျှော့ပေးညှိနှိုင်းမှုတွေနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ အဲဒီ သဘောတူညီချက်မှ လက်ပြန့တ်ဆက်မယ်လို့ ပြောခဲ့တာတွေဟာ ဘယ်အခြေအနေ အထိရောက်နေပြီလဲ ဆိုတာနဲ့ ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး။ သို့သော်လည်းပဲ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ကုန်သွယ်မှုအပေါ် ချဉ်းကပ်မှုကတော့ အကျိုးမရှိဘူးဆိုတာကို သိသင့်သလောက်သိနှင့်နေပြီ ဖြစ်ပါတယ်။

ပူးပေါင်းဆောင်ရွက်မှုနဲ့ ငွေရေးကြေးရေးအကျိုးဖြစ်ထွန်းနေချိန်မှာ ကုန်သွယ်ခွင့် သဘောတူညီချက်တွေဟာ အမေရိကန်ပြည်ထောင်စုအပေါ် အကျိုးသက်ရောက်မှုသိပ်မရှိဘူးလို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ စဉ်းစားပုံက မှားလား၊ မှန်လားဆိုတာ အချိန်က အဆုံးအဖြတ်ပေးမှာပါ။ ပစိဖိတ် နိုင်ငံဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှုမှ နောက်ဆုတ်ထွက်ခွာခဲ့တာဟာ သူ့အတွက်တော့ မှန်ကန်နိုင်မလားဆိုတာတော့ မသိသေးပါဘူး။ ပစိဖိတ်နိုင်ငံဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ဟာ လွတ်လပ်စွာကုန်သွယ်ခွင့်အပေါ် အကျိုးသက်ရောက်မှုနည်းပြီး ရင်းနှီးမြှုပ်နှံသူတွေ၊ ကုမ္ပဏီကြီးတွေနဲ့ ဆေးဝါးလုပ်ငန်းတွေအပေါ် တစ်ခဲနက် အကျိုးပြုနေပါတယ်။

သို့သော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ နဖ်ဖတာ (NAFTA) ပြန်လည်ညှိနှိုင်းမှုကို ဦးစားပေးတဲ့အတွက် မှားယွင်းကောင်း မှားယွင်းနိုင်ပါတယ်။ မက္ကဆီကိုဘက်ကို စီးဆင်းသွားတဲ့ အလုပ်တွေဟာ ဘယ်တော့မှ သေချာသလောက် ပြန်ရတော့မှာ မဟုတ်ပါဘူး။ စက်အစားထိုးလုပ်ဆောင်မှုတွေကြောင့် ကုန်ထုတ်လုပ်တဲ့ အလုပ်အကိုင်ရရှိမှုမှာ အလုပ်သမားအင်အားရာခိုင်နှုန်းဟာ နည်းသထက်နည်းလာနေတယ်ဆိုတာ သေချာသလောက်ရှိပါတယ်။ သို့သော်လည်း ကုန်သွယ်မှုအခက်အခဲအတားအဆီးတွေဟာ အလုပ်အကိုင်ရရှိရေးကို နှောင့်ယှက်ဟန့်တားမှုတွေတော့ ဖြစ်ကောင်းဖြစ်နိုင်ပါသေးတယ်။ အမေရိကန်ရဲ့ကားထုတ်လုပ်မှုတွေဟာ အခုဆိုရင် မြောက်အမေရိကကို အများအပြား မှီခိုနေရပါတယ်။

မက္ကဆီကိုနိုင်ငံနဲ့ နှစ်နိုင်ငံကုန်သွယ်မှုလိုငွေပြမှုတွေအပေါ် အမေရိကန်သမ္မတထရန့်ရဲ့ အာရုံစိုက်မှုတွေဟာ အခုဆိုရင် ထင်သလိုတွေဖြစ်မလာတော့ပါဘူး။ အမေရိကန်ပြည်ထောင်စုရဲ့အလုံးစုံ ကုန်သွယ်ရေးလိုငွေပြမှုတွေကို နိုင်ငံရဲ့စီးပွားရေးတစ်ခုလုံးကို ခြုံငုံသုံးသပ်ပြီး လေ့လာခြင်း (macro economic factors) ဆိုတဲ့ အကြောင်းခြင်းရာတွေနဲ့ အဓိကဆုံးဖြတ်ပါတယ်။ ဒါတွေအပေါ်မှာ မက္ကဆီကိုနိုင်ငံနဲ့စီးပွားရေးဆိုင်ရာမူဝါဒတွေဟာ မဆိုသလောက်သာ ပြောင်းလဲခဲ့ပါတယ်။

နိုင်ငံခြားမှ တင်ပို့မှုများပြီး အမေရိကန်နိုင်ငံမှ တင်သွင်းမှုနည်းနေတဲ့ ကူးသန်းရောင်းဝယ်ရေး ဓလေ့အပေါ် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေတဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အစိုးရရဲ့ ကုန်သွယ်ရေးမူဝါဒဟာ အောင်မြင်မှုသိပ်မရရှိခဲ့ပါဘူး။ ဆိုလိုသည်မှာ ကုန်သွယ်ရေးသဘောတူညီချက်ဆိုတာဟာ နိုင်ငံခြားမှတင်ပို့မှုများပြီး အမေရိကန်နိုင်ငံမှ တင်သွင်းမှုနည်းနေတဲ့ ကူးသန်းရောင်းဝယ်ရေးဓလေ့အပေါ် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေတဲ့ သူတွေအတွက်တော့ တခြားနိုင်ငံမှ စီးပွားရေးကို အမေရိကန်နိုင်ငံရှိ ကုမ္ပဏီတွေထံလမ်းဖွင့်ပေးချင်တဲ့ ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။ လူတိုင်းဟာ သူတို့ရဲ့စီးပွားရေးဟာ ဘယ်လိုအလုပ်လုပ်သလဲ ဆိုတဲ့အပေါ် ချိန်ညှိမှုတော့လုပ်ဖို့လိုပါတယ်။

ကုန်သွယ်ရေးသဘောတူညီချက်ဟာ နယ်စပ်တွေမှာ အခွန်အကောက်တွေနဲ့ အခွန်အကောက်မဟုတ်တဲ့ အခြားကန့်သတ်ချက်တွေကို အဓိကအခြေခံထားသည်ဖြစ်ရာ သေးငယ်တဲ့ကုမ္ပဏီတွေကို ကာကွယ်ပေးဖို့ များများတင်ပို့ပြီး နည်းနည်းတင်သွင်းတဲ့ စီးပွားရေးစနစ်တစ်ခုဟာ အကျိုးပြုတဲ့ ရလဒ်တွေရှိလာဖို့ မျှော်လင့်ပါတယ်။ လိုချင်တဲ့ ကုန်သွယ်ရေးသဘောတူညီချက်တစ်ခုကို ရဖို့ဆိုသည်မှာ အမေရိကန်ပြည်ထောင်စုဘက်ကလည်း ၎င်းရဲ့အခွန်အကောက်တွေကို လျှော့ချဖို့လိုသလို အပြန်အလှန်အနေဖြင့်လည်း တခြားနိုင်ငံတွေကလည်း ၎င်းတို့ရဲ့ အခွန်အကောက်တွေကို အလားတူလျှော့ချဖို့ လိုအပ်ပါတယ်။ အကျိုးရလဒ်အနေဖြင့် နိုင်ငံတကာ ကုန်သွယ်မှုဆိုတာ လွတ်လပ်မှုရှိလာမှာ ဖြစ်ပါတယ်။

သို့သော်လည်း ယနေ့ခေတ် ကုန်သွယ်မှု သဘောတူညီချက်တွေဟာ ပြည်တွင်း စည်းမျဉ်း၊ စည်းကမ်းတွေ၊ စံသတ်မှတ်ချက်တွေနဲ့ပဲ လုံးလည်ချာလည် လိုက်နေကြပါတယ်။ နောက်ကွယ်က စည်းမျဉ်း၊ စည်းကမ်းတွေဟာ နိုင်ငံတကာကုန်သွယ်မှုတွေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို အကျပ်ရိုက်စေပါတယ်။ အဲဒီလိုဆိုတော့ ကူးသန်းရောင်းဝယ်ရေးဟာ မျှော်လင့်ချက်အိပ်မက်လေး တောင်ဖြေသိမ့်စရာရှိမှာ မဟုတ်သလောက်ပါပဲ။ ခုခါမှာတော့ ရင်းနှီးမြှုပ်နှံသူတွေနဲ့ ကော်ပိုရေးရှင်းတွေဟာ နယ်စပ်ဖြတ်ကျော် လှုပ်ရှားဆောင်ရွက်မှုတွေမှာ ကုန်သွယ်ရေး၏ ခလုတ်တံသင်း အဟန့်အတားတွေအားလုံးကို ဖယ်ရှားရှင်းလင်းစေချင်နေပြီ ဖြစ်ပါတယ်။

ဖြစ်စေချင်တဲ့ အကျိုးတွေအကုန်လုံးကို ကုန်သွယ်ရေးသဘောတူညီချက်မှာ မကြာမီပုံပေါ်လာမယ်ဆိုရင် နိုင်ငံတကာကုန်သွယ်မှုဟာ အတိုင်းထက်အလွန်ကောင်းလာဖို့ရှိပါတယ်။

၁၉၉၀ ပြည့် နှစ်လွန်နှစ်များကတည်းကစခဲ့တဲ့ ကုန်သွယ်ရေးမူပိုင်ခွင့်တွေဟာ ယခုအချိန်အထိ ရှိနေတုန်းပါပဲ။ သမိုင်းကြောင်းအနေနဲ့ ပြောမယ်ဆိုရင် တီထွင်ဆန်းသစ်မှုအတွက် အကာအကွယ်၊ မက်လုံးပေးတဲ့အနေနဲ့ မူပိုင်ခွင့်ဥပဒေတွေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဟုတ်ပါတယ်။ စီးပွားရေးသမားတွေ ဒုနဲ့ဒေးများပြားလာတဲ့ ခေတ်ထဲမှာ ဒီလိုမူပိုင်ခွင့်တွေဟာ လိုအပ်ပါတယ်။ အဲဒါကို ကုန်သွယ်ရေးဆက်စပ်အသိဉာဏ်မူပိုင်ခွင့်အခွင့်အရေးလို့ ခေါ်ဆိုလို့ရပါတယ်။ အဲဒီလိုကာကွယ်မှုတွေဟာ ကမ္ဘာ့ဝယ်ယူစားသုံးသူတွေရဲ့ အကျိုးအမြတ်တွေကို အမေရိကန်ပြည်ထောင်စုရဲ့ ဉာဏမူပိုင်ခွင့်တင်ထားတဲ့သူတွေဆီကို လွှဲပြောင်းရောက်ရှိစေပါတယ်။

အမေရိကန်သမ္မတ ထရန့်ဟာ ကြီးမားတဲ့ ဆေးဝါးကုန်သွယ်မှုအစည်းအဝေးအစီအစဉ်မှာ အသိဉာဏ်မူပိုင်ခွင့် ကာကွယ်မှုမြှင့်တင်ဖို့အရေး အခြားနိုင်ငံတွေနဲ့ ညှိနှိုင်းမှုတွေ လုပ်ဆောင်နေပါတယ်။ သဘော်ဖြင့် ကုန်စည်ပို့ဆောင်မှုနဲ့ အမျိုးသားလုံခြုံရေးနဲ့ပတ်သက်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအပေါ် ပြည်တွင်း အတားအဆီးတွေ ရှိနေသော်လည်း အမေရိကန်ပြည်ထောင်စုဟာ နိုင်ငံရပ်ခြားမှာ စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဆောင်တဲ့အခါ အဟန့်အတားတွေကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တစ်ယောက် နည်းနိုင်သမျှနည်းစေချင်ပါတယ်။

အမေရိကန်သမ္မတထရန့်ဟာ လုပ်အားနဲ့ သဘာဝပတ်ဝန်းကျင်အဆင့်အတန်းအပေါ် ထိန်းသိမ်းမယ်လို့ လောကွတ်လုပ်နေသော်လည်း သူ့အနေဖြင့် ပြည်တွင်းမူဝါဒများအပေါ် သိပ်စိတ်မဝင်စားကြောင်း သိရပါတယ်။

လူ့မလိုင်၊ လူချမ်းသာတွေနဲ့ အလယ်အလတ်တွေပေါင်းစုထားတဲ့ ပြည်သူ့တရားဝင်သဘောတူညီချက်တွေနဲ့ တည်ဆောက်ထားတဲ့ အမှန်စင်စစ် သင့်တင့်မျှတတဲ့ ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်တစ်ခုဟာ ပြည်တွင်းကသာ စတင်ပါတယ်။

မည်သည့် လူ့အသိုင်းအဝိုင်းမဆို သူတို့ကိုယ်တိုင်သူတို့ ကမ္ဘာ့စီးပွားရေးဆီသို့ လမ်းဖွင့်သွားနေကြပါတယ်။ အဲဒီလိုသွားတဲ့အခါမှာလည်း အလုပ်သမားတွေနဲ့ လူ့အသိုင်းအဝိုင်းတွေအပေါ် ဆိုးကျိုးမသက်ရောက်ဖို့အတွက် လူမှုရေးရာပြောင်းလဲမှုတွေ၊ အလုပ်သမားတွေကို သင်တန်းပေးတဲ့ အစီအစဉ်တွေနဲ့ ဒေသတွင်း မူဝါဒတွေ လိုအပ်ပါတယ်။

ကုန်သွယ်မှုကို ချဉ်းကပ်တဲ့ ပြည်တွင်းနည်းလမ်းတွေဟာလည်း ပိုမိုကောင်းမွန်တဲ့ စည်းမျဉ်းတွေနဲ့ နည်းလမ်းတွေအပေါ် ချဉ်းကပ်ရမှာ ဖြစ်ပါတယ်။ ထိုသို့ ပြုလုပ်နိုင်ဖို့အရေး ပြည်တွင်းမှာ ကောင်းမွန်တဲ့နည်းလမ်းတွေရှိဖို့လိုသလို ပြည်ပနိုင်ငံများကလည်းကောင်းမွန်တဲ့ နည်းလမ်းတွေနဲ့ သွားရမှာဖြစ်ပါတယ်။

ဆိုခဲ့သလို ကုန်သွယ်မှုသဘောတူညီချက် အောင်မြင်ဖို့ဆိုရင် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ညှိနှိုင်းလုပ်ဆောင်မှုတွေပြုလုပ်ရပါမယ်။ ထို့အတူ နယ်စပ်နောက်ကွယ်က စည်းမျဉ်း၊ စည်းကမ်းတွေဟာ နိုင်ငံတကာကုန်သွယ်မှုတွေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို အကျပ်ရိုက်စေတဲ့အတွက်ကြောင့် တိကျတဲ့စည်းမျဉ်း၊ စည်းကမ်းတွေကို ကျင့်သုံးရပါမယ်။ အဲဒီလိုဆိုရင် ကူးသန်းရောင်းဝယ်ရေးဟာ အောင်မြင်လာမှာဖြစ်ပြီး နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုတွေလည်း တွင်ကျယ်လာမှာဖြစ်ပါတယ်။ နယ်စပ်ဖြတ်ကျော်လှုပ်ရှားဆောင်ရွက်မှုတွေမှာ ကုန်သွယ်ရေး၏ ခလုတ်တံသင်း အဟန့်အတားတွေသာမရှိဘူးဆိုရင် ရင်းနှီးမြှုပ်နှံသူတွေနဲ့ ကော်ပိုရေးရှင်းတွေဟာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဆောင်လာကြမှာပဲ ဖြစ်ပါတယ်။ ထို့အတူ နိုင်ငံတကာ ညှိနှိုင်းဖြေလျှော့မှုတွေရှိမယ်ဆိုရင် ကုန်သွယ်ခွင့်သဘောတူညီချက်ဟာလည်း အသက်ဝင် လာမှာဖြစ်ပါတယ်ဆိုတာ ရေးသားတင်ပြလိုက်ရပါတယ်။ ။

> **"ဆိုလိုသည်မှာ ကုန်သွယ်ရေးသဘောတူညီချက်ဆိုတာဟာ နိုင်ငံခြားမှ တင်ပို့မှုများပြီး အမေရိကန်နိုင်ငံမှ တင်သွင်းမှုနည်းနေတဲ့ ကူးသန်းရောင်းဝယ်ရေးဓလေ့အပေါ် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေတဲ့ သူတွေအတွက်တော့ တခြားနိုင်ငံမှ စီးပွားရေးကို အမေရိကန်နိုင်ငံရှိ ကုမ္ပဏီတွေထံ လမ်းဖွင့်ပေးချင်တဲ့ ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်"**

# မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

(င) နိုင်ငံတော်နှင့် သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာလောကအတွက် အကျိုးပြုမည့် ကိစ္စရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နိုင်ငံတကာနှင့်ဒေသဆိုင်ရာ သို့မဟုတ် ပြည်တွင်းပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ ဆေးကုသခွင့် လိုင်စင်ကြေး၊ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေးများကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဆ) ကောင်စီသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်နိုင်ခြင်း၊

(ဇ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အခါအားလျော်စွာ အပ်နှင်းသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

**အခန်း(၅)**

**ကောင်စီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာများတွင် အစားထိုးခန့်ထားခြင်း**

၉။ အောက်ပါအကြောင်းအရာ တစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ကောင်စီသည် ကောင်စီဝင်တစ်ဦးဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) မိမိဆန္ဒအရ နုတ်ထွက်ခြင်း ၊

(ခ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ကောင်စီအစည်းအဝေးသို့ တက်ရောက်ရန် တစ်ဆက်တည်း သုံးကြိမ်ဆက်တိုက် ပျက်ကွက်ခြင်း ၊ တစ်ဆက်တည်း မဟုတ်ဘဲ (၅)ကြိမ် ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ပြည်ပသို့ ခြောက်လနှင့်အထက် ထွက်ခွာခြင်း၊

(ဃ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(င) ဆေးကုသခွင့်လိုင်စင် ပယ်ဖျက်ခံရခြင်း (သို့မဟုတ်) ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း၊

(စ) ကောင်စီက သတ်မှတ်သော အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တရားဥပဒေအရ ထောင်ဒဏ်အပြစ်ပေးခံရခြင်း၊

(ဆ) ကိုယ်ကျင့်တရားပျက်ပြားသည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(ဇ) ကောင်စီမှ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်း၊

(ဈ) ကောင်စီဝင် တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ-

(၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော အရာထမ်း သို့မဟုတ် ဆေးဝန်ထမ်းတစ်ဦး၏ နေရာဖြစ်လျှင် ယင်းနေရာတွင် ထမ်းဆောင်မည့် ပုဂ္ဂိုလ်အား နာယကအဖွဲ့မှ အစားထိုးတာဝန်ပေးရမည်။

(၂) ရွေးချယ်တင်မြှောက်ခံရသော ကောင်စီဝင်တစ်ဦး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ ဆေးကုသခွင့် လိုင်စင်ရ သွားနှင့်ခံတွင်းဆရာဝန်များက ရွေးချယ်တင်မြှောက်သည့် ကောင်စီဝင်တစ်ဦးဖြစ်လျှင် ယင်းတို့ကို အစားထိုးရွေးချယ် တင်မြှောက်ရမည်။

(၃) ပုဒ်မခွဲ(၁) သို့မဟုတ် (၂)အရ အစားထိုးတာဝန်ပေးအပ်ခြင်း သို့မဟုတ် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် ကောင်စီ၏ ကျန်ရှိသည့် သက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်ရမည်။

၁၀။ ကောင်စီဝင်အဖြစ်မှ နုတ်ထွက်လိုသော ကောင်စီဝင်တစ်ဦးဦးသည် မိမိ၏ နုတ်ထွက်စာကို ကောင်စီဥက္ကဋ္ဌမှတစ်ဆင့် အလုပ်အမှုဆောင်အဖွဲ့ထံ တင်ပြရမည်။

**အခန်း(၆)**

**အစည်းအဝေးကျင်းပခြင်း**

၁၁။ ကောင်စီ၏ ပုံမှန်အစည်းအဝေးကို လေးလလျှင် တစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

၁၂။ (က) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို နှစ်လလျှင်တစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပနိုင်သည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံး ပုံမှန်အစည်းအဝေးတွင် တင်ပြ၍အတည်ပြုချက် ရယူရမည်။

၁၃။ ကောင်စီအစည်းအဝေးနှင့် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများ ကျင်းပရာတွင် ကောင်စီဝင်ဦးရေ၏ ထက်ဝက်ကျော် တက်ရောက်မှသာ အစည်းအဝေး အထ မြောက်သည်။

၁၄။ ကောင်စီနှင့်အလုပ်အမှုဆောင်အဖွဲ့တို့သည် မိမိတို့၏ ဆောင်ရွက်ချက်များကို သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များနှင့် နီးနွယ်အဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ဆေးကောင်စီ၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းသို့ အခါအားလျော်စွာ အသိပေးအကြောင်းကြား နိုင်သည်။

**အခန်း(၇)**

**ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးခြင်း**

၁၅။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ ရုံးလုပ်ငန်း တာဝန်များကို ဆောင်ရွက်နိုင်ရန် -

(က) ရုံးအဖွဲ့မှူး တစ်ဦး၊ ဒုတိယရုံးအဖွဲ့မှူးတစ်ဦးနှင့် မှတ်ပုံတင်အရာရှိ တစ်ဦးတို့ကို ခန့်ထားပြီး တာဝန်များသတ်မှတ်ပေးရမည်။

(ခ) လိုအပ်သောဝန်ထမ်းများကို ခန့်ထားပြီး တာဝန်များ သတ်မှတ်ပေးရမည်။

**အခန်း(၈)**

**ဘဏ္ဍာရေး**

၁၆။ ကောင်စီသည် ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့နှင့် ရုံးအဖွဲ့တို့၏ကုန်ကျစရိတ်များကို ကျခံရမည်။

၁၇။ ကောင်စီသည်မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေး၊ အခြားသော အထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို ပြုလုပ်နိုင်သည်။

၁၈။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်ရမည် -

(က) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ စာမေးပွဲကြေးနှင့် အခြားဝန်ဆောင်စရိတ်များမှ ကောက်ခံရရှိငွေများ၊

(ခ) ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင် တိုးပွားငွေများ။

၁၉။ ကောင်စီသည် ပြည်တွင်း ပြည်ပရှိအဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ အလှူငွေ၊ ပစ္စည်းနှင့် အခြားအကူအညီများကို လက်ခံနိုင်သည့်အပြင် တည်ဆဲစည်းမျဉ်း စည်းကမ်းများနှင့်အညီ တရားဝင် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၂၀။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ဆောင်ရွက်ရမည်။ မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဘဏ္ဍာရေးကော်မရှင်ထံ တင်ပြတောင်းခံနိုင်သည်။

၂၁။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**အခန်း(၉)**

**သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ်**

၂၂။ မှတ်ပုံတင်လက်မှတ်ရရှိလိုသော အောက်ပါဘွဲ့တစ်ခုခု(သို့မဟုတ်) ပုဒ်မ ၇ (ခ) အရအသိအမှတ်ပြုသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့ရရှိသည့် နိုင်ငံသားတစ်ဦးသည် သတ်မှတ်ထားသည့် အလုပ်သင်ကာလပြီးဆုံးပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီသည် ဤလျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်-

(က) ပြည်တွင်းသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့၊

(ခ) ပြည်ပသွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းပြီး ကောင်စီကလည်း စိစစ်အသိအမှတ်ပြုထားသည့် သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့။

၂၃။ အလုပ်အမှုဆောင်အဖွဲ့သည် -

(က) ပုဒ်မ ၂၂ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေးနှင့် အခြားသတ်မှတ်ထားသည့်ကြေး (စာမေးပွဲကြေးနှင့် ဒဏ်ကြေး)များပေးသွင်းစေ၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းခံရသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၏အမည်နှင့် သက်ဆိုင်ရာ အချက်အလက်များကို သွားနှင့် ခံတွင်းဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရမည်။

၂၄။ ကောင်စီသည် သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း ပြုရမည် -

(က) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦး၏ ကျင့်ဝတ်သိက္ခာနှင့် သက်ဆိုင်သည့်အပြင် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အဖြစ်လည်း ဆက်လက်ထမ်းဆောင်ရန် မသင့်ဟု ကောင်စီက သတ်မှတ်ထားသည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှု ထင်ရှားစီရင်ခြင်းကို ခံရခြင်း၊

(ခ) တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကို မခံရစေကာမူ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာပျက်ယွင်း၍ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန် မသင့်လျော်ခြင်း၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကုသမှုဆိုင်ရာ တာဝန်ကို ထမ်းဆောင်ရာတွင် အရမ်း သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်ခြင်း၊

**အခန်း(၁၀)**

**သွားတုလုပ်ငန်းကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ သူနာပြု၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူများ အသိအမှတ်ပြုလက်မှတ်**

၂၅။ အသိအမှတ်ပြုလက်မှတ်ရရှိလိုသော အောက်ပါဘွဲ့တစ်ခုခုရရှိသည့် နိုင်ငံသားတစ်ဦးဦးသည် သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီသည် ဤလျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်-

(က) ပြည်တွင်းသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် သင်တန်းဆင်းလက်မှတ်၊ ဒီပလိုမာ သို့မဟုတ် ဘွဲ့ ၊

(ခ) ပြည်ပသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းပြီး ကောင်စီကလည်း စိစစ်အသိအမှတ်ပြုထားသည့် သင်တန်းဆင်းလက်မှတ်၊ ဒီပလိုမာ သို့မဟုတ် ဘွဲ့ ။

၂၆။ အလုပ်အမှုဆောင်အဖွဲ့သည် -

(က) ပုဒ်မ ၂၅ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေးနှင့် အခြားသတ်မှတ်ထားသည့်ကြေး (စာမေးပွဲကြေးနှင့် ဒဏ်ကြေး)များ ပေးသွင်းစေ၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းခံရသော သွားတုလုပ်ငန်းကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာသူနာပြု၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူများ၏ အမည်နှင့် သက်ဆိုင်သော အချက်အလက်များကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရမည်။

၂၇။ ကောင်စီသည် အသိအမှတ်ပြု သွားတုလုပ်ငန်းကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ သူနာပြု၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူ တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက အသိအမှတ်ပြုလက်မှတ်ကို ပယ်ဖျက်ရမည်-

(က) သက်ဆိုင်ရာကျင့်ဝတ် သိက္ခာဖောက်ဖျက်သည့်အပြင် သွားတုလုပ်ငန်းကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာသူနာပြု၊ သွားဘက်ဆိုင်ရာအထောက်အကူပြုသူအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရန် မသင့်ဟု ကောင်စီက သတ်မှတ်ထားသော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးတစ်ခုခု၏ ပြစ်မှုထင်ရှားစီရင်ခံရခြင်း၊

(ခ) တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကို မခံရစေကာမူ သွားတုလုပ်ငန်းကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ သူနာပြု၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူတစ်ဦး၏ ကျင့်ဝတ်သိက္ခာပျက်ယွင်း၍ လုပ်ငန်းများ ဆက်လက်ထမ်းဆောင်ရန် မသင့်လျော်ခြင်း၊

(ဂ) သွားတုလုပ်ငန်းကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာသူနာပြု၊ သွားဘက်ဆိုင်ရာအထောက်အကူပြုသူတစ်ဦး၏ ကုသမှုဆိုင်ရာ တာဝန်ကို ထမ်းဆောင်ရာတွင် အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုလုပ်ခြင်း၊

**အခန်း(၁၁)**

**သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသခွင့်လိုင်စင်**

၂၈။ (က) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးသည် သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာဖြင့် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက အထွေထွေ ဆေးကုသခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီသည် လျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားသည့် လျှောက်လွှာကိုစိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော ကြေးများပေးသွင်းစေ၍ လိုအပ်ပါက အရည်အချင်းစစ်ဆေးခြင်း ပြုလုပ်ပြီး အရည်အချင်း ပြည့်မီပါက အထွေထွေဆေးကုသခွင့်လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၉။ (က) အထွေထွေ ဆေးကုသခွင့် လိုင်စင်ရရှိထားပြီး သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးသည် အထူး ဆေးကုသခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီသည် လျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးပေးသွင်းစေ၍ လိုအပ်သည့် အရည်အချင်း ပြည့်မီပါက အထူးသွားနှင့် ခံတွင်းဆေးကုသခွင့် လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၀။ (က) သွားနှင့်ခံတွင်းဆိုင်ရာ ဘွဲ့ရရှိထားသော နိုင်ငံခြားသား ဆရာဝန်တစ်ဦးဦးသည် မြန်မာနိုင်ငံတွင် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဖြင့် ဆေးကုသသည့် လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက ကန့်သတ်ဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီသည် လျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော ကြေးများ ပေးသွင်းစေ၍ ကုသခွင့်ရှိသော သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာနှင့် ဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသော နေရာဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် ကန့်သတ်ဆေးကုသခွင့် လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

*ဆက်လက်ဖော်ပြပါမည်*

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း (၉၇)

# အဂတိလိုက်စားမှု တိုက်ဖျက်ရေး



ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

**အဂတိလိုက်စားမှုဆိုသည်မှာ**

အဂတိလိုက်စားမှုဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာရှိသူက ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တစ်စုံတစ်ရာကို ပြုလုပ်ရန်၊ ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်၊ တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်သော်လည်းကောင်း၊ သက်ဆိုင်သူထံမှ တံစိုးလက်ဆောင်ကို မိမိအတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက် သော်လည်းကောင်း၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ ပေးခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန်အားထုတ်ခြင်း၊ ကမ်းလှမ်းခြင်း ကတိပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆွေးနွေးခြင်းအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်ခြင်းကို ဆိုသည်။

**[အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ (က) ]**

**နောက်ခံသမိုင်း**

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သမိုင်းအကျဉ်းကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်-

**လွတ်လပ်ရေးမရမီ ဆောင်ရွက်မှုများ**

၂၃-၁၂-၁၉၄၇ - ပြည်သူ့ထောက်ပံ့ရေးပစ္စည်းများ ခိုးယူခြင်းမှ ကာကွယ်သည့်ကော်မတီ (Civil supplies Thefts Preventive Committee)
- ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးကော်မတီ (Public Property Protection Committee)
- ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးရဲအဖွဲ့ (Public Property Protection Police-P-4)

**အရေးယူဆောင်ရွက်မှု**

၁၈၆၀ ခုနှစ် ပြစ်မှုဆိုင်ရာဥပဒေအခန်း(၉)ပုဒ်မ ၁၆၁ မှ ၁၆၅ အထိတွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များအရ အရေးယူဆောင်ရွက်ပါသည်။

**လွတ်လပ်ရေးရရှိပြီးနောက် ဆောင်ရွက်မှုများ**

၁၉၄၈ - အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေ သီးခြားပြဋ္ဌာန်းခဲ့ပြီး ၎င်းဥပဒေတွင် ပုဒ်မ (၆)ခုပါရှိကာ ဥပဒေ ပြင်ဆင်ချက် (၄) ကြိမ် ထုတ်ပြန်ပြင်ဆင်ခဲ့ပါသည်။
- ဥပဒေပုဒ်မ ၄(၂) အရ ထောင်ဒဏ်(၇) နှစ် ချမှတ်နိုင်ပါသည်။

**ကော်မရှင်ဖွဲ့စည်းခြင်း**

(၁) United Nations Convention Against Corruption (UNCAC) ကို ၃၁-၁၀-၂၀၀၃ ရက်စွဲဖြင့် General Assembly Resolution 58/4 က အတည်ပြုခဲ့ပါသည်။

(၂) ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် ၅၈/၄ (၃၁-၁၀-၂၀၀၃)တွင် UNODC အား UNCAC အတွင်းရေးမှူးရုံး (Secretariat) အဖြစ် ခန့်အပ်ခဲ့ပါသည်။

(၃) ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း UNCAC တွင် အမှတ်စဉ် (၁၃၇) အဖြစ် ၂-၁၂-၂၀၀၅ နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

(၄) ၂၀-၁၂-၂၀၁၂ ရက်နေ့တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုခဲ့ပါသည်။

**ကော်မတီဖွဲ့စည်းခြင်း**


လာဘ်ပေးလာဘ်ယူမှုအရေးယူဆောင်ရွက်ရေးကော်မတီအား ၈-၁-၂၀၁၃ နေ့တွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (ဥက္ကဋ္ဌ)အဖြစ် ဦးဆောင်၍ အဖွဲ့ဝင်ရှစ်ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

**ဥပဒေမူကြမ်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေမူကြမ်းကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သတ္တမအစည်းအဝေးက ၂၅-၇-၂၀၁၃ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။

၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၇-၈-၂၀၁၃ နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

၁၇-၉-၂၀၁၃ နေ့တွင် စတင်အာဏာသက်ဝင်ခဲ့ပါသည်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ

၂၀၁၃ ခုနှစ်
ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်- ၂၃။
၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**ကော်မရှင်ဖွဲ့စည်းခြင်း**

လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်ကို ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင် ၁၃ ဦးတို့ဖြင့် ၂၅-၂-၂၀၁၄ နေ့တွင် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။

လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်အား ၄-၈-၂၀၁၄ နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖြစ် အမည်ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

**ဒုတိယအကြိမ်**

နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၃၀/၂၀၁၇ ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၃-၁၁-၂၀၁၇ ရက်စွဲအရ ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ အတွင်းရေးမှူး ဦးစန်းဝင်းနှင့်အဖွဲ့ဝင် ၁၀ ဦး စုစုပေါင်း ၁၂ ဦးဖြင့် ဒုတိယအကြိမ် ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး တာဝန်ထမ်းဆောင်ဆဲဖြစ်ပါသည်။

**ဥပဒေ၏ ရည်ရွယ်ချက်များ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

( က ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်

( ခ ) သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းစေရန်

( ဂ ) အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်

(ဃ) အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်

( င ) အဂတိလိုက်စားမှုကျူးလွန်သူများအား ထိရောက်စွာ အရေးယူရန်

( စ ) တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်

**[အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၄ ]**

**ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ယင်းအဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း လိုအပ်ပါက အဆိုပါ လုပ်ငန်းကော်မတီနှင့်အဖွဲ့တစ်ခုခုကို ကော်မရှင်၏ လုပ်ငန်းတာဝန်များ လွှဲအပ်တာဝန်ပေးခြင်း၊ ယင်းလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

(ဂ) စစ်ဆေးရေးမှူးချုပ်ခန့်အပ်ရန် နိုင်ငံတော်သမ္မတထံ အကြံပြုတင်ပြခြင်း

(ဃ) အဂတိလိုက်စားမှုများကို စုံစမ်းဖော်ထုတ်ရန် ကိစ္စနှင့်စပ်လျဉ်း၍ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တို့အား စုံစမ်းစစ်ဆေးစေပြီး တွေ့ရှိချက်အစီရင်ခံစာကို တင်ပြစေခြင်း

(င) အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံ တင်ပြခြင်း

(စ) ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ စာရင်းပြုစုတင်ပြရမည့် လုပ်ပိုင်ခွင့်အာဏာရှိသူ အမျိုးအစားနှင့် ရာထူးတာဝန်အဆင့်သတ်မှတ်ခြင်း

(ဆ) လုပ်ပိုင်ခွင့်အာဏာရှိသူက တင်ပြသော ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ မှန်ကန်မှုရှိ၊ မရှိ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးစေခြင်း

(ဇ) နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံ သတ်မှတ်ချက်များနှင့်အညီ တင်ပြခြင်း

(ဈ) အဂတိလိုက်စားမှု ပပျောက်ရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများက လုပ်ငန်းအစီအစဉ်များ၊ စီမံချက်များ ရေးဆွဲရာတွင် အကြံဉာဏ်ပေးခြင်း

(ည) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ပိုင်ခွင့်အာဏာရှိသူများ၏ ရိုးသားဖြောင့်မတ်သည့် စိတ်ဓာတ်ကို ပိုမိုမြှင့်တင်ရေးနှင့် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးတို့တွင် ပြည်သူအများပါဝင်နိုင်ရေးအတွက် သင့်လျော်သော အစီအမံများ ချမှတ်၍ ဆောင်ရွက်ခြင်း

(ဋ) အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရစီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးဌာနအဖွဲ့အစည်းများ၏ အရာထမ်း၊ အမှုထမ်းများအား ကော်မရှင်၏ လုပ်ငန်းတာဝန်များကို လိုအပ်ပါက သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် တာဝန်ပေးဆောင်ရွက်စေခြင်း

(ဌ) တိုင်ကြားစာများကို စိစစ်၍ လက်ခံခြင်း၊ မမှန်မကန်တိုင်ကြားကြောင်း စိစစ်တွေ့ရှိသည့် တိုင်ကြားစာများကို ပယ်ချခြင်းနှင့် မမှန်မကန်တိုင်ကြားသူကို ဥပဒေအရ အရေးယူခြင်း

(ဍ) အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ အဆောက်အအုံနေရာ တစ်ခုခုအတွင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးမှူးများအား တာဝန်ပေးအပ်ခြင်း

(ဎ) အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

(ဏ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ပေးအပ်သည့် အခြားတာဝန်များ ဆောင်ရွက်ခြင်း

**[ ဥပဒေပုဒ်မ ၁၆ ]**

**လုပ်ပိုင်ခွင့်များ**

ကော်မရှင်ဥပဒေပုဒ်မ ၁၇(က) (ခ) (ဂ) (ဃ) (င) (စ) (ဆ) တို့အရ သက်သေခံပစ္စည်းများအပေါ် လုပ်ပိုင်ခွင့်များ၊ ဥပဒေအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် အကူအညီများရယူဆောင်ရွက်ခြင်း သက်သေများကိစ္စ စသည်တို့ကို လုပ်ပိုင်ခွင့်အပ်နှင်းထားပေသည်။

**ဥပဒေပြင်ဆင်ရန် လျာထားမှု**

လက်တွေ့လုပ်ငန်းဆောင်ရွက်မှုများအပေါ် လိုအပ်ချက်၊ အားသာချက်၊ အားနည်းချက်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေအား ပြင်ဆင်နိုင်ရန်လျာထားမှု အကြံပြုချက်များကိုလည်း တင်ပြဆောင်ရွက်ဆဲဖြစ်ပါသည်။

**စေတနာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းသည် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်၍မရ။ အများပြည်သူပါဝင်ဝိုင်းဝန်းဆောင်ရွက်မှသာ ရည်မှန်းချက်များ အောင်မြင်မည်မုချဖြစ်ပေသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပြည်သူ့အသံအစဉ်နာခံလျက် လေးနက်ခိုင်မာသော ဇွဲမာန်ဖြင့် ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရမည်ဟု တွေးမိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ... ။ ။

**“- အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေမူကြမ်းကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သတ္တမအစည်းအဝေးက ၂၅-၇-၂၀၁၃ ရက်နေ့တွင် အတည်ပြုခဲ့၊ -၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၇-၈-၂၀၁၃ နေ့တွင် ပြဋ္ဌာန်းခဲ့”**

---

## ပုဗ္ဗသီရိမြို့နယ်၌ မူးယစ်ဆေးဝါးနှိမ်နင်းရေး အသိပညာပေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းအား နိုဝင်ဘာ ၂၆ ရက်က ညောင်ပင်ကြီးစုကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးအခမ်းအနားတွင် ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်က ဒေသခံများအား မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးအန္တရာယ်ပြစ်ဒဏ်နှင့် လူကုန်ကူးမှုအန္တရာယ်အကြောင်းအရာများကိုလည်းကောင်း၊ နယ်ထိန်းဒုရဲအုပ်ဇော်လင်းထက်က မှုခင်းမဖြစ်ပွားစေရေးအတွက် ရဲတပ်ဖွဲ့လှည့်ကင်း၊ ရပ်ကင်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားရာ ဒေသခံပြည်သူ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုကိုရှုပ(နေပြည်တော်)




# အင်နီယေစတာ ရဲ့ နေရာကို ဘယ်သူရမလဲ

**အောင်က**

**ဘာစီလိုနာကစားသမားအင်နီယေစတာလို့ ဆိုလိုက်တာနဲ့ ကမ္ဘာ့အကောင်းဆုံးကစားသမား တစ်ဦးဆိုတာဟာ ပြောပြဖို့တောင်မလိုဘူးလို့ ဆိုရမှာပါ။ ကွင်းလယ်ကစားသမား အင်နီယေစတာဟာ ဘာစီလိုနာအသင်းနဲ့အတူ တောက်ပခဲ့သူဖြစ်ပြီး စပိန်ရဲ့အကောင်းဆုံး ရွှေရောင်မျိုးဆက်လည်း ဖြစ်ပါတယ်။ သူဟာဘာစီလိုနာအသင်းမှာ ထာဝရကစားနေခဲ့သူဖြစ်ပြီး ဘာစီလိုနာလူငယ် အကယ်ဒမီကို ၁၉၉၆ခု နှစ်မှာ စတင်ရောက်ရှိခဲ့သူဖြစ်ပြီး ဘာစီလိုနာအသင်းကြီးမှာတော့ ၂၀၀၂ ခုနှစ်က စတင်ကစားခွင့်ရရှိခဲ့တဲ့သူ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ဘာစီလိုနာအသင်းကို ဗန်ဟားလ် ကိုင်တွယ်နေတဲ့အချိန်လည်းဖြစ်ပါတယ်။ သူဟာအသင်းနဲ့အတူ ၆၄၆ ပွဲကစားထားပြီး ချန်ပီယံလိဂ် လေးကြိမ်အပါအဝင် ဆုဖလားပေါင်း ၃၀ ရရှိထားခဲ့သူဖြစ်ပါတယ်။**

ဒါကြောင့်လည်းအင်နီယေစတာဟာ ဘာစီလိုနာအသင်းအတွက်တော့ နှစ်ပေါင်း များစွာကြာအောင် အလုပ်အကြွေးပြုခဲ့သူတစ်ဦးဆိုရင်လည်း မမှားဘူးလို့ ပြောရမှာပါ။ သူဟာမကြာသေးခင်ကပဲ အသင်းနဲ့ ထာဝရစာချုပ်ချုပ်ဆိုထားခဲ့ပါသေးတယ်။ အဲဒီစာချုပ်အရ သူ့အနေနဲ့အသင်းမှာ ကစားသမားဘဝကုန်ဆုံးသည်အထိ ဆက်လက်ရှိနေတော့မှာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် လာမယ့်ရာသီဆိုရင် သူ့ရဲ့ အသက်က ၃၄ နှစ်ရှိပြီဖြစ်တယ်။ ဒါကြောင့်အသင်းအနေနဲ့က သူတို့ရဲ့ဂန္ထဝင် ကစားသမား အင်နီယေစတာရဲ့နေရာမှာအစားထိုးဖို့အတွက် ကစားသမားကို ကြိုရှာထားရတော့မယ်လို့လည်း ပြောရမှာပါ။ လက်ရှိဘောလုံး လောကမှာတော့ အင်နီယေစတာရဲ့နေရာမှာအစား ဝင်နိုင်တဲ့ ကစားသမားကတော့ အများကြီး မရှိပါဘူး။ အဲဒီထဲမှာမှ အင်နီယေစတာရဲ့နေရာမှာ အကောင်းဆုံးအစားဝင်နိုင်ဖို့ရှိတဲ့ ကစားသမား အနည်းငယ်ကို ကောက်နုတ်တင်ပြလိုက်ပါတယ်။

**ကော်တင်ညို**

ကော်တင်ညိုကို ဘာစီလိုနာအသင်းက ပြီးခဲ့တဲ့ နွေရာသီဈေးကွက်က ခေါ်ယူဖို့ အပြင်းအထန်ကြိုးစားခဲ့ပါတယ်။ အဲဒီလိုခေါ်ယူဖို့ ကြိုးစားရတဲ့ အဓိကရည်ရွယ်ချက်တွေထဲက တစ်ချက်က အင်နီယေစတာရဲ့ နေရာမှာအစားထိုးဖို့လို့ ပြောရမှာပါ။ ဒါပေမယ့် လီဗာပူးအသင်းက ခါးခါးသီးသီး ငြင်းဆန်ခဲ့တာကြောင့် အပြောင်းအရွှေ့က ပျက်ပြယ်ခဲ့ပါတယ်။ ဘရာဇီးကွင်းလယ်ကစားသမား ကော်တင်ညိုဟာ လီဗာပူးအသင်းကို ၂၀၁၃ ခုနှစ်က အင်တာမီလန် အသင်းကနေ ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပါတယ်။ သူဟာအသင်းမှာ ကစားနေခဲ့စဉ်အတွင်း အသင်းရဲ့အဓိက ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ သူ့ရဲ့အတောက်ပဆုံးနှစ်က ပြီးခဲ့တဲ့ရာသီကလို့ ပြောရမှာပါ။ သူ့ရဲ့ခြေစွမ်းတွေနဲ့ အတူပြီးခဲ့တဲ့ရာသီက လီဗာပူးအသင်းဟာ ပရီမီယာလိဂ် ထိပ်ဆုံးလေးသင်းဝင်ရောက်ခဲ့ပါတယ်။ သူ့ရဲ့အလိမ်အခေါက်၊ ဘောလုံးပေးပို့မှု၊ ကစားပုံတွေဟာ ဘာစီလိုနာအသင်းရဲ့ ကစားဟန်နဲ့ကိုက်ညီမှု ရှိတယ်လို့ ပြောရမှာပါ။ သူဟာအသင်းမှာ ၁၉၂ ပွဲပါဝင်ကစားထားပြီး ၄၇ ဂိုး သွင်းယူပေးထားသူလည်းဖြစ်ပါတယ်။ သူ့ရဲ့ဒီနှစ်ရာသီမှာ အောင်မြင်တဲ့ ဘောလုံးပေးပို့မှုမှာလည်း ၈၁ ရာခိုင်နှုန်းရှိပါတယ်။ အဲဒီအချက်ဟာ ဘာစီလိုနာအသင်းအတွက် အဓိကလိုချင်တဲ့အရာလို့လည်း ပြောရမှာပါ။

**အဲရစ်ဆင်**

အဲရစ်ဆင်နဲ့ပတ်သက်ပြီး အရင်က ပြောဆိုသံတွေ သိပ်မကြားရပေမယ့် ဒီနှစ်ပိုင်းမှာတော့ သူ့ရဲ့ခြေစွမ်းတွေနဲ့ပတ်သက်ပြီး ပြောဆိုမှုတွေက ပိုမိုကျယ်လောင်လာခဲ့ပါတယ်။ သူဟာစပါးအသင်းရဲ့ ထိပ်တန်းကစားသမားတွေဖြစ်တဲ့ ဟယ်ရီကိန်း၊ ဒါလီအလီတို့နဲ့အတူ တန်းတူခြေစွမ်းပြကစားနိုင်သူလည်း ဖြစ်ပါတယ်။ ကွင်းလယ် ဖန်တီးရှင်တစ်ဦးဖြစ်တဲ့ အဲရစ်ဆင်ဟာ ၂၀၁၃ ခုနှစ်က အိုင်းယက်စ်အသင်းကနေ စပါးအသင်းကို ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပါတယ်။ ရောက်ရှိပြီးမကြာခင်မှာပဲ စပါး အသင်းရဲ့ပွဲထွက်လူစာရင်းမှာ အမြဲတမ်းပါဝင်လာခဲ့သူ ဖြစ်ပါတယ်။ သူဟာဒီနှစ်ရာသီမှာတော့ အသင်းနဲ့အတူ ၁၇ ပွဲကစားပြီး လေးဂိုးသွင်းယူကာ သုံးဂိုးရရှိအောင် စွမ်းဆောင်ပေးထားသူလည်း ဖြစ်ပါတယ်။ သူ့ရဲ့ဒီနှစ်ရာသီမှာ ဘောလုံးပေးပို့ရာမှာ တိကျမှုက ၈၁ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး တစ်ပွဲလျှင် တိကျတဲ့ဘောလုံးပေးပို့မှုက ၂ ဒသမ ၃ ရာခိုင်နှုန်းရှိပါတယ်။ သူဟာ လက်ရှိအချိန်မှာတော့ ကမ္ဘာ့ဘောလုံးလောကရဲ့အကောင်းဆုံး ဗဟိုကွင်းလယ်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ထားခြင်းခံရသူလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း သူဟာ ဘာစီလိုနာအသင်းရဲ့ပစ်မှတ် အသစ်ဖြစ်လာပြီး အင်နီယေစတာရဲ့နေရာအတွက် အသင့်တော်ဆုံးလို့လည်း ပြောရမှာဖြစ်ပါတယ်။

**တီယာဂိုအယ်ကန်တာရာ**

အယ်ကန် တာရာဟာ ဘာစီလိုနာ အသင်းမှာ ပုံမှန်ကစားခွင့်မရတာကြောင့် ၂၀၁၃ခုနှစ်က ဘာစီလိုနာအသင်းကနေ ဘိုင်ယန်မြူးနစ်အသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။ သူဟာ ဘိုင်ယန်မြူးနစ်အသင်းကို ယူရို ၂၅ သန်းနဲ့ ပြောင်းရွှေ့သွားခဲ့တာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ဈေးသက်သက်သာသာနဲ့ရရှိခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ကစားပုံဟာ အင်နီယေစတာနဲ့တူပြီး နည်းစနစ်ပိုင်းလည်း ကောင်းမွန်တဲ့သူ ဖြစ်ပါတယ်။

သူ့ရဲ့အလိမ်အခေါက်နဲ့ ဘောလုံးပေးပို့ရာမှာတိကျမှုတွေကလည်း ကောင်းမွန်တာကြောင့် ဗဟိုကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ကောင်းကောင်းကစားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ယခုနှစ်ရာသီမှာ သူဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ၁၅ ပွဲ ပါဝင်ကစားထားပြီး အောင်မြင်တဲ့ပေးပို့နိုင်မှုက ၉၀ ဒသမ၇ ရာခိုင်နှုန်းရှိပါတယ်။ သူ့ရဲ့တစ်ပွဲလျှင် အဓိကပေးပို့နိုင်မှုက ၁ ဒသမ၆ ရာခိုင်နှုန်းရှိပါတယ်။ သူဟာ ဘာစီလိုနာ အသင်းမှာကစားခဲ့ဖူးတဲ့သူ တစ်ဦးဖြစ်တာကြောင့်လည်း စပိန်ကို ပြန်ဖို့ ဆန္ဒရှိနေသူလည်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာ သူ့ရဲ့စာချုပ်သက်တမ်းက သုံးနှစ်ကျန်သေးတာကြောင့် ဘိုင်ယန်မြူးနစ်အသင်းကတော့ အလွယ်တကူရောင်းထုတ်ဖို့မရှိဘူးလို့ ဆိုရမှာပါ။ ။

**ကော်တင်ညိုကို ဘာစီလိုနာအသင်းက ပြီးခဲ့တဲ့ နွေရာသီဈေးကွက်က ခေါ်ယူဖို့ အပြင်းအထန်ကြိုးစားခဲ့ပါတယ်။ အဲဒီလိုခေါ်ယူဖို့ ကြိုးစားရတဲ့ အဓိကရည်ရွယ်ချက်တွေထဲက တစ်ချက်က အင်နီယေစတာရဲ့ နေရာမှာ အစားထိုးဖို့လို့ ပြောရမှာပါ။ ဒါပေမယ့် လီဗာပူးအသင်းက ခါးခါး သီးသီးငြင်းဆန်ခဲ့တာကြောင့် အပြောင်းအရွှေ့က ပျက်ပြယ်ခဲ့ပါတယ်။**

## ရီးရဲမက်ဒရစ်အသင်းကို ရော်နယ်ဒို စွန့်ခွာနိုင်သည်ဟု ထင်ကြေးပေးမှုများ ထွက်ပေါ်လာ




ရီးရဲမက်ဒရစ်ကစားသမား ခရစ်စတီယာနိုရော်နယ်ဒိုအနေဖြင့် ရီးရဲမက်ဒရစ် အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုဖြစ်ခြင်းမရှိပါက လာမည့် နွေရာသီဈေးကွက် ကာလအတွင်းတွင် ရီးရဲအသင်းမှ ထွက်ခွာဖြစ်လိမ့်မည်ဟု ထင်ကြေး ပေးမှုများ ထွက်ပေါ်လာခဲ့သည်။

ပေါ်တူဂီကစားသမား ရော်နယ်ဒိုသည် ဘာစီလိုနာ ကစားသမား လီယွန်နယ်မက်ဆီနှင့် ပီအက်စ်ဂျီတိုက်စစ်မှူး နေမာတို့နှင့်အဆင့်တူ စာချုပ်မျိုး ချုပ်ဆိုနိုင်ရန် လိုလားနေသည်ဟုဆိုသည်။

အာဂျင်တီးနားကစားသမား မက်ဆီသည် ပြီးခဲ့သည့် သီတင်းပတ်အတွင်းတွင် ဘာစီလိုနာအသင်းနှင့် ၂၀၂၁ ခုနှစ်အထိ သက်တမ်းရှိ စာချုပ်သစ် တစ်ရပ် ချုပ်ဆိုခဲ့ကာ ဘရာဇီးတိုက်စစ်မှူးနေမာသည်လည်း ပီအက်စ်ဂျီအသင်းသို့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် လုပ်ခလစာများအပြား ရရှိနေသူဖြစ်သည်။

အားကစားဂျာနယ်လစ်တစ်ဦးဖြစ်သူ အက်ဒူယာဒိုအင်ဒါက "လာမယ့် နွေရာသီမှာ ရော်နယ်ဒိုအနေနဲ့ ရီးရဲမက်ဒရစ်ကစားသမားအဖြစ် ဆက်ရှိနေဖို့က ခက်ခဲပါတယ်၊ ဘာကြောင့်လဲဆိုတော့ ရီးရဲမက်ဒရစ်အသင်းက မက်ဆီဟာ ဘာစီလိုနာအသင်းနဲ့ စာချုပ်သစ်မချုပ်သေးဘူးလို့ အရင်က အကြောင်း ပြချက်ပေးခဲ့ပေမယ့် အခုဆိုရင် ဘာစီလိုနာအသင်း နဲ့ မက်ဆီတို့ စာချုပ်သစ်ချုပ်ဆိုလိုက်ပြီဖြစ်သလို မက်ဆီအနေနဲ့လည်း အလွန်မြင့်မားတဲ့လုပ်ခလစာကို ရရှိခဲ့ပြီ ဖြစ်တယ်၊ ရော်နယ်ဒို အနေနဲ့ ရီးရဲမက်ဒရစ်အသင်းကလည်း သူ့ကို မက်ဆီလို စာချုပ်မျိုး ချုပ်ဆိုပေးဖို့ ဆန္ဒရှိနေတယ်၊ မက်ဆီဟာ တစ်နှစ် လုပ်ခလစာအဖြစ် အသားတင် ပေါင် ၄၅ သန်း ရရှိမှာဖြစ်ပါတယ်။ ရော်နယ်ဒိုကတော့ တစ်နှစ်လုပ်ခလစာ ပေါင် ၁၉ သန်းသာ ရရှိနေသူဖြစ်တယ်၊ ဒါကြောင့် ဖြစ်နိုင်တာက လာမယ့် နွေရာသီအတွင်းမှာ ရော်နယ်ဒို အနေနဲ့ ရီးရဲမက်ဒရစ်အသင်းကို နှုတ်ဆက်ဖို့သာ အလားအလာများတယ်၊ သူဟာ ပြီးခဲ့တဲ့ နွေရာသီတုန်းကလည်း ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့ဖို့ နီးစပ်ခဲ့ဖူးသူပါ"ဟု ပြောကြားခဲ့သည်။ မန်ယူကစားသမားဟောင်း ရော်နယ်ဒိုနှင့် ရီးရဲမက်ဒရစ်အသင်းတို့ချုပ်ဆိုထားသည့် စာချုပ်မှာ ၂၀၂၁ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ **ထက်အောင်**

## ဂျာမနီအသင်းသည် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အောင်မြင်မှုမရနိုင်ဟု နည်းပြ ဆမ်ပါအိုလီ ယူဆထား



အာဂျင်တီးနား လက်ရွေးစင်အသင်း နည်းပြ ဆမ်ပါအိုလီက မိမိအနေဖြင့် ဂျာမနီအသင်းအား လာမည့် ၂၀၁၈ ခုနှစ် ဖီဖာ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ဖိုလ်စွဲနိုင်သည့် အသင်းများအနက်မှတစ်သင်း အဖြစ် ယူဆသတ်မှတ်ထားခြင်း မရှိကြောင်း၊ ဂျာမနီအသင်း ကစားသည့် ပုံစံကို နှစ်သက်မှု မရှိကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ ဂျာမနီအသင်းသည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဖီဖာကမ္ဘာ့ဖလား ပြိုင်ပွဲ ဖိုလ်လုပွဲတွင် အာဂျင်တီးနား အသင်းအား အနိုင်ရကာ ချန်ပီယံအဖြစ် ဖိုလ်စွဲနိုင်ခဲ့သည့်အသင်းဖြစ်သည်။ ထို့အပြင် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် ပြီးခဲ့သည့် ဇွန်လ ၁၇ ရက်မှ ဇူလိုင်လ ၂ ရက်အထိ ကျင်းပခဲ့သော ၂၀၁၇ ခုနှစ် ဖီဖာကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင်လည်း ဂျာမနီအသင်းသည် လူငယ်ကစားသမား အများအပြားပါဝင်သည့် အတွေ့အကြုံအားနည်းသော အသင်းကိုသာ အသုံးပြုခဲ့သော်လည်း ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့သည်။

အာဂျင်တီးနားလူမျိုးနည်းပြ ဆမ်ပါအိုလီက အာဂျင်တီးနားနိုင်ငံရှိ ကျောင်းတစ်ကျောင်းမှ စာနယ်ဇင်း အတတ်ပညာသင်ယူနေသည့် ကျောင်းသားများနှင့် တွေ့ဆုံရာတွင် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ၌ ချန်ပီယံဖြစ်နိုင်သည့် အသင်းများနှင့်ပတ်သက်ပြီး "ကျွန်တော့်အမြင်အရ ဘရာဇီး၊ စပိန်နဲ့ ပြင်သစ်အသင်းတို့ဟာ အာဂျင်တီးနားအသင်းထက် ရှေ့တစ်လှမ်းပိုရောက်နေတယ်လို့ ယူဆပါတယ်၊ ဒါဟာ အဲဒီအသင်းတွေရဲ့ အတူတကွ စုပေါင်းလုပ်ဆောင်နေမှုအချိန်ကာလကို ကြည့်ပြီးပြောတာ ဖြစ်ပါတယ်၊ ဂျာမနီအသင်းကိုတော့ ကျွန်တော်မေ့ထားပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဂျာမနီအသင်းရဲ့ ကစားပုံကို ကျွန်တော်မကြိုက်လို့ပါ"ဟု ပြောကြားခဲ့သည်။

အာဂျင်တီးနားအသင်းသည် ဖီဖာကမ္ဘာ့ဖလားချန်ပီယံဆုကို နှစ်ကြိမ်ရရှိထားသည့်အသင်းဖြစ်သော်လည်း ၁၉၈၆ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ၌ ချန်ပီယံဆုအား နောက်ဆုံးရရှိထားသည့်အသင်း ဖြစ်သည်။

## ခံစစ်မှူး သုံးဦးအသုံးပြုသည့် နည်းဗျူဟာ သုံးစွဲမည်ဖြစ်ကြောင်း အေစီမီလန်နည်းပြသစ် ပြောဆို



စီးရီးအေကလပ် အေစီမီလန် အသင်းနည်းပြသစ် ဂတ်တူဆိုက ခံစစ်မှူး သုံးဦး အသုံးပြုသည့် နည်းဗျူဟာကို အသုံးပြုမည်ဖြစ်ကြောင်း၊ အေစီမီလန် အသင်းနည်းပြ တာဝန်သည် ခက်ခဲသည့် တာဝန်ဖြစ်သည်ကို သိရှိထားကြောင်း ထုတ်ဖော် ပြောကြားလိုက်သည်။ အီတလီ ကွင်းလယ်ခံစစ်ကစားသမားဟောင်း ဂတ်တူဆိုသည် ပြီးခဲ့သည့် နိုဝင်ဘာ ၂၇ ရက်တွင် အေစီမီလန်အသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်ပြီးနိုဝင်ဘာ ၂၈ ရက်တွင် အေစီမီလန်အသင်းနည်းပြအဖြစ် ပထမဆုံး ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ယခုကဲ့သို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

အေစီမီလန်အသင်းတာဝန်ရှိသူများသည် နိုဝင်ဘာ ၂၆ ရက်တွင် အေစီမီလန်နှင့် တိုရီနိုအသင်းတို့ ဂိုးမရှိသရေ ကျခဲ့သော စီးရီးအေပွဲအပြီးတွင် နည်းပြ မွန်တဲလားအား ရာထူးမှ ထုတ်ပယ်ခဲ့ကာ အေစီမီလန်လူငယ်အသင်းနည်းပြအဖြစ် တာဝန်ယူနေသူ ဂတ်တူဆိုအား မွန်တဲလား၏ နေရာတွင် အစားထိုး ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ပါလာမို အသင်းနည်းပြဟောင်း ဂတ်တူဆိုနှင့် ချုပ်ဆိုခဲ့သည့် စာချုပ်သက်တမ်းကာလကိုမူ အေစီမီလန်အသင်းက သတင်းထုတ်ပြန်ခဲ့ခြင်း မရှိပေ။

၁၉၉၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အေစီမီလန်အသင်းတွင် ပါဝင်ကစားခဲ့သူ ဂတ်တူဆိုက သတင်းစာရှင်းလင်းပွဲ၌ "ဒီနေ့ဟာ အရေးပါတဲ့နေ့ပါ၊ နောက်ပြီး ကြီးမားတဲ့ တာဝန်တစ်ခုကို စတင်ထမ်းဆောင်တဲ့နေ့လည်းဖြစ်ပါတယ်၊ အေစီမီလန် အသင်းမှာ နိုင်ငံပေါင်းစုံက ကစားသမားတွေ ရှိနေပြီး သူတို့ရဲ့ ပျမ်းမျှအသက်က ၂၁ နှစ်ဖြစ်ပါတယ်၊ ဒီကစားသမားတွေဟာ လွယ်ကူမှုမရှိတဲ့ အချိန်ကာလတစ်ခုကို ဖြတ်သန်းနေရတယ်၊ ဒါပေမယ့် ကျွန်တော့် အမြင်အရပြောရမယ်ဆိုရင် သူတို့ အကောင်းဆုံး လုပ်ဆောင်နိုင်မှာပါ၊ အေစီမီလန်အသင်းကို ခံစစ်မှူး သုံးဦး အသုံးပြုတဲ့ပုံစံနဲ့ ကစားစေမှာ ဖြစ်ပါတယ်၊ ကျွန်တော်နဲ့ မွန်တဲလားတို့ကြားမှာ အလွန်ကောင်းမွန်တဲ့ ဆက်ဆံရေး ရှိပါတယ်၊ ဒါပေမယ့် အတွေးအခေါ် အယူအဆ အချို့ကတော့ မတူညီပါဘူး၊ ကျွန်တော့်အနေနဲ့ အေစီမီလန်အသင်းကို ခံစစ်မှူး သုံးဦး၊ ကွင်းလယ်ကစားသမား လေးဦးနဲ့ အထိုင်ချမှာဖြစ်ပြီး အဲဒီနောက် တိုက်စစ်အတွက် စီစဉ်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

အေစီမီလန်အသင်းသည် စီးရီးအေပွဲစဉ် ၁၄ ကစားပြီးချိန်၌ ရမှတ် ၂၀ ဖြင့် အဆင့် ၇ နေရာ၌ ရပ်တည်နေရပြီး အဆင့် ၁ နေရာမှ နာပိုလီ အသင်းထက် ရမှတ် ၁၈ မှတ်အထိ လျော့နည်းနေသည်။

**ထက်အောင်**

## ပရီမီယာလိဂ်ပွဲစဉ်(၁၅)

| စနေနေ့ | | | (၂-၁၂-၁၇) |
|---|---|---|---|
| ချယ်လ်ဆီး | - | ကာဆယ် | ည ၇း၀၀ |
| ဘရိုက်တန် | - | လီဗာပူး | ည ၉း၃၀ |
| အဲဗာတန် | - | ဟက်ဒါဖီးလ် | ည ၉း၃၀ |
| လက်စတာ | - | ဘန်လေ | ည ၉း၃၀ |
| စတုတ် | - | ဆွမ်ဆီး | ည ၉း၃၀ |
| ဝက်ဖို့ဒ် | - | စပါး | ည ၉း၃၀ |
| ဝက်စ်ဘရွန်း | - | ပဲလေ့စ် | ည ၉း၃၀ |
| အာဆင်နယ် | - | မန်ယူ | နံနက် ၀၀း၀၀ |
| **တနင်္ဂနွေနေ့** | | | **(၃-၁၂-၁၇)** |
| ဘုန်းမောက် | - | ဆောက်သမ်တန် | ည ၈း၀၀ |
| မန်စီးတီး | - | ဝက်စ်ဟမ်း | ည ၁၀း၃၀ |

## စပိန်လာလီဂါပွဲစဉ်(၁၄)

| သောကြာနေ့ | | | (၁-၁၂-၁၇) |
|---|---|---|---|
| မာလာဂါ | - | လီဗန်တေး | နံနက် ၂း၃၀ |
| **စနေနေ့** | | | **(၂-၁၂-၁၇)** |
| ဘာစီလိုနာ | - | ဆဲလ်တာဗီဂို | ည ၆း၃၀ |
| အက်သလက်တီကို | - | ဆိုစီဒက်စ် | ည ၉း၄၅ |
| ဆီဗီလာ | - | ဒီပိုတီဗို | နံနက်၀၀း၀၀ |
| ဘီဘာအို | - | ရီးရဲ | နံနက် ၂း၁၅ |
| **တနင်္ဂနွေနေ့** | | | **(၃-၁၂-၁၇)** |
| လီဂါနက်စ် | - | ဗီလာရီးရဲ | ည ၅း၃၀ |
| ဂီတာဖေး | - | ဗလင်စီယာ | ည ၉း၄၅ |
| အီဘာ | - | အက်စပန်ညို | နံနက် ၀၀း၀၀ |
| လက်ပဲလ်မက်စ် | - | ဘက်တစ် | နံနက် ၂း၁၅ |
| **တနင်္လာနေ့** | | | **(၄-၁၂-၁၇)** |
| ဂျီရိုနာ | - | အလာဗက်စ် | နံနက် ၂း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ်(၁၆)

| သောကြာနေ့ | | | (၁-၁၂-၁၇) |
|---|---|---|---|
| ဒီဂျွန် | - | ဘော်ဒိုး | နံနက် ၂း၁၅ |
| **စနေနေ့** | | | **(၂-၁၂-၁၇)** |
| စထရက်ဘော့ချ် | - | ပီအက်စ်ဂျီ | ည ၁၀း၃၀ |
| လေလီ | - | တူးလောက်စ် | နံနက် ၁း၃၀ |
| မိုနာကို | - | အန်ဂျာစ် | နံနက် ၁း၃၀ |
| နိုက်စ် | - | မက်ဇ် | နံနက် ၁း၃၀ |
| ရိန်းစ် | - | အာမီယံ | နံနက် ၁း၃၀ |
| ထရိုင်းယတ်စ် | - | ဂူအင်ဂမ့် | နံနက် ၁း၃၀ |
| **တနင်္ဂနွေနေ့** | | | **(၃-၁၂-၁၇)** |
| စိန့်အက်တီယန် | - | နန့်စ် | ည ၈း၃၀ |
| ကိန်း | - | လိုင်ယွန် | ည ၁၀း၃၀ |
| မောင့်ပယ်လီယာ | - | မာဆေး | နံနက် ၂း၃၀ |

UEFA CHAMPIONS LEAGUE

## ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၆)

| အင်္ဂါနေ့ | | | (၅-၁၂-၁၇) |
|---|---|---|---|
| နံနက် ၂း၁၅ | ဘင်ဖီကာ | - | ဘေဆယ် |
| နံနက် ၂း၁၅ | မန်ယူ | - | စီအက်စ်ကေအေ |
| နံနက် ၂း၁၅ | ဘိုင်ယန် | - | ပီအက်စ်ဂျီ |
| နံနက် ၂း၁၅ | ဆဲလ်တစ် | - | အန်ဒါလျက်ချ် |
| နံနက် ၂း၁၅ | ချယ်လ်ဆီး | - | အက်သလက် |
| နံနက် ၂း၁၅ | ရိုးမား | - | ကရာဘတ် |
| နံနက် ၂း၁၅ | ဘာစီလိုနာ | - | စပို့တင်း |
| နံနက် ၂း၁၅ | အိုလံပီယာကော့စ် | - | ဂျူဗင်တပ်စ် |
| **ဗုဒ္ဓဟူးနေ့** | | | **(၆-၁၂-၁၇)** |
| နံနက် ၂း၁၅ | မာရီဘော | - | ဆီဗီလာ |
| နံနက် ၂း၁၅ | လီဗာပူး | - | စပါးတပ်မော်စကို |
| နံနက် ၂း၁၅ | ဖီယင်နော့ | - | နာပိုလီ |
| နံနက် ၂း၁၅ | ရှက်တာဒိုးနက်စ် | - | မန်စီးတီး |
| နံနက် ၂း၁၅ | လိုက်ပဇစ် | - | ဘက်ရှီးတပ်စ် |
| နံနက် ၂း၁၅ | ပေါ်တို | - | မိုနာကို |
| နံနက် ၂း၁၅ | ရီးရဲ | - | ဒေါ့မွန် |
| နံနက် ၂း၁၅ | စပါး | - | အေပိုးလ် |

ပရီမီယာလိဂ်ပွဲစဉ် ၁၅ ကို ဒီဇင်ဘာလ ၂ ရက်၊ ၃ ရက်တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အင်္ဂလန်ဘောလုံးလောကရဲ့ဘောလုံးအင်အားကြီးနှစ်သင်းဖြစ်တဲ့ အာဆင်နယ်နဲ့မန်ယူတို့ဆုံတွေ့အားပြိုင်ကြမယ့်ပွဲတွေ ပါဝင်နေပါတယ်။ ဒါ့အပြင် မန်စီးတီးအနေနဲ့လည်း အိမ်ကွင်းမှာ ဝက်စ်ဘရွန်းကို လက်ခံကစားရမှာဖြစ်တာကြောင့် အာဆင်နယ်နဲ့ မန်ယူတို့ဆုံတွေ့မှုကို အခွင့်ကောင်းရယူနိုင်မှာလားဆိုတာ စောင့်ကြည့်ရဖို့ရှိနေပါတယ်။

## ချယ်လ်ဆီး vs ကာဆယ်

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

အခုနောက်ပိုင်းမှာကာဆယ်တို့ရှုံးပွဲတွေ များလာတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာပေမယ့်လည်း ချယ်လ်ဆီးကိုတော့ ထိန်းနိုင်ဖို့ခက်ပါတယ်။ ချယ်လ်ဆီးက အိမ်ကွင်းဖြစ်တာကြောင့် အမှားခံမှာ မဟုတ်သလို တိုက်စစ်ကဂိုးသွင်းခြေ မတည်ငြိမ်ပေမယ့် အသင်းလိုက်စားပုံကောင်းမွန်မှုအပြည့်ရှိပါတယ်။ ဒါ့အပြင် အာဆင်နယ်နဲ့မန်ယူဆုံတွေ့နေလို့ ဒီပွဲစဉ်မှာ ချယ်လ်ဆီးတို့နိုင်ပွဲရအောင်အားစိုက်လာမှာ သေချာနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ချယ်လ်ဆီးပဲနိုင်ပွဲရမယ်။

## အဲဗာတန် vs ဟက်ဒါဖီးလ်

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

အဲဗာတန်ခြေအတော်လေးအားနည်းနေတယ်။ ခံစစ်ပိုင်းကအားနည်းလွန်းတာကြောင့် ပွဲတိုင်းပေးဂိုးတွေခွင့်ပြုနေရတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်လို့နိုင်ပွဲရရေး အားကုန်ကစားလာမှာဖြစ်ပေမယ့် တုံ့ပြန်ကစားပုံကောင်းတဲ့ ဟက်ဒါဖီးလ်ကို ထိန်းချုပ်နိုင်ဖို့ခက်မယ်။ ဟက်ဒါဖီးလ်က မန်စီးတီးကို အရေးနိမ့်ခဲ့ရတယ်ဆိုပေမယ့် ခံစစ်ပိုင်းကောင်းမွန်ခဲ့သလို တုံ့ပြန်ကစားအားလည်း ကောင်းမွန်မှုရှိခဲ့တာကို တွေ့ရတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာအဲဗာတန်တို့ရလဒ် ကောင်းဖို့ခက်ပြီး သရေလောက်ပဲရမယ်။

## လက်စတာ vs ဘန်လေ

| ယမန်နှစ် | လက်စတာ | ၃ | ၀ | ဘန်လေ |
|---|---|---|---|---|

အိမ်ကွင်းဖြစ်တာကြောင့် လက်စတာတို့ နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာ သေချာပေမယ့်လည်း ဘန်လေရဲ့ကစားပုံက ကောင်းမွန်လွန်းနေတယ်။ တန်ပြန်တိုက်စစ်ပိုင်းကို လျင်လျင်မြန်မြန်ကစားနိုင်သလို ခံစစ်ပိုင်းကစားပုံလည်း ကျစ်လျစ်မှုရှိတယ်။ အာဆင်နယ်ကိုတောင် နောက်ဆုံးမိနစ်မှ ပယ်နယ်တီပေးရလို့ ဂိုးပေးခဲ့ရတဲ့ ဘန်လေခံစစ်ကို ဒီပွဲမှာလည်း လက်စတာ ခက်ခက်ခဲခဲကျော်ဖြတ်ရနိုင်တယ်။ ဒါကြောင့်လည်း ဒီပွဲမှာ လက်စတာတို့ နိုင်ပွဲရနိုင်ပေမယ့် ဂိုးပြတ်ဖို့ခက်တယ်။

## မန်စီးတီး vs ဝက်စ်ဘရွန်း

| ယမန်နှစ် | မန်စီးတီး | ၃ | ၁ | ဝက်စ်ဘရွန်း |
|---|---|---|---|---|

ဟက်ဒါဖီးလ်ကို ခက်ခက်ခဲခဲအနိုင်ယူခဲ့ရတယ်ဆိုပေမယ့် မန်စီးတီးတို့ တစ်ဖက်သတ်နီးပါး ဖိအားပေးနိုင်ခဲ့ပါတယ်။ ဒီပွဲကတော့ အိမ်ကွင်းဖြစ်သလို မန်ယူကအာဆင်နယ်နဲ့ဆုံတွေ့နေရတာကြောင့် မန်စီးတီးတို့ နိုင်ပွဲရအောင် အားစိုက်လာမယ့်အချက်ရှိနေတယ်။ ဝက်စ်ဟမ်းကတော့ အသင်းလိုက် စိတ်ဓာတ်ပိုင်း အားကောင်းကောင်းနဲ့ ကစားလာပေမယ့် အိမ်ကွင်းမှာမန်စီးတီးပဲ အနိုင်ရမယ်။

## ဘုန်းမောက် vs ဆောက်သမ်တန်

| ယမန်နှစ် | ဘုန်းမောက် | ၁ | ၃ | ဆောက်သမ်တန် |
|---|---|---|---|---|

အဲဗာတန်ကို ဂိုးပြတ်နိုင်ခဲ့တဲ့ပွဲမှာ ဆောက်သမ်တန်ရဲ့တိုက်စစ်ကစားပုံနဲ့အသင်းလိုက် အားစိုက်ကစားမှုကအထူးကောင်းမွန်ခဲ့တယ်။ ဒါပေမယ့် ဒီပွဲမှာ ရင်ဆိုင်ရမယ့်ဘုန်းမောက်က အဲဗာတန်လို ခံစစ်အားနည်းပြီး ဟန်ချက်ပျက်နေတဲ့အသင်း မဟုတ်ဘူး။ တုံ့ပြန်ကစားပုံကောင်းတဲ့အသင်းဖြစ်ပြီး အိမ်ကွင်းအားရှိတယ်။ ဆောက်သမ်တန်သရေရအောင်တောင် မနည်း ကစားရဖို့ရှိတယ်။

## ဝက်စ်ဘရွန်း vs ပဲလေ့စ်

| ယမန်နှစ် | ဝက်စ်ဘရွန်း | ၀ | ၂ | ပဲလေ့စ် |
|---|---|---|---|---|

တန်းမဆင်းရရေး အားစိုက်နေတဲ့ပဲလေ့စ်ရဲ့ ရုန်းအားကကောင်းမွန်မှုရှိတယ်လို့ ဆိုရမယ်။ အသင်းလိုက် ခြေစွမ်းပိုင်းက ကောင်းမွန်သလို တိုက်စစ်ကလည်းဂိုးသွင်းခြေရရှိနေတယ်။ ဒါပေမယ့် ဝက်စ်ဘရွန်းရဲ့ခြေစွမ်းပိုင်းကလည်းကောင်းမွန်နေကာအိမ်ကွင်းဖြစ်တာကြောင့် အားစိုက်ကစားလာရင်ပဲလေ့စ်တို့အခက်တွေ့နိုင်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဝက်စ်ဘရွန်းတို့ အနိမ့်ဆုံးသရေလောက်ရမယ်။

## စတုတ် vs ဆွမ်ဆီး

| ယမန်နှစ် | စတုတ် | ၃ | ၁ | ဆွမ်ဆီး |
|---|---|---|---|---|

လက်ရှိအချိန်ထိ ဆွမ်ဆီးခြေက ကောင်းမွန်လာခြင်းမရှိဘူး။ ဘုန်းမောက်ကို သရေကစားနိုင်ခဲ့ပေမယ့် ကစားကွက်ပိုင်း အသာရအောင် မကစားနိုင်ခဲ့ဘူး။ ဒီပွဲကအဝေးကွင်းဖြစ်တဲ့အပြင် စတုတ်ကအမှတ်တွေ တောက်လျှောက်နည်းပါးဆုံးရှုံးခဲ့လို့ အားစိုက်ကစားလာမှာ သေချာနေတယ်။ ဒါ့အပြင် စတုတ်က အိမ်ကွင်းပွဲတွေမှာ ကစားအားပိုကောင်းတတ်တာကြောင့်လည်း စတုတ်ပဲနိုင်ပွဲရမယ်။

## ဘရိုက်တန် vs လီဗာပူး

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

ဘရိုက်တန်ကမန်ယူနဲ့ကစားခဲ့တဲ့ပွဲမှာခြေစွမ်းပိုင်း ကောင်းမွန်ခဲ့ပြီး ခံစစ်ကစားပုံလည်း ကောင်းမွန်ခဲ့ပါတယ်။ အထူးသဖြင့် ဒီပွဲက အိမ်ကွင်းဖြစ်နေတာကြောင့် ဘရိုက်တန်တို့ အားစိုက်ကစားလာဖို့ရှိနေသလို အိမ်ကွင်းပွဲတွေမှာ ဆိုရင်လည်း ဘရိုက်တန်ခြေက ပိုမိုကောင်းမွန်တတ်တယ်။ လီဗာပူးကတော့ အသင်းလိုက်ကစားပုံ မဆိုးပေမယ့် ကျစ်လျစ်မှု အားနည်းနေပါသေးတယ်။ လီဗာပူးတို့ ဂိုးပြတ်နိုင်ဖို့ခက်တယ်။


## ဝက်ဖို့ဒ် vs စပါး

| ယမန်နှစ် | ဝက်ဖို့ဒ် | ၁ | ၄ | စပါး |
|---|---|---|---|---|

စပါးဂိုးသွင်းခြေကျဆင်းနေတယ်။ နိုင်ပွဲရအောင် အားစိုက်လာမှာဖြစ်ပေမယ့် လက်ရှိအချိန်မှာ ဝက်ဖို့ဒ်ရဲ့တုံ့ပြန်ကစားပုံကလည်း ကောင်းနေတာကြောင့် ဒီပွဲမှာလည်း စပါး နိုင်ပွဲရဖို့ရုန်းကန်ရနိုင်တယ်။ ချန်ပီယံလိဂ်မှာ စပါးအနေနဲ့ နောက်တစ်ဆင့်တက်ဖို့သေချာနေတာကြောင့် အားစိုက်မှာ ဖြစ်ပေမယ့် ဝက်ဖို့ဒ်ရဲ့တုံ့ပြန်ကစားအားကြောင့် စပါးနိုင်ပွဲရနိုင်ပေမယ့် ဂိုးပြတ်ဖို့ခက်ပါတယ်။

# အာဆင်နယ်ကို မန်ယူတို့အနိုင်ရယူသွားနိုင်မှာလား

အာဆင်နယ် VS မန်ယူ | နံနက် ၀၀း၀၀ (တနင်္ဂနွေနံနက်) | စနေနေ့(၂-၁၂-၁၇)



## အာဆင်နယ် vs မန်ယူ

| ယမန်နှစ် | အာဆင်နယ် | ၂ | ၀ | မန်ယူ |
|---|---|---|---|---|

ဘန်လေနဲ့ပွဲမှာ အာဆင်နယ်နိုင်ပွဲရဖို့ ရုန်းကန်ရတာကိုကြည့်ရင် အာဆင်နယ်ဟာ ခံစစ်အားပြုကစားတဲ့အသင်းတွေကို အသာရဖို့ ရုန်းကန်ရလေ့ရှိတာကို တွေ့ရမယ်။ မန်ယူက အသင်းကြီးတွေနဲ့ ရင်ဆိုင်ရရင် ခံစစ်အားပြုကစားတတ်သလို တန်ပြန်တိုက်စစ်ကိုလည်း အသုံးပြုလာနိုင်တာကြောင့် အာဆင်နယ်ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်ပေမယ့် နိုင်ပွဲရဖို့ ရုန်းကန်ရနိုင်တယ်။ မန်ယူသရေလောက်ရမယ်။

# မူဆယ် ၁၀၅ မိုင်တွင် စိုက်ပျိုးအောင်မြင်လျက်ရှိသော ကောက်ရိုးမှိုအကြောင်း တစေ့တစောင်း

စိုက်ပျိုးရေးလုပ်ငန်းများတွင် ရက်တိုတိုနှင့် ဝင်ငွေရသော ချဉ်ပေါင်၊ နံနံပင် စသော သီးနှံများပင်လျှင် အချိန် တစ်လ၊ တစ်လခွဲအတွင်းမှသာ ဝင်ငွေပြန်လည်ရရှိနိုင်ခြင်းဖြစ်သည်။ သို့ရာတွင် မှိုစိုက်ပျိုးရေးလုပ်ငန်းမှာ စတင်စိုက်ပျိုးပြီး ၁၀ ရက်မှ ၁၅ ရက်ခန့်အတွင်း စတင်ဝင်ငွေရရှိပြီး သုံးရက်မှ ငါးရက်ခန့် မှိုခူးပြီးပါက အရင်းကြေကာ နောက်ပိုင်းဝင်ငွေသည် အမြတ်များသာ ဖြစ်သည်။ လုပ်ငန်းကျွမ်းကျင်လေ အမြတ်များလေဖြစ်ပြီး အသုံးပြုသောကုန်ကြမ်းများမှာ ပေါများသောကြောင့် အရှုံးမပေါ်နိုင်သော လုပ်ငန်းမျိုးလည်းဖြစ်သည်။

မှိုစိုက်ပျိုးရေးကို အားလပ်ချိန် ၁ နာရီ ၂ နာရီလောက် ရရုံနှင့် စိုက်ပျိုးလုပ်ကိုင်နိုင်သည်။ လူလည်းမပင်ပန်းပါ။ ထို့ကြောင့် မှိုစိုက်ပျိုးခြင်းသည် မြို့ပေါ်ရော ကျေးလက်တွင်ပါ လူတိုင်းလုပ်သင့်သော စီးပွားရေးလုပ်ငန်းဖြစ်သည်။ မူဆယ်မြို့နယ်အတွင်း (၁၀၅)မိုင်တွင်လည်း မှိုစိုက်ပျိုးခြင်းကို အောင်မြင်စွာ လုပ်ကိုင်နေကြသူများ ရှိနေပြီဖြစ်သည်။

မှိုစိုက်ပျိုးရာတွင် ကောက်ရိုးမှိုကို စိုက်ပျိုးကြခြင်းဖြစ်ပြီး စိုက်သည့်အခါ မြေကြီးပေါ်တွင်စိုက်ပါက တစ်နေရာကို တစ်ကြိမ်သာ စိုက်ပြီးနောက် အချိန်အတော်ကြာကြာ အနားပေးရသည်။ တစ်နေရာတည်းတွင် ဆက်တိုက်စိုက်ပါက အထွက်နှုန်းကို သိသာစွာထိခိုက်နိုင်သည်။ ဂျပ်စက္ကူဖြင့်စိုက်နည်းမှာ တစ်နေရာတည်းတွင် ထပ်ခါတလဲလဲ နှစ်ရှည် ဆက်တိုက်စိုက်နိုင်ပြီး ပုံမှန်အထွက်နှုန်းရသည်။

မှိုစိုက်ပျိုးရန်အတွက် ကောက်ရိုးမှာ တစ်နှစ်တစ်ခါသာ ရသည့်အတွက် ကြိုတင်စုဆောင်းရသည်။ ဂျပ်စက္ကူမှာ ကျေးလက်ရော မြို့မှာပါ အလွယ်တကူ ဝယ်ယူနိုင်သည်။ ပစ္စည်းထည့်သော ဂျပ်ပုံးခွံ အစုတ်အပြဲများ၊ ဘိလပ်မြေစက္ကူများ၊ ပုံနှိပ်တိုက်များမှရသော ဖြတ်စက္ကူများ၊ သတင်းစာစက္ကူ၊ ဆေးလိပ်ဘူးခွံများ စသည်ဖြင့် ဂျပ်စက္ကူမျိုးစုံကို သုံးနိုင်သည်။

စိုက်ပျိုးရာတွင် အောက်ပါနည်းစနစ်နှင့် ပစ္စည်းများ စုဆောင်း၍ စိုက်ပျိုးရမည်ဖြစ်သည်။

**(၁)မြေနေရာရှင်းလင်းခြင်း။** ။ မှိုတစ်ဘောင် စိုက်ပျိုးရန်အတွက် မြေနေရာကို အလျား ၁၀ ပေ၊ အနံ ၄ ပေ၊ အနက် ခြောက်လက်မခန့် ရှင်းလင်းရမည်ဖြစ်သည်။

**(၂)လိုအပ်သောပစ္စည်းများစုဆောင်းခြင်း။** ။ ဂျပ်စက္ကူ ၁၀ ပိဿာ၊ မှိုမျိုးစေ့ ငါးထုပ်၊ မှိုအားဆေးနှစ်ဘူး၊ ခြပေါသောနေရာများတွင် ခြဆေးနှစ်ထုပ်၊ ပလတ်စတစ် ငါးကိုက်(အနံ လက်မ ၈၀)၊ နွားချေးအခြောက် သို့မဟုတ် အစို ၁၀တင်းခန့်(အောက်ခံအလွတ်ထည့်ရန် ခုနစ်တင်းခွဲနှင့် အပေါ်တွင်ဖြန့်ရန် နှစ်တင်းခွဲခန့်)။ စိုက်ခါနီးတွင် ဂျပ်စက္ကူများကို မိနစ် ၃၀ ကြာအောင် ရေစိမ်ပါ။ ရေနူးမလွယ်သော ဂျပ်စက္ကူများကို တစ်ညအိပ်အထိ ရေစိမ်နိုင်သည်။ ရေစိမ်ပြီးသော ဂျပ်စက္ကူများကို လက်ဝါးအရွယ် သို့မဟုတ် ထို့ထက်သေးသောအရွယ်ဖြစ်အောင် ဆုတ်ဖြဲထားပါ။ မှိုများကို အခဲမကျန်အောင် ခြေမွထားပါ။

**ကောက်ရိုးမှို စတင်စိုက်ပျိုးမည်ဆိုလျှင်**

**(၁) ပြင်ဆင်ထားသောကျင်းအတွင်း နွားချေးခင်းခြင်းနှင့် ဂျပ်စက္ကူခင်းခြင်း**

ခြပေါသောနေရာ၌ ခြသတ်ဆေး ဟင်းစားဇွန်း နှစ်ဇွန်းခန့် နေရာအနှံ့ ပါးပါးဖြူးပါ။ ၎င်းအပေါ်မှ နွားချေး ခုနစ်တင်းခွဲခန့်ကို နေရာအနှံ့ ဖြန့်ခင်းပါ။ ၎င်းနွားချေးအပေါ်တွင် ရေစိမ်ဆုတ်ဖြဲထားသော ဂျပ်စက္ကူများကို နေရာအနှံ့ ခင်းပါ။ အပုံကျစ်လျစ်သွားစေရန်အတွက်မျက်နှာပြင်အနှံ့ လက်နှင့်ဖိပေးပါ။ ခြေမွပြီးသော မှိုမျိုးငါးထုတ်ကို ဂျပ်စက္ကူပေါ်သို့ နေရာအနှံ့ ကြဲချပါ။

**(၂) ဂျပ်စက္ကူပေါ်တွင် မှိုမျိုးဖြန့်ကြဲခြင်းနှင့် နွားချေး ပြန်အုပ်ခြင်း**

ဂျပ်စက္ကူပေါ်သို့ မှိုများကြဲချပြီးနောက် ဂျပ်စက္ကူနှင့် မှိုမျိုးများကို မမြင်ရအောင် နွားချေးနှစ်တင်းခွဲခန့်ဖြင့် ဖုံးပါ။ ရေ ငါးဂါလန်ဝင်ပုံးနှင့်တစ်ပုံးခန့် နေရာအနှံ့ဖျန်းပါ။ (ပူပြင်းသောရာသီ၌ ရေငါးပုံးခန့်တွင် မှိုအားဆေးတစ်ဘူးကိုရော၍ ဖျန်းပေးပါ)

**(၃)မှိုပေါင်အမိုးပြုလုပ်ခြင်းနှင့် ကောက်ရိုးတင်ခြင်း**

မြေပြင်မှ ခေါင်အမြင့် တစ်ပေခွဲခန့်ထား၍ မှိုပုံပေါ်မှ ခေါင်တန်းလုပ်ပြီး ၎င်းအပေါ်မှ အိမ်ခေါင်မိုးကဲ့သို့ ပလတ်စတစ် အလုံအုပ်ပါ။ ပလတ်စတစ်အုပ်ရာတွင် ဘေးဘက် ရေမြောင်းငယ်ကိုပါ ရောအုပ်ပေးရမည်။ မှိုပုံပလတ်စတစ်အနားများကို လေမဝင်နိုင်အောင် ဖိထားပါ။ ပလတ်စတစ်အပေါ်မှ ကောက်ရိုး၊ သက်ကယ်၊ ခနိ တစ်မျိုးမျိုး အုပ်ပါ။


**(၄)ကောက်ရိုးမှိုပြုစုခြင်း**

မှိုစိုက်ပျိုးပြီး ငါးရက်မြောက်နေ့တွင် မှိုပေါင်အားလှပ်၍ ဘောင်ခြောက်ပါက ရေငါးဂါလန်ဝင်ပုံးတစ်ပုံးခန့် ဖျန်းပါ။ ထိုအချိန်တွင် မှိုအားဆေးရော၍ ဖျန်းပေးပါက ပို၍ကောင်းပါသည်။ မိုးများ၍ အေးသောရာသီဥတုတွင် ပေါင်ကို လေမဝင်စေရန် အလုံပြန်ပိတ်ပေးပါ။ ပူပြင်းသောရာသီဥတုတွင် မှိုပေါင်ပလတ်စတစ်ကို ခြောက်လက်မခန့် ဖွင့်ထားရမည်။ လေပေါက်ကို လေတိုက်ရိုက်မတိုက်စေရန် ကောက်ရိုးအနည်းငယ် ကာထားပေးရမည်။ စတင်စိုက်သည့်ရက်မှ ခြောက်ရက် ခုနစ်ရက်ခန့်အကြာတွင် မှိုပေါင်မျက်နှာပြင်တစ်ခုလုံး၌ သေးငယ်သော မှိုကလေးများကို ဆန်ကွဲစေ့သဏ္ဌာန် မြင်ရပါမည်။ ဆန်ကွဲစေ့အရွယ်မြင်ရပြီး လေး၊ ငါးရက်မြောက်နေ့၌ ဆွတ်ခူးနိုင်သော မှိုပုံကြီးများ အဆင့်သို့ ရောက်ပါသည်။

ပထမအကြိမ်ထွက်သော မှိုများကို ကြီးသည့်ဥများ ရွေးခူးပါက သုံးရက်မှ ငါးရက်ခန့်ခူးပြီး မှိုများကုန်သွား၍ ဆန်ကွဲစေ့ပုံစံ မှိုကလေးများသာ ကျန်တတ်သည်။ ထိုအခါ ၎င်းမှိုကလေးများ ကြီးအောင်မစောင့်တော့ဘဲ ရေငါးဂါလန်ပုံးဖြင့် ရေဖျန်းပေးနိုင်သည်။ ရေဖျန်းပြီး နှစ်ရက် သုံးရက်ခန့်အကြာတွင် မှိုအသစ်ထပ်ထွက်ပါမည်။ စတင်စိုက်ပျိုးသည့်ရက်မှ တစ်လအတွင်း ငါးပိဿာမှ ၁၀ ပိဿာခန့် ထွက်ရှိနိုင်ပါသည်။ မှိုပေါင်သက်တမ်း တစ်လကျော်ပါက မှိုများထွက်နိုင်ခြင်းမရှိတော့ဘဲ ထွက်လျှင်လည်း အနည်းငယ်သာ ရရှိတတ်သည်။

မူဆယ် ၁၀၅ မိုင်မှ မှိုစိုက်ပျိုးရောင်းချသူ ဦးဟန်ထွန်းက "ကျွန်တော်တို့ရှမ်းပြည်(မြောက်ပိုင်း) တောင်ပေါ်ဒေသတွေမှာ မိုးများပြီး ရာသီဥတုအေးပေမယ့် ကောက်ရိုးမှိုစိုက်ရတာ အဆင်ပြေပါတယ်၊ စိုက်ပျိုးတဲ့နည်းစနစ်မှန်ဖို့ အရေးကြီးပါတယ်၊ စိုက်လည်းစိုက်သင့်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကောက်ရိုးမှိုဟာ အခြားအသီးအနှံတွေလို အကြာကြီးစိုက်ပျိုးရတာမဟုတ်ပါဘူး၊ စိုက်ပျိုးတဲ့နည်းစနစ် မှန်မယ်ဆိုရင် ရက်တိုတိုအတွင်းမှာ မှိုထွက်နှုန်းကောင်းပြီး ပြန်လည် ရောင်းချရမှာဖြစ်ပါတယ်၊ ကျွန်တော့်အနေနဲ့တော့ စီးပွားဖြစ်စိုက်မယ်ဆိုရင် တကယ်စိုက်ပျိုးသင့်တဲ့အရာပဲလို့ ထင်မိပါတယ်"ဟု ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းတွင် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် မှိုမွေးမြူစိုက်ပျိုးခြင်း ဆောင်ရွက်နိုင်ရန်၊ လယ်ယာကဏ္ဍနှင့် ပတ်ဝန်းကျင်ရှိ ဘေးထွက် ပစ္စည်းများကို မှိုစိုက်ပျိုးရေးဖြင့် အကျိုးရှိစွာ အသုံးချနိုင်



ရန်၊ မှိုစားသုံးခြင်းဖြင့် ဆေးဖက်ဝင် အာဟာရတန်ဖိုးများ ရရှိနိုင်ရန်၊ ကျန်းမာရေးနှင့်ညီညွတ်သော ဓာတုကင်းလွတ် ဟင်းသီး ဟင်းရွက်အဖြစ် အောင်မြင်စွာ စိုက်ပျိုးနိုင်ရန်၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများပါ ပါဝင်ဆောင်ရွက်စိုက်ပျိုးနိုင်သည့်အတွက် လူ့စွမ်းအားအရင်းအမြစ်ကို အထောက်အကူပြုနိုင်ရန်၊ မိသားစုဝင်ငွေတိုးနိုင်သော စီးပွားဖြစ်လုပ်ငန်းတစ်ရပ်အဖြစ် လုပ်ဆောင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် မှိုစိုက်ပျိုးရေးကို လုပ်ကိုင်လျက်ရှိရာ လက်ရှိ မူဆယ်မြို့နယ်တွင် မှိုစိုက်ပျိုးမှုများမှာ ဖြစ်ထွန်းအောင်မြင်နေ၍ တရုတ်နိုင်ငံသို့တင်ပို့နိုင်ရန် ကြိုးစားနေကြကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# မြန်မာစာပေ အရေးအသား တိုးတက်ရေးအတွက် မြိတ်တွင် စာပေစကားဝိုင်း ကျင်းပ

**မြိတ် နိုဝင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကျောင်းသားလူငယ်များ မြန်မာစာပေကို မြတ်နိုးတန်ဖိုးထားတတ်စေရန်အတွက် မြန်မာစာပေအရေးအသားတိုးတက်ရေး စာရေးဆရာများနှင့် ကျောင်းသားလူငယ်များ စာပေစကားဝိုင်းကို နိုဝင်ဘာ ၂၈ ရက်က မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ Community Centre တွင် ပြုလုပ်ခဲ့သည်။

စာပေစကားဝိုင်းတွင် မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်က ကျောင်းစာကြည့်တိုက်များအကြောင်း၊ မြန်မာစာပေနှင့် ယနေ့လူငယ် ခေါင်းစဉ်များဖြင့် ဆွေးနွေးပြီး အထက(မဇော)ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာလင်း(စာရေးဆရာမ သွင်)က ကျောင်းစာကြည့်တိုက်ကို အသုံးချတတ်စေရေးနှင့် ကဗျာနှင့် စာပေရေးသားတတ်စေရန်အလေ့အကျင့်များကို ငယ်စဉ်ကပင် ပျိုးထောင်ရေး ကျောင်းသားလူငယ်များအား ဆွေးနွေးပြောကြားသည်။

ထို့နောက် စာရေးဆရာမိုးမြင့်မိုးက စာအုပ်စာပေ၏ ကြီးမားသောဂုဏ်ကျေးဇူး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာဝင်းမြအောင်(မြိတ်)က အလှုပြင်တာထက် ဘဝပြင်တတ်စေချင် ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားခဲ့ကာ စာပေစကားဝိုင်းသို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူ ၄၀ ခန့် တက်ရောက်မှတ်သားခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား အမြန်ရရှိအသုံးပြုနိုင်ရန် ပလက်ဝဒေသခံများလိုလား

**ပလက်ဝ နိုဝင်ဘာ ၃၀**

ပလက်ဝမြို့တွင် နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိနိုင်ရန်အတွက် အရှည် ၃၇ မိုင်ရှိ ကျောက်တော်-ပလက်ဝ ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ပလက်ဝဓာတ်အားခွဲရုံတို့ကို တည်ဆောက်မည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ အသိပေးရှင်းလင်းပွဲ၌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဓာတ်အားပို့လွှတ်ရေးစီမံကိန်းနှင့် ကွပ်ကဲရေးဦးစီးဌာန(မြောက်ပိုင်း)စီမံကိန်း ညွှန်ကြားရေးမှူး ဦးမင်းနိုင်က ရှင်းလင်းပြောကြားခဲ့သည်။

ကျောက်တော်-ပလက်ဝ ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ပလက်ဝမြို့ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည့် ငါးနှစ်စီမံကိန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ဘဏ္ဍာငွေလျာထား တောင်းခံထားရှိပြီးဖြစ်ရာ ဘဏ္ဍာငွေခွင့်ပြုမှုရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံကို ပုဏ္ဏားကျွန်းမြို့ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံနှင့် ကျောက်တော်မြို့ ၆၆ ကေဗွီ ဓာတ်အားခွဲရုံတို့မှတစ်ဆင့် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပလက်ဝမြို့ကို ၃၀၀ ကေဗွီအေ ဒီဇယ်မီးစက်နှစ်လုံးဖြင့် မီးပေးလျက်ရှိပြီး စက်တစ်လုံး တစ်ရက်လျှင် ပျမ်းမျှ နှစ်နာရီနှုန်းဖြင့် လေးနာရီသာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ကြောင်း သိရသည်။ နိုင်ငံတော်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက မြို့ပေါ်ရှိ ဓာတ်အားသုံးစွဲသူများအားလုံး ၂၄ နာရီ မီးရရှိသုံးစွဲနိုင်မည့်အပြင် ပတ်ဝန်းကျင်ကျေးရွာအချို့ကိုပါ ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။ ထို့အပြင် ဒေသတွင်း၌ ပုဂ္ဂလိက အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများကိုပါ ဆောင်ရွက်လာနိုင်မည်ဖြစ်သဖြင့် ဒေသခံပြည်သူတို့၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုမည့် စီမံကိန်းတစ်ခုဖြစ်ရာ အမြန်ပြီးစီးပြီး ဓာတ်အားရရှိသုံးစွဲနိုင်ရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

# ရှင်ပင်သစ္စာရစေတီတော်၏ ၁၅ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီး စည်ကားစွာကျင်းပမည်

**သာစည် နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မင်းလှကန်အတွင်း ရှင်ရဲတထောင်ကုန်းတော်၌ အနော်ရထာမင်းကြီးနှင့် ညောင်ရမ်းမင်းတရားကြီးတို့ တည်ထားကိုးကွယ်ခဲ့သော ရှင်ပင်သစ္စာရစေတီတော်၏ (၁၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ ဘုရားပွဲတော်ကြီးကို ဒီဇင်ဘာ ၁ ရက်မှစတင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဘုရားပွဲတော်ကို ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ၃ ရက်နေ့ ညနေ ၃ နာရီခွဲတွင် သံဃာတော် ၈၁ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူသွားမည်ဖြစ်သည်။ ပွဲတော်ရက်များအတွင်း ဇာတ်ပွဲဖြင့် ကပြဖျော်ဖြေသွားမည်ဖြစ်ပြီး ဘုရားပွဲတော်ပိုမိုစည်ကားရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် လူငယ်လက်ရွေးစင် ဘောလုံးပြိုင်ပွဲနှင့် ၄ ပေ ၉ လက်မအောက် သက်ငယ်လက်ရွေးစင် ဘောလုံးပြိုင်ပွဲများကိုလည်း နိုဝင်ဘာ ၂၅ ရက်မှစ၍ ကျင်းပပေးလျက်ရှိပြီး ဒီဇင်ဘာ ၃ ရက်တွင် ဆုများ ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

# စက်ရေတွင်းတူးဖော်ပြီးစီး၍ သောက်သုံးရေ အဆင်ပြေ

**မိတ္ထီလာ နိုဝင်ဘာ ၃၀**

မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းနှင့် လေးမိုင်ခန့်အကွာတွင်ရှိသော ရေင်ကျေးရွာသည် အိမ်ခြေ ၄၀၀ ကျော် လူဦးရေ ၁၈၀၀ ခန့်ရှိပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အပြင် သောက်သုံးရေ အခက်အခဲကို နှစ်စဉ် နွေရာသီတိုင်း ကြုံတွေ့နေရသဖြင့် ယခုနှစ်တွင် Grand Royal Group က အနက် ပေ ၇၀၀ ရှိ လေးလက်မစက်ရေတွင်းတူးဖော်ခြင်း၊ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေတင်စက် တပ်ဆင်လှူဒါန်းခြင်း၊ ရေ Pump များ တပ်ဆင်ခြင်းနှင့် ကျေးရွာအတွင်း ရေဖြန့်ဝေပေးနိုင်ရန် နှစ်လက်မ ရေပိုက်များတပ်ဆင်ခြင်းတို့ကို ဧပြီလအတွင်းကပင် စတင် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ အဆိုပါလုပ်ငန်းများ အားလုံးပြီးစီးကာ ကျေးရွာအတွင်းသို့ ရေများစတင်ဖြန့်ဝေပေးနိုင်ပြီဖြစ်၍ ဒေသခံများအနေဖြင့် သောက်သုံးရေ လုံလောက်စွာ ရရှိကာ အဆင်ပြေနေကြပြီဖြစ်ကြောင်း သိရသည်။ ကျေးရွာအတွင်း၌ ယခင်က ပေ ၃၅၀ ခန့်အထိ နက်သည့် စက်ရေတွင်း နှစ်တွင်း၊ လက်နှိပ်တွင်း လေးတွင်း ရှိသော်လည်း ရေငန်များသာထွက်ရှိ၍ သောက်သုံးရေအတွက် အဆင်မပြေခဲ့ကြောင်း၊ နှစ်စဉ် နွေရာသီတွင် ရေအခက်အခဲကြုံရပြီး ရေအလှူရှင်များက လာရောက်လှူဒါန်းနေရကာ ယခုနှစ်တွင်မှ Grand Royal Group ၏ လှူဒါန်းမှုဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)က အဝီစိတွင်းတူးဖော်ခြင်း၊ မီးစက်၊ အုတ်ရေကန်နှင့် ရေဖြန့်ဝေနိုင်ရန် ရေပိုက်များ တည်ဆောက်တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည့်အတွက် သောက်သုံးရေအခက်အခဲများ မရှိတော့ဘဲ အဆင်ပြေနေပြီဖြစ်ကြောင်း ရာအိမ်မှူး ဦးဝင်းမောင်က ပြောသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## သတင်းတိုများ

### မိုင်းဖြတ်မြို့နယ်တွင် လွှတ်တော်အတွေ့အကြုံရှင်းလင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲကို နိုဝင်ဘာ ၂၇ ရက်က ပြုလုပ်ခဲ့သည်။ ရှင်းလင်းပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်းက လွှတ်တော်အတွေ့အကြုံများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ဌာနအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများက ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို အသီးသီး ဆွေးနွေးတင်ပြကြပြီး ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ချက်များကို တင်ပြကာ လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က တာဝန်ရှိ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

### ကျေးရွာမီးလင်းရေးလုပ်ငန်းဆောင်ရွက်ရန် ဆွေးနွေး

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သပြေစိန်ကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာများမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင်ဝန်ကြီးချုပ်က ကျေးရွာလျှပ်စစ်မီးရရှိရေးအတွက် အစိုးရအနေဖြင့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် မီးရရှိရေးလုပ်ငန်းဝန်ဆောင်မှုများသည် နိုင်ငံတော်၏ အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေပြီး ပြည်သူများကလည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ပေးစေလိုကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က သပြေစိန်ကျေးရွာ လျှပ်စစ်မီးရရှိရေးလုပ်ငန်းစဉ်ကိုလည်းကောင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ကုန်ကျမည့် ငွေကြေးပမာဏနှင့် လုပ်ငန်းစဉ်ကိုလည်းကောင်း၊ သပြေစိန်ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးရွာလျှပ်စစ်မီးလင်းရေးကိစ္စ ဆောင်ရွက်ရာတွင် လိုအပ်နေမှုအခြေအနေများကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့သည်။

**ဝ၆၂**

## မှုခင်းသတင်းတိုများ

### နေအိမ်ပေါ်တက်၍ သူနာပြုဆရာမအား လည်ပင်းညှစ်မှု သာစည်မြို့၌ဖြစ်ပွား

သာစည်မြို့အမှတ်(၄)ရပ်ကွက် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ နေအိမ်လိုင်းခန်းပေါ်တက်၍ သူနာပြုဆရာမအား အမျိုးသားတစ်ဦးက လည်ပင်းညှစ် ကိုယ်ထိလက်ရောက်ပြုလုပ်မှု နိုဝင်ဘာ ၂၈ ရက် နံနက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာစည်မြို့ အမှတ် (၄) ရပ်ကွက် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ နေအိမ်လိုင်းခန်း၌ မလဲ့ယဉ်မြင့် (၂၇ နှစ်) သူနာပြုဆရာမတစ်ဦးတည်း အိပ်နေစဉ် လူတစ်ဦး နေအိမ်လိုင်းခန်းတွင် ကာရံထားသည့် ဝါးထရံအား ဖွင့်ကာ အိပ်နေသည့် အခန်းအတွင်းသို့ ဝင်ရောက်လာပြီး လည်ပင်းညှစ်ထားသဖြင့် အော်မည်ပြုစဉ် အမျိုးသားက ပါးစပ်အား လက်ဖြင့်ပိတ်ထား၍ ရုန်းကန်ပြီး အဆိုပါလူအား လက်သီးဖြင့် ထိုးခဲ့ရာ ၎င်းမှာ ပက်လက်လန် လဲကျနေစဉ် နေအိမ်ရှိ လျှပ်စစ်မီးရောင်ဖြင့် ကြည့်ရာ အမှတ်(၄)ရပ်ကွက်နေ ဖြိုးသန့်ကျော်ဖြစ်ကြောင်း သိရပြီး ၎င်းမှာနေအိမ်ပြတင်းပေါက်မှ ထွက်ပြေးသွားခဲ့သဖြင့် ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

### သိန်း ၁၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

ကချင်ပြည်နယ် ရွှေကူမြို့နယ် စီမော်ကျေးရွာနှင့် မိုးကင့်ကျေးရွာကြား ကားလမ်းမပေါ်တွင် ဆိုင်ကယ်မောင်းနှင်လာသူနှစ်ဦးထံမှ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ နိုဝင်ဘာ ၂၇ ရက်က ဖမ်းမိခဲ့သည်။ ရွှေကူမြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးသူအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးသတင်းအရ ဝင်းကျော်(၃၃ နှစ်) မောင်းနှင်ပြီး စောနွဲ့ထွန်းထွန်းဝေ(၂၃ နှစ်) စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စောနွဲ့ထွန်းထွန်းဝေ လွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ တစ်ခွက်လျှင် ဘိန်းဖြူ ၁၁ ဒသမ ၂၂ ဂရမ်စီပါ ဆပ်ပြာခွက် ၁၂ ခွက်နှင့် 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀ စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၁၀၀ ကျော်ရှိသော မူးယစ်ဆေးဝါးများကို ဖမ်းမိ၍ ရွှေကူမြို့မရဲစခန်း၌ ဖမ်းဆီးအမှုဖွင့်ခဲ့သည်။ ဆက်လက်၍ မောင်စော(ခ)စောမြင့်နိုင်(၄၃ နှစ်) စီးနင်းလာသော ဆိုင်ကယ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀ ကို ထပ်မံဖမ်းဆီးရမိ၍ ၎င်းကိုလည်း ရွှေကူမြို့မ ရဲစခန်းတွင် ဖမ်းဆီးထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

### ရပ်ထားသော ၂၂ ဘီးယာဉ်ကို ခရီးသည်တင်ယာဉ်က ဝင်ရောက်တိုက်မိ

ကရင်ပြည်နယ် ဘားအံမြို့နယ် သဃ်န်းညီနောင်ကျေးရွာအနီး မြဝတီ-ရန်ကုန်ကားလမ်းပေါ်၌ လမ်းဘေးချရပ်ထားသော ၂၂ ဘီး ကုန်တင်ယာဉ်ကို ခရီးသည်တင်ယာဉ်က အရှိန်မထိန်းနိုင်၍ နောက်မှ ဝင်ရောက်တိုက်မိမှု နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။ သဃ်န်းညီနောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၏ သွားရောက်စစ်ဆေးချက်အရ ကော့ကရိတ်ဘက်မှ မြဝတီဘက်သို့ အောင်မြင့်ဌေး(၃၇ နှစ်)မောင်းနှင်လာသော ဘုန်းပွင့်စံ ခရီးသည်တင်မှန်လုံယာဉ်သည် အခင်းဖြစ်နေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး၌ရပ်ထားသည့် (၂၂)ဘီး ကုန်တင်ယာဉ်၏နောက်ပိုင်းကို ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း အောင်မြင့်ဌေးနှင့် ယာဉ်ပေါ်တွင်လိုက်ပါလာသော မောင်ထက်နောင်(၃ နှစ်)တို့မှာ ဒဏ်ရာများရရှိခဲ့ကာ ခရီးသည်တင်ယာဉ်မောင်း အောင်မြင့်ဌေးအား သဃ်န်းညီနောင်နယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# စုဆောင်းထားရှိသည့် ရှေးဟောင်းအမွေအနှစ် အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသ



**ဆော နိုဝင်ဘာ ၃၀**

ဂန့်ဂေါခရိုင် ဆောမြို့နယ်ဒေသတွင်းမှ ရှေးဟောင်းအမွေအနှစ် အသုံးအဆောင်ပစ္စည်းများနှင့် ပန်းချီပြခန်းကို နိုဝင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ကျင်းပခဲ့ပြီး ရှေးဟောင်းပစ္စည်းများနှင့် ယောဒေသ၏ ရိုးရာ အသုံးအဆောင် ပစ္စည်းများကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

အဆိုပါပြခန်းကို ဆောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပစ္စည်းစုဆောင်းမှု ဝါသနာရှင် ဦးမြင့်ဝင်းတို့ ပူးပေါင်းလျက် ခင်းကျင်းပြသခဲ့ခြင်းဖြစ်သည်။ “ကျောင်းသား လူငယ်များ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းနားလည်တတ်စေရန်နဲ့ အတွေးအမြင်ကောင်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်တတ်စေရန် ရည်ရွယ်ချက်နဲ့ ပြခန်းဖွင့်လှစ်ပြသခြင်းဖြစ်ပါတယ်”ဟု မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန္ဒာလှိုင်က ပြောသည်။

ပြခန်းတွင် ရှေးယခင်ကအသုံးပြုခဲ့ကြသည့် ပေစာ၊ ပုရပိုက်စာ၊ စာချွန်လွှာ၊ ဒေါင်းလန်း ၊ ဗျပ်၊ ဆွမ်းအုပ်၊ မီးအိမ်၊ ဆေးကျောက်ပျဉ် အစရှိသည့် ရှေးဟောင်းပစ္စည်းများ၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ငွေစက္ကူများ၊ ရှေးယခင်က အသုံးပြုခဲ့သော ချင်းဓလေ့ ရိုးရာပစ္စည်းများ၊ ယောဓလေ့ ရိုးရာပစ္စည်းများ၊ နိုင်ငံကျော် ဆိုင်းဆရာကြီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ လူသားအကျိုးပြု ပုဂ္ဂိုလ်ထူးများ၏ မှတ်တမ်းဓာတ်ပုံများ၊ ဆောမြို့၏ သမိုင်းဝင် ရုပ်ပုံလွှာများ၊ မြန်မာမှုအထွေထွေ အစရှိသည့် မှတ်တမ်းဓာတ်ပုံ၊ ပန်းချီကားချပ်များကို ပြသထားသည်။

ထို့အပြင် ဆောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများ ပြုလုပ်ထားသည့် (hand made) ပန်းချီကားချပ်များကိုလည်း စုံလင်စွာ ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။

အဆိုပါပြခန်းတွင် ပြသခဲ့သော ရှေးဟောင်း ပစ္စည်းများအပါအဝင် ပစ္စည်းအမျိုးမျိုးနှင့် ပန်းချီကားများကို ဆောမြို့ပေါ်ရှိ ပညာရေး ဘော်ဒါဆောင်များမှ ကျောင်းသား ကျောင်းသူများနှင့် ရှေးဟောင်းပစ္စည်းဝါသနာရှင်များ လာရောက်လေ့လာကြည့်ရှုကြပြီး ရှေးဟောင်းပစ္စည်းများနှင့် ပတ်သက်၍ သိလိုသည့်အချက်အလက်များကို ပစ္စည်းများစုဆောင်းထားသူ ဦးမြင့်ဝင်းက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည် ။

**မြို့နယ်(ပြန်/ဆက်)**

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းလုပ်ငန်းအကြောင်း အလုပ်ရုံဆွေးနွေး

**ဘားအံ နိုဝင်ဘာ ၃၀**

ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ ယူနီဆက်ဖ်နှင့် ဒိန်းမတ်လူမှုကူညီရေးအဖွဲ့(DCA) (မြန်မာ)တို့ ပူးပေါင်း၍ ကရင်ပြည်နယ်လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းလုပ်ငန်းအကြောင်း ရှင်းလင်းပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၈ ရက်က ဘားအံမြို့ တော်ဝင်ရတနာခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်က အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက ရှင်းလင်းပွဲပြုလုပ်သည့် ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ဒိန်းမတ်လူမှုကူညီရေးအဖွဲ့(မြန်မာ)မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းလုပ်ငန်းယူနစ် နည်းပညာအကြံပေး Mr.Frederic Foust နှင့် ယူနီဆက်ဖ်မြန်မာ ရန်ကုန်ရုံးချုပ်မှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအရာရှိ ဦးကျော်ဝင်းတို့က မိုင်းအသုံးမပြုရန် တားဆီးပိတ်ပင်ရေးစာချုပ်နှင့် ပတ်သက်သော မှတ်တမ်းများပြသပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းလုပ်ငန်းများအကြောင်း၊ မိုင်းအန္တရာယ် အသိပညာပေး သင်ထောက်ကူပစ္စည်းများအကြောင်း၊ မြေယာလွှဲပြောင်းပေးအပ်ခြင်း၊ မိုင်းအန္တရာယ်ရှိသောနေရာများကို အမှတ်အသားပြုခြင်းနှင့် မိုင်းရှင်းလင်းခြင်း၊ မိုင်း၏အကျိုးသက်ရောက်မှုနှင့် မိုင်းဒုက္ခသည်များအား ကူညီစောင့်ရှောက်ခြင်း၊ လွှဲပြောင်းပေးပို့ခြင်း စသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များအား ရှင်းလင်းတင်ပြခဲ့သည်။



ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဦးဇော်မင်းက စစ်တမ်းများအရ ပြည်နယ်အတွင်း မိုင်းကြောင့် ထိခိုက်မှုအများဆုံးဖြစ်သူများတွင် ကလေးငယ်များက အများဆုံးဖြစ်ကြောင်း တွေ့ရပြီး ယခုအချိန်တွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို မလုပ်နိုင်သေးသောကြောင့် မိုင်းအသိပညာပေးလုပ်ငန်းများနှင့် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း ပြောကြားသည်။

ပြည်နယ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက မိုင်းများရှိနိုင်သည့် ကျေးရွာများ၊ တောင်ယာ လယ်ယာများအတွင်း လူမှုဝန်ထမ်းဦးစီးဌာနနှင့် မိုင်းအကြံပေးအဖွဲ့ The Halo Trust Norwaygian people Aid တို့ ပူးပေါင်းပြီး မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပြည်နယ်ဦးစီးမှူးက ဆက်လက်ပြောကြားသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# တရုတ်နိုင်ငံသို့ ရောင်းစားခံရသူ အမျိုးသမီးတစ်ဦးကို နှစ်နှစ်ကျော်အကြာတွင် ပြန်လည်တွေ့ရှိ

**မြစ်ကြီးနား နိုဝင်ဘာ ၃၀**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် နောင်စီပေါကျေးရွာတွင် နေထိုင်သော အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ရောင်းစားခံခဲ့ရပြီး နှစ်နှစ်ကျော်အကြာ ယခုနှစ် နိုဝင်ဘာလအတွင်း ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

ရောင်းစားခံရသည့် အမျိုးသမီးငယ်မှာ ၂၀၁၅ ခုနှစ် အသက် ၁၇ နှစ်အရွယ်က တရုတ်အမျိုးသားထံသို့ ရောင်းချခံရခြင်းဖြစ်ပြီး ယခု ပြန်လည်တွေ့ရှိချိန်တွင် အသက်၁၉ နှစ်အရွယ် ရှိနေပြီဖြစ်ကြောင်း မြစ်ကြီးနားမြို့အမှတ်(၁၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအုပ်လှိုင်စိုးက ပြောသည်။ “ရောင်းစားခံရပြီး နှစ်နှစ်ကျော်ကြာတဲ့အချိန်မှာ သူဘယ်မှာရောက်ရှိနေကြောင်း သူ့အဖေရဲ့ဖုန်းကို ဆက်ခဲ့ရာကနေတစ်ဆင့် လူကုန်ကူးပြစ်မှု ကျူးလွန်ခဲ့သော သားအမိနှစ်ယောက်ဆိုတာ သိခဲ့ရတယ်၊ သမီးကိုတော့မိထားတယ်၊ ရင်ကျန်းမှာနေတဲ့ သူ့အမေကိုတော့ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်သွယ်ရေးရုံးကနေတစ်ဆင့် ဖမ်းဆီးရမိဖို့ လုပ်နေပါတယ်”ဟု ရဲအုပ်လှိုင်စိုးက ဆက်ပြောသည်။

နောင်စီပေါကျေးရွာနေ မ----- အား တစ်ရွာတည်းနေသူ မဂျာကူက ရင်ကျန်းမြို့နေ ၎င်း၏အမေ ဒေါ်ဂျာဘောက်ထံ ၂၀၁၅ ခုနှစ်က ဆက်သွယ်ပို့ဆောင်၍ တရုတ်နိုင်ငံ ဟေးနန်မြို့အနီး ချင်းကုန်းကျေးရွာရှိ တရုတ်အမျိုးသားထံ ယွမ် ရှစ်သောင်း (မြန်မာငွေ ကျပ်သိန်း ၁၇၀ ခန့်)ဖြင့် ရောင်းစားခဲ့ခြင်းဖြစ်ကာ ယခု ၂၀၁၇ နိုဝင်ဘာလတွင်မှ မ----- မှာ ဖခင်နှင့် ဖုန်းအဆက်အသွယ်ရရှိပြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ထံသို့ လာရောက်တိုင်ကြားသဖြင့် လူကုန်ကူးခဲ့သူ မဂျာကူကို ဖမ်းဆီးရမိခြင်းဖြစ်သည်။ ဖမ်းမိသူ မဂျာကူအား ဝိုင်းမော်မြို့နယ် မြို့မရဲစခန်းတွင် အမှုဖွင့်ထားပြီး ၎င်း၏မိခင် ဒေါ်ဂျာဘောက်အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ၂၀၁၇ ခုနှစ်အတွင်း ဇန်နဝါရီလမှ နိုဝင်ဘာလ ယခုအချိန်အထိ လူကုန်ကူးခံရသူ ၁၉ ဦးရှိပြီး ဗန်းမော်မြို့တွင် တစ်ဦး၊ လွယ်ဂျယ်မြို့တွင် ရှစ်ဦးရှိကြောင်း မြစ်ကြီးနားမြို့အမှတ်(၁၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ စာရင်းများအရ သိရသည်။ **မင်းမင်းဦး(EPN)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ သာစည်မြို့နယ် လှိုင်းတက်ဥယျာဉ်ခြံ(၁)တွင် အောက်ဖော်ပြပါလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောက်လုပ်မည် ဖြစ်ပါသည်။

၁။ ဟင်းသီးဟင်းရွက် သစ်သီးဝလံသုတေသနနှင့်ဖွံ့ဖြိုးရေးဌာန (အထက်မြန်မာပြည်) အဆောက်အဦး(၁၈၀ပေ၊ ၃၅ပေ၊ ၁၄ပေ) (သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း) RC တစ်ထပ်(၃) ဆောင်တွဲ(၁)လုံး
(ပင်မရုံး အဆောက်အဦးနှင့် ဓာတ်ခွဲခန်းများ တည်ဆောက်ခြင်း)

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၄-၁၁-၂၀၁၇ရက်
**တင်ဒါပိတ်ရက်** - ၁၃-၁၂-၂၀၁၇ရက်
**တင်ဒါရွေးချယ်မည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**၇၃လမ်း၊ သိပ္ပံလမ်းထောင့်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၂၈၄၈၆၅၆၊ ၀၉-၂၂၂၁၁၂၈၊၀၉-၇၇၂၂၂၁၁၂၈**

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

ကျွန်တော်များ Charoen Pokphand Produce Myanmar Co.,Ltd.သည် Aung Kyar Phuu Manufacturing Co.,Ltd. မှ ဖြန့်ဖြူးခွင့်ရရှိထားသော Chai Thai Co.,Ltd. မှ ထုတ်ကုန်များဖြစ်သည့် အောက်ဖော်ပြပါ ပိုးသတ်ဆေးများအား ဖြန့်ဖြူးခွင့် လွှဲပြောင်းရယူသွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။

| Sr | Trade Name | Active Ingredient Name | Registration Type | Registration Number |
|---|---|---|---|---|
| 1 | Deca 40 EC | Chlorpyrifos 40% EC | Full | F2015-960 |
| 2 | Nocktrin 10 EC | Cypermethrin 10% EC | Full | F2015-346 |

**Charoen Pokphand Produce Myanmar Co.,Ltd.**
**PH No. 09-962759972, 09-962759972**


**အောင်ပြည့်စုံ**
**အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း**
**မြို့တွင်း/နယ်ဝေးများအတွက်**
**ဈေးနှုန်းချိုသာစွာဖြင့်**
**Box ကား မျိုးစုံဖြင့်**
**အလုပ်သမားစီစဉ်ပေးသည်။**
**09-250095114**
**09-421041338**
**09-73224763**


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၁ဓယ/၉၇၂၇၆ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောလွင် ၉/မလန(နိုင်)၀၄၀၁၄၉၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈-ပဲမှီကုန်း၊ မြေကွက်အမှတ် ၈၈/န၊ ဧရိယာ ၀ဒသမ၀၂၇၅၈ဧက၊ မြေကွက်တည်နေရာအမှတ် က-၅၈၊ သဇင်လမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်(မောင်ဘအုံးဖေ၊ မဇေါ်) အမည်ပေါက် B မြေပိုင် -၃/ကရပြီး မြေအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၂၉၅/၂၀၁၆ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု၏ ၁၁-၁၁-၂၀၁၆ရက်စွဲပါ တရားရုံးအမိန့်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ် ၁၀၅/၂၀၁၆ဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် (၂၁)နည်း ၃၄ (၄)အရ တရားရုံးများကိုယ်စားမှတ်ပုံတင်အရောင်းအဝယ်စာချုပ်လက်မှတ်ရေးထိုးပေးရန် ဘီလစ်ခန့်အပ်ကြောင်း၊ အမိန့်ချမှတ်သည့်(၂၄-၁၀-၂၀၁၇)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအပြီးသတ်အမိန့်၊ ၂၄-၁၀-၂၀၁၇ရက် ဘီလစ်ခန့်အပ်ပြီးကြောင်း အကြောင်းကြားစာ၊ ၃(က)လက်မှတ်တင်ပြပြီး ဘီလစ် ဒေါ်အေးငြိမ်းခိုင် ၁၂/မရက(နိုင်)၁၄၃၇၃၉ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရေကြောင်းရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား၊ ပုဂ္ဂလလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂-၁၂-၂၀၁၇ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၆-၁-၂၀၁၈ရက်
၄။ **ကုမ္ပဏီ၏အချက်အလက်တင်ပြရန် နောက်ဆုံးရက်** - ၇-၁-၂၀၁၈ရက်
၅။ **တင်ဒါဖွင့်မည်ရက်/အချိန်** - ၈-၁-၂၀၁၈ရက် နံနက် ၁၀နာရီ
၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)၊ ရုံးအမှတ်(၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ် အချက်အလက်များအား သိရှိလိုပါက တယ်လီဖုန်းနံပါတ် -၀၆၇-၄၁၁၅၇၄၊ ၀၉-၄၅၁၂၃၀၇၇၈ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ရေကြောင်းရဲတပ်ဖွဲ့**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အခွန်ဌာန(ဧည့်ရိပ်သာ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနကွပ်ကဲမှုအောက် ဧည့်ရိပ်သာမှ အောက်ဖော်ပြပါ အိပ်ရာနှင့်ဆက်စပ်ပစ္စည်း(၂)မျိုး၊ ကိုရီးယားစောင် အထူ(တရုတ်)(၁၂၀၀)ထည်နှင့် တစ်ယောက်အိပ် အိပ်ရာခင်း (တရုတ်)(၁၂၀၀)ထည်တို့အား (Commercial Tax, With Holding Tax အပါ) ဧည့်ရိပ်သာအရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အတိုင်းအတာ | အရေအတွက် |
|---|---|---|---|
| (က) | တစ်ယောက်အိပ် ကိုရီးယားစောင်(အထူ) (တရုတ်) | အလျား၇'x အနံ၅' ၆" | ၁၂၀၀ထည် |
| (ခ) | တစ်ယောက်အိပ် အိပ်ရာခင်း(တရုတ်) | အလျား၇'x အနံ၅' | ၁၂၀၀ထည် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၁၂-၂၀၁၇ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၄-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်မည့်ရက်မှာ ၁၉-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီဖြစ်ပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၂)တွင် ကျင်းပသွားမည်ဖြစ်ပါသည်။
၃။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များအားနေပြည်တော်စည်ပင် ဧည့်ရိပ်သာ(၁)အုပ်ချုပ်မှုရုံးတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၈၁၀၈၃၅၆၊ ၀၆၇-၈၁၀၈၁၈၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန
**၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် လမ်းဦးစီးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေနှင့်လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန လက်အောက်ရှိ သာယာဝတီခရိုင်၊ ပြည်ခရိုင်နှင့် လမ်းအထူးအဖွဲ့(၁၅)တို့မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သောဘိလပ်မြေနှင့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၃၀-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့) (ရုံးချိန်အတွင်း)
**အိတ်ဖွင့်တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၁၄-၁၂-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၁၁ နာရီ
**အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့
**အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဖွင့်လှစ်မည့်ရက်/အချိန်** - ၁၄-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီ
**အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဖွင့်လှစ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ၃၀-၁၁-၂၀၁၇ရက်မှ ၁၃-၁၂-၂၀၁၇ရက်ထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနများတွင် လာရောက်စုံစမ်းနိုင်ပါသည်။
ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့
ဖုန်း-၀၅၂-၂၂၂၄၅၇၂၊ ၀၅၂-၂၂၂၁၅၂၃

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**

## “ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း”ဟောပြောပွဲ ဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ လစဉ်ပညာရှင်များ ဟောပြောပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာ ဌာနများမှ ပညာရှင်များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**ဟောပြောမည့် ခေါင်းစဉ်** - “ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း”
**ဟောပြောမည့်ပုဂ္ဂိုလ်** - ဒေါက်တာဆန်းဦး(ညွှန်ကြားရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)
**ကျင်းပမည့်ရက်** - ၂-၁၂-၂၀၁၇ရက်(စနေနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၂နာရီ
**ကျင်းပမည့်နေရာ** - ကုန်သည်/စက်မှုအသင်းချုပ်(UMFCCI)၊ ဒုတိယထပ်၊ မင်္ဂလာခန်းမကြီး၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

**ဆက်သွယ်ရန်-**
HRD Department
01-2314344~49
Ext-133, 134

**ကုန်သည်/စက်မှုအသင်းချုပ်**




Hot Fare is one way Economy Starter fare and comes with 7kg carry-on baggage only. Fares quoted include airport taxes and fees. Selected travel periods (not available on all flights, school holidays and weekends) and limited seat availability apply. Other conditions apply, including Jetstar's Conditions of Carriage. Jetstar Asia Airways Pte Ltd.

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/5011 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/7279 Toyota Mark II, S/L ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအောင်ကြည် ၇/ပခန(နိုင်)၁၀၆၆၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်တာဝါ IIA အိမ်ရာရှိ တိုက်အမှတ်(IIA)၊ အခန်းအမှတ် ၃၀၁ ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်-ဒေါ်မြင့်မြင့် ၁၂/မဂတ(နိုင်)၀၃၁၁၈၀၊ ၉/မထလ(နိုင်)၁၇၆၁၄၈ မှတစ်ဆင့် ဝယ်ယူထားသူ ဒေါ်ခင်လေးလှိုင် ၁၄/အဂပ(နိုင်)၀၀၈၀၆၅က ဝယ်ယူပြီး အမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**

## ဒေါ်ဆန်းမွန်လေး(မန်နေဂျင်းဒါရိုက်တာ) အောင်ရွှေထွန်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ၎င်း၏ခင်ပွန်း ဦးမိုးလှဝင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၃၀)ရပ်ကွက်(သုဝဏ္ဏ)၊ ပိတောက်မြိုင်လမ်း၊ အမှတ် ၁၈၆တွင် နေထိုင်သူ ဒေါ်ခင်ဌေးဌေး၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေနှင့် ဒေါ်ဆန်းမွန်လေး၊ ဦးမိုးလှဝင်းတို့သည် ခင်မင်ရင်းနှီးသူများ ဖြစ်ကြပြီး ဒေါ်ဆန်းမွန်လေးက ၎င်း၏ အောင်ရွှေထွန်းကုမ္ပဏီတွင် လုပ်ငန်းအတွက် အသုံးပြုရန်ငွေလိုအပ်သဖြင့် ငွေကျပ်သိန်း ၁၄၀၀ ကူညီပေးအပ်ရန် မေတ္တာရပ်ခံအကူအညီတောင်းခံမှုအပေါ် ကျွန်ုပ်တို့မိတ်ဆွေကလည်း ခင်မင်ရင်းနှီးသူများဖြစ်သဖြင့် လိုအပ်နေသည့်ငွေကျပ်သိန်း ၁၄၀၀ကို ဒေါ်ဆန်းမွန်လေးနှင့်၎င်း၏ခင်ပွန်း ဦးမိုးလှဝင်းတို့အား ယုံကြည်ပေးအပ်ထားရန် သဘောတူခဲ့ပါသည်။ သို့ဖြစ်၍ ၂၂-၄-၂၀၁၆ ရက်တွင် ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်ခင်ဌေးဌေးနှင့်ဒေါ်ဆန်းမွန်လေး (မန်နေဂျင်းဒါရိုက်တာ)တို့သည် နှစ်ဦးသဘောတူမေတ္တာအရင်းခံငွေယုံမှတ်အပ်နှံခြင်း ကတိစာချုပ်ကို ချုပ်ဆိုကြပြီး ငွေကျပ်သိန်း ၁၄၀၀ ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ဌေးဌေးက ဒေါ်ဆန်းမွန်လေးနှင့်ဦးမိုးလှဝင်းတို့လက်သို့ပေးအပ်ခဲ့ပါသည်။ ယင်းယုံမှတ်အပ်နှံငွေများကို ၂၃-၄-၂၀၁၇ရက် နောက်ဆုံးထားပြီးတစ်လုံးတစ်ခဲတည်းပြန်လည်ပေးအပ်မည်ဖြစ်ကြောင်းကို ယင်းစာချုပ်တွင်ဖော်ပြချုပ်ဆိုထားပါသည်။ ထို့နောက် ဒေါ်ဆန်းမွန်လေးနှင့်ဦးမိုးလှဝင်းတို့က ယုံကြည်အပ်နှံငွေများနှင့်ပတ်သက်၍ စိတ်ချယုံကြည်မှုရှိစေရန်အတွက် အောင်ရွှေထွန်းဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်နေသော အမှတ် ၄၉၀၊ မြရတနာ ၁လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ကန်ထရိုက်တိုက်မှ ၎င်းကုမ္ပဏီပိုင်မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ် တိုက်ခန်းသုံးခန်းကို အရောင်းအဝယ်စာချုပ်များချုပ်ဆိုကာ ဒေါ်ဆန်းမွန်လေးကပေးအပ်ခဲ့ပါသည်။ ဒေါ်ဆန်းမွန်လေးအနေဖြင့် ၂၂-၄- ၂၀၁၆ရက်စွဲပါ နှစ်ဦးသဘောတူ ငွေယုံမှတ်အပ်နှံခြင်းကတိစာချုပ်ပါ ငွေကျပ်သိန်း ၁၄၀၀အား ၂၃-၄-၂၀၁၇ရက် နောက်ဆုံးထားပြီး ပျက်ကွက်မှုမရှိစေဘဲ တစ်လုံးတစ်ခဲတည်းပြန်လည်ပေးအပ်ရမည် ဖြစ်သော်လည်း တစ်စုံတစ်ရာပြန်လည်ပေးအပ်ခြင်းမရှိပျက်ကွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေက ငွေယုံမှတ်အပ်နှံငွေကျပ် သိန်း ၁၄၀၀ကို သော်လည်းကောင်း(သို့) တိုက်ခန်းအရောင်းအဝယ်စာချုပ်များအရ အထက်ဖော်ပြပါတိုက်ခန်းသုံးခန်းကိုသော်လည်းကောင်း ကျွန်ုပ်၏မိတ်ဆွေလက်သို့ မပျက်မကွက်ပေးအပ်ရန်တောင်းဆိုအပ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းများနှင့်ပတ်သက်ပြီး ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးမျိုးမောင်မောင်စိုး(တရားလွှတ်တော်ရှေ့နေ)** **ဦးစိုးသိန်း(တရားလွှတ်တော်ရှေ့နေ)** **ဦးညီညီစိုး(တရားလွှတ်တော်ရှေ့နေ)**

**ရုံး-**
**အမှတ် ၅၀၊ အခန်း(အေ-၁၄)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၃၀၂၁၆၈၄**

**အိမ်-**
**တိုက် ၁၇၊ အခန်း ၁၊ ကြို့ကုန်းရိပ်သာ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၃၁ ၆၁၃၈၁၊ ၇၃၁ ၇၃၉၆၃**

## ဇနီး ဒေါ်တင်တင် ၁၁/မအန(နိုင်)၀၃၂၅၀၈ (သား)မောင်အောင်မိုးနှင့် အများသိစေရန် ကြေညာခြင်း
## မာန်အောင်မြို့ ဒေါ်တင်တင်(ဘ)ဦးညီကလေး (သား) မောင်အောင်မိုးနှင့် အများသိစေရန်ကြေညာအပ်ပါသည်

ဒေါ်တင်တင်သည် ခင်ပွန်းဖြစ်သူ ဦးကျော်သိန်း ၁၀-၃-၂၀၀၈က ထိုင်းနိုင်ငံ၌ ကွယ်လွန်ခဲ့သည်ဟု မာန်အောင်မြို့နယ်ရုံးတော်၌ ကျမ်းကျိန်လျက် ကျွန်တော်၏သားချင်းညီအစ်ကိုမောင်နှမများအပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲစေလိုမှုဖြင့် တရားစွဲဆိုခဲ့ကြောင်း သိရသည်။

၁။ ကျောက်ဖြူခရိုင်တရားရုံး၊ တရားမမှုကြီးအမှတ် ၁/၂၀၁၂တွင် ဦးကျော်သိန်းကွယ်လွန်သည်မှာ မထင်ရှားဟု ပလပ်ခံရသည်။
၂။ ရခိုင်ပြည်နယ်တရားလွှတ်တော် တရားမအယူခံမှု ၂၂/၂၀၁၃ တွင် မူလအမိန့်ကို အတည်ပြုခဲ့သည်။
၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားမအယူခံမှု ၅၂၉/၂၀၁၄ တွင် အောက်ရုံးအမိန့် ပယ်ဖျက်ခဲ့သည်။
၄။ ပြည်ထောင်စုတရားမအထူးအယူခံမှု ၂၈/၂၀၁၅တွင် မူလရုံးအမိန့်ကို ပြန်လည်အတည်ပြုခဲ့သည်။

အထက်ပါအဖြစ်အပျက်အရ နောက်နောင် ကျွန်တော်ကွယ်လွန်ပြီးချိန်တွင် ဒေါ်တင်တင်က ကျွန်တော်၏သားချင်းများအပေါ် ထပ်မံခွဲဆိုဦးမည်ဟု မျှော်မှန်းရပါသည်။ မိဘနှစ်ပါးဖြစ်သော ဦးဘစိန်-ဒေါ်အေးညိုတို့ မကွယ်လွန်မီကပင် မိသားစုအမွေခွဲဝေခြင်းအရ ကျွန်တော်၏အမွေဝေစုကို ရရှိခံစားခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော်သည် ထိုင်းနိုင်ငံသို့ သွားရောက်နေထိုင်ပြီး ၂၀၁၇ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း ဒေါ်တင်တင် (သား) မောင်အောင်မိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်သိန်း (ဘ) ဦးဘစိန် ၁၁/မအန(နိုင်)၀၀၃၈၉၈**
**အမှတ် ၇၄၁/က၊ (၂၅)လမ်း၊ ၅ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)
## ပဲခူးတက္ကသိုလ်
## ဆဋ္ဌမအကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ပဲခူးတက္ကသိုလ်က ကြီးမှူးကျင်းပခဲ့သော ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ (မဟာဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ (ဂုဏ်ထူးဘွဲ့)နှင့် ဝိဇ္ဇာ/သိပ္ပံ(ရိုးရိုးဘွဲ့) စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်လွှာပုံစံကို (၂×½)လက်မအရွယ်ဆေးသားကောင်းသည့် ဓာတ်ပုံအသစ်(၃) ပုံ (ဓာတ်ပုံတွင်လက်ပြတ်အင်္ကျီမဖြစ်စေရ)နှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(၁)စောင်တို့ကို ပူးတွဲ၍ ၄-၁၂-၂၀၁၇ရက်မှ ၂၂-၁၂-၂၀၁၇ရက် နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်၍ ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးရာတိတိ) ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူလိုသူ ပုဂ္ဂိုလ်များသည် အဝေးရောက်ဘွဲ့ကြေး ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို လည်းကောင်းပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ပဲခူးတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံများကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်ပြီးသတ်မှတ်ဘွဲ့ကြေးများကို လျှောက်လွှာရှင်စာမေးပွဲအောင်မြင်ခဲ့သည့် ပဲခူးတက္ကသိုလ်(ငွေလက်ခံဌာနတွင်) ပေးသွင်းလျှောက်ထားရမည်။

၆။ နယ်မှလျှောက်ထားသူသည် သတ်မှတ်ကြေးများကို(ငွေလက်ခံဌာန၊ ပဲခူးတက္ကသိုလ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး) သို့ လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖခင်အမည်၊ ပညာသင်နှစ်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာဖော်ပြရမည်။

၇။ လျှောက်လွှာပုံစံကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်သော်လည်း ဘွဲ့ဆိုင်ရာကျသင့်ငွေပေးသွင်းခြင်းမပြုလျှင်သော်လည်းကောင်း၊ အချိန်မီပေးပို့ခြင်းမပြုလျှင်သော်လည်းကောင်း ပဲခူးတက္ကသိုလ်က ဘွဲ့အပ်နှင်းပေးမည်မဟုတ်ပါ။

၈။ ၂၀၁၆-၂၀၁၇ပညာသင်နှစ်မတိုင်မီက ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ဘွဲ့လက်မှတ်များကို လျှောက်ထားသူတက်ရောက်ရမည့် ဘွဲ့နှင်းသဘင်ပြီးဆုံးသည့် နောက်ပိုင်းကာလတွင် ပဲခူးတက္ကသိုလ်၌ ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူဖြင့် လာရောက်ထုတ်ယူနိုင်ပါသည်။

၁၀။ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်းကျင်းပသွားမည်ဖြစ်ပါသည်။

**ဆဋ္ဌမအကြိမ်မြောက်ဘွဲ့နှင်းသဘင်အစီအစဉ်**

| | |
|---|---|
| **ဆဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်** | **၁၃-၁-၂၀၁၈ရက် (စနေနေ့)(ပထမနေ့)** |
| (က) **နံနက်ပိုင်းအစီအစဉ်** | **နံနက် ၉း၀၀နာရီ** |
| မဟာသိပ္ပံဘွဲ့ | (သတ္တဗေဒ) |
| သိပ္ပံဂုဏ်ထူးဘွဲ့ | (သတ္တဗေဒ၊ ဘူမိဗေဒ) |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | (အင်္ဂလိပ်စာ) |
| သိပ္ပံရိုးရိုးဘွဲ့ | (သတ္တဗေဒ၊ ဘူမိဗေဒ) |
| **မွန်းလွဲပိုင်းအစီအစဉ်** | **မွန်းလွဲ ၁း၀၀နာရီ** |
| မဟာဝိဇ္ဇာဘွဲ့ | (ပထဝီဝင်) |
| မဟာသိပ္ပံဘွဲ့ | (ရူပဗေဒ) |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | (ဒဿနိကဗေဒ) |
| သိပ္ပံဂုဏ်ထူးဘွဲ့ | (ရူပဗေဒ) |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | (ပထဝီဝင်၊ ဒဿနိကဗေဒ) |
| သိပ္ပံရိုးရိုးဘွဲ့ | (ရူပဗေဒ) |
| **ဆဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်** | **၁၄-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့)(ဒုတိယနေ့)** |
| (ခ) **နံနက်ပိုင်းအစီအစဉ်** | **နံနက် ၉း၀၀နာရီ** |
| မဟာဝိဇ္ဇာဘွဲ့ | (သမိုင်း) |
| မဟာသိပ္ပံဘွဲ့ | (သင်္ချာ) |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | (သမိုင်း) |
| သိပ္ပံဂုဏ်ထူးဘွဲ့ | (သင်္ချာ) |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | (မြန်မာစာ၊ သမိုင်း) |
| သိပ္ပံရိုးရိုးဘွဲ့ | (သင်္ချာ) |
| **မွန်းလွဲပိုင်းအစီအစဉ်** | **မွန်းလွဲ ၁း၀၀နာရီ** |
| မဟာဝိဇ္ဇာဘွဲ့ | (မြန်မာစာ) |
| မဟာသိပ္ပံဘွဲ့ | (ဓာတုဗေဒ၊ ရုက္ခဗေဒ) |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | (မြန်မာစာ) |
| သိပ္ပံဂုဏ်ထူးဘွဲ့ | (ဓာတုဗေဒ၊ ရုက္ခဗေဒ) |
| သိပ္ပံရိုးရိုးဘွဲ့ | (ဓာတုဗေဒ၊ ရုက္ခဗေဒ) |

၁၁။ **အစမ်းလေ့ကျင့်ရက်**

၁၁-၁-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၉း၀၀နာရီတစ်ကြိမ်၊ မွန်းလွဲ ၁း၀၀နာရီတွင် တစ်ကြိမ်ကျင်းပမည်။ အသေးစိတ်အစီအစဉ်ကို ပဲခူးတက္ကသိုလ် ကြော်ငြာသင်ပုန်းများတွင် ကပ်ထားပါမည်။

၁၂။ ဘွဲ့အသီးသီးသို့ တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်တက်ရောက်ကြရမည်။ (အဆိုပါအစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင်မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၁၃။ ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၈-၁-၂၀၁၈ရက် နံနက် ၉း၀၀ နာရီမှ စတင်၍ ပဲခူးတက္ကသိုလ် သင်တန်းရေးရာဌာနတွင် ထုတ်ပေးပါမည်။

၁၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါကပဲခူးတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း-၀၅၂-၂၂၃၀၀၀၂၊ ၀၅၂-၂၂၃၀၁၃၆တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**(သန်းသန်းမြင့်)**
**မော်ကွန်းထိန်း-သင်တန်းရေးရာဌာန**
**ပဲခူးတက္ကသိုလ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/1927 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁၃)ရပ်ကွက်၊ ကွင်းအမှတ် ၅၂၊ ကင်မလင်းကျွန်း(စံပြ)၊ မြေကွက်အမှတ် (F-၃၇၆)၊ ဧရိယာ ၀ဒသမ၀၅၅၈ဧကအတွင်းမှ ဧရိယာ ၀ဒသမ၀၃၆ ဧကရှိမြေကို ဒေါ်သင်းသဇင်အမည်ဖြင့်မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်း နှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

ဝင်ငွေကောင်းတဲ့ ကိုယ်ပိုင်စီးပွားရေးအမြန်လုပ်ဖို့လွယ်ပါတယ်-
**အေးမွန်ရတနာ**
**အမျိုးသမီးစက်ချုပ်သင်တန်း**
ဒေါ်ခင်ဝင်းရီ B.A,B.Ed
**ဖုန်း-၀၁-၅၇၉၈၂၅၊ ၀၉-၅၁၀၄၆၈၇၊ ၀၉-၅၁၉၃၄၉၁၊ ၀၉-၄၂၀၀၀၆၈၀၉**

**ငှားရန်**
၁။ ပုလဲကွန်ဒို နှစ်ခန်း၊ ကမ္ဘာအေးဘုရားလမ်း
၂။ စံပယ်ဖြူ ကွန်ဒို(အသစ်) တစ်ခန်း၊ လေးထောင့်ကန်လမ်းမကြီး၊ သဃ်န်းကျွန်း။
**ဖုန်း-၀၉-၅၁၇၇၂၄၊ ၀၉-၅၀၁၆၈၇၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး၊ ပွဲရုံဆိုင်ခန်းအမှတ် (ပ-၁၄၆) အား ရန်ကုန်တိုင်းဒေသကြီး၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ အမှတ်(၅) ရပ်ကွက်၊ အမှတ် (C7)နေ ဦးသန်းဌေး ၁၀/မဒန(နိုင်)၀၀၆၅၅၆အမည်ပေါက် ပိုင်ဆိုင်ပြီး ပြင်ဦးလွင်မြို့၊ ၂၈ သုမင်္ဂလာရပ်ကွက်ကြီး(၂)၊ အမှတ် ၇၈နေ ဒေါ်ဝင်းဝင်းခိုင်(ခ) ဒေါ်ရှောချင် ၉/ပဥလ(နိုင်)၀၁၈၂၅၆သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါမော်တော်ယာဉ်(၁)စီး ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Toyota Hilux Surf 1999 Model

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၁၂-၂၀၁၇ ရက်၊ ရုံးချိန်အတွင်း

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၁၂-၂၀၁၇ ရက် ၁၆း၀၀ နာရီ

၃။ အသေးစိတ်သိရှိလိုပါက မကွေးမြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ဖုန်း(၀၆၃-၂၈၆၅၂) သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ဖြည့်တင်းပြီးရေနံဓာတ်ငွေ့ရည် ဆလင်ဒါများဖြန့်ဖြူးရောင်းချခွင့်လိုင်စင်(ဃ)နှင့်(င)အသစ်လျှောက်ထားခြင်းနှင့်လိုင်စင်ရရှိထားသူများ
## သက်တမ်းတိုးရန် နှိုးဆော်ခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ခွင့်ပြုထုတ်ပေးထားသော ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လိုင်စင်(ဃ)နှင့် (င)များသည် ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသဖြင့် သက်တမ်းကုန်ဆုံးသောနေ့ရက်မတိုင်မီ နောင်လာမည့်နှစ်အတွက် လိုင်စင်သက်တမ်းတိုးမြှင့်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ လိုင်စင်အသစ်လျှောက်ထားခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးရန်အတွက် အောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းမိတ္တူများနှင့်အတူ လျှောက်လွှာကို ပြည်နယ်/တိုင်းဒေသကြီးများရှိ ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူချက်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီရုံးများတွင် ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၁၀ရက် နောက်ဆုံးထား၍ တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်-

(က) လိုင်စင်အသစ်/သက်တမ်းတိုးလျှောက်လွှာ

(ခ) သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းလိုင်စင်

(ဂ) သက်ဆိုင်ရာမီးသတ်ဦးစီးဌာန၏ ထောက်ခံချက်

(ဃ) သက်ဆိုင်ရာပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်

၃။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များသည် ၂၀၁၇ခုနှစ် ဒီဇင်ဘာလ ၁၉ရက်မှ ၂၉ရက်အတွင်း သက်ဆိုင်ရာအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးပြီး လိုင်စင်အသစ်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ လိုင်စင် အသစ်/သက်တမ်းတိုး လျှောက်လွှာပုံစံများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများရှိ ရေနံထွက်ပစ္စည်းများတင်သွင်းသိုလှောင်သယ်ယူ ချက်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီရုံးများတွင် ရယူနိုင်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၅။ သက်တမ်းတိုးမြှင့်ရန်ပျက်ကွက်ပါက ၁-၁-၂၀၁၈ရက်မှစတင်၍ ရက်လွန်ဒဏ်ကြေးအဖြစ် တစ်ရက်လျှင် လိုင်စင်ကြေး၏ ၁%ကို ပေးဆောင်ရမည်ဖြစ်ပြီး သုံးလကျော်လွန်ပါက လိုင်စင်အားဖျက်သိမ်းမည်ဖြစ်ပါသည်။

၆။ လိုင်စင်အသစ်/သက်တမ်းတိုးလျှောက်ထားခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၁၁၉၄ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မင်းဘူးခရိုင်တရားရုံးတော်
## ၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ် -၂

ဦးဆန်းမြင့်(ခ)ဦးကူးကူး **နှင့်** ဦးမိုးလွင်(ခ)ဦးစိုးလွင်
**တရားနိုင်** **တရားရှုံး**

အမှတ် ၁၂၄၊ (၈)လွှာတိုက်ခန်း ဘယ်ဘက်ခြမ်း၊ (၉၃)လမ်း၊ ကန်တော်ကလေး မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးမိုးလွင်(ခ)ဦးစိုးလွင် ၈/မကန(နိုင်) ၀၉၈၁၂၂(ယခုလိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ တရားနိုင် ဦးဆန်းမြင့်(ခ)ဦးကူးကူးက ဤရုံးတော်သို့ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ-၃၇အရ လူဖမ်းဝရမ်းထုတ်ဆင့်၍ တရားမအကျဉ်းထောင်တွင် ချမှတ်ပေးစေသည့်အကြောင်းနှင့် လျှောက်ထားသည် ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် (၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဇော်ညွန့်ဦး)**
**ခရိုင်တရားသူကြီး**
**မင်းဘူးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၄

ဒေါ်တင်တင်ဝေ **နှင့်** ၁။ ဒေါ်သူဇာတင်
၂။ ဒေါ်ယမင်းဌေး
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဥ့်ကူရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ် (၉၀)နေ (၁)တရားပြိုင် ဒေါ်သူဇာတင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်စာချုပ်ပါ မြေကွက်နှင့်နေအိမ်အား လက်ရောက်ရလိုမှု(သို့)ယင်းစာချုပ်ပါရောင်းဖိုးငွေကျပ် ၅၀၀၀၀၀၀၀/- (ကျပ်သိန်းငါးရာ) လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး၊ အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၂ရက် (၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် နိုဝင်ဘာ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အုန်းခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဗန်းမော်ခရိုင် ပူတာအိုခရိုင်များအတွင်း ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြေထိန်းနံရံတည်ဆောက်ခြင်း၊ ရေလွှဲဆည်ပြုပြင်ခြင်း၊ ရေပေးမြောင်းတူးဖော်ခြင်းလုပ်ငန်း(၁၁)ခုအတွက် စိတ်ပါဝင်စားသူကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**ရေလွှဲဆည်တည်ဆောက်ခြင်းနှင့် ရေပေးမြောင်းတူးဖော်ခြင်း**

| | | |
|---|---|---|
| (က) | **အိတ်ဖွင့်တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်/အချိန်** | - ၁-၁၂-၂၀၁၇ ရက် ၁၄း၀၀ နာရီ |
| (ခ) | **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** | - ၁-၁-၂၀၁၈ ရက် - ၁၄း၀၀ နာရီ |
| (ဂ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူးရုံး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ဖုန်း-၀၇၄-၂၅၂၂၄၃၇ |

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## တင်ဒါခေါ်ယူခြင်း (၂/၂၀၁၇)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ကလေးဝ/မော်လမြိုင်/ထားဝယ်/မြစ်ကြီးနားဌာနခွဲများမှ ပြည်တွင်းထုတ်ဓာတ်ဆီ(လက်ကျန်)များအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသဖြင့် တင်ဒါစာအိတ်များကို ၂၀-၁၂-၂၀၁၇ရက် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၄-၁၂-၂၀၁၇ရက်မှ စတင်၍ ပစ္စည်းတည်ရှိရာဌာနများနှင့် ဤရုံးဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၁၀၉၂ နှင့် ၀၆၇-၃၄၁၁၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၆၆၁

ဦးမော်ဇင်သန်း **နှင့်** ဒေါ်ခင်မြတ်မြတ်မိုး
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်-၅၀၉ နေ တရားပြိုင်ဒေါ်ခင်မြတ်မြတ်မိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၁၂ အရ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် စွဲဆိုမှုရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် (၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူသည် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သောင်းလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၁၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရွှေပြည်သာမြို့နယ်တရားရုံးတော်၌
## ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၁

ဒေါ်ကေသီထွန်း (၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ထူးထူးဆွေ) အမှတ် (၅၄၆)၊ ကျောင်းလမ်း၊ ဇီးကုန်းကျေးရွာ၊ ရွှေပြည်သာမြို့နယ် **နှင့်** ဦးစံအောင် အမှတ်(၅၄၆)၊ ကျောင်းလမ်း၊ ဇီးကုန်းကျေးရွာ၊ ရွှေပြည်သာမြို့နယ်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာ၊ ကျောင်းလမ်း၊ အမှတ် (၅၄၆)၊ ဦးစံအောင် (နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ကေသီထွန်းမှ ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၁ရက် (၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအေး)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## အမည်ပြောင်း

ဦးကျော်သူဟန် ၉/မထလ(နိုင်)၂၃၁၈၃၆၏သား မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အထက(၁) ပဥ္စမတန်း(C)မှ မောင်ကောင်းမြတ်သူအား မောင်ကောင်းမြတ်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းမြတ်ကျော်**

## အမည်ပြောင်း

ဦးကျော်မိုးဦး၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ ကံ့ကော်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း နဝမတန်းမှ မောင်ငြိမ်းဝေမိုးအား အိမ်ထောင်စုစာရင်းအရ မောင်စွမ်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စွမ်းထက်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ရကြည်ရွာနေ ရွှေဘိုတက္ကသိုလ် စတုတ္ထနှစ်(သတ္တဗေဒ)(A)မှ မယုဇနလင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းညို(ခ) ဦးညာဏ်ဝင်း ၅/ရဘန(နိုင်)၀၈၇၁၈၅ ဖြစ်ပါကြောင်း။**ဦးဝင်းညို(ခ)ဦးညာဏ်ဝင်း**

Since 1996

**ပုလဲ** (သူငယ်တန်းမှ ၁၀တန်း)

**နှစ်စဉ်ရန်ကုန်မြောက်ပိုင်းခရိုင် တက္ကသိုလ်ဝင်တန်း အောင်ချက်အကောင်းဆုံး (၃) ကျောင်းစာရင်းဝင်**

**ဆရာဝန်များဦးစီးသော**

**စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း**

မိမိတို့ဆရာဝန်ဖြစ်အောင် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းပြုပြင်ပေးသည်။ ဆိတ်ငြိမ် ခြံဝန်းကျယ် အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။ ကွန်ပျူတာ၊ အင်္ဂလိပ်(4 Skill)၊ အားကစား၊ ဂီတ၊ ပြည်တွင်းပြည်ပလေ့လာရေးခရီးများ၊

(၈) တန်းအစိုးရစစ် အတွက် သင်ရိုးကုန်သင်ပေးပြီး အထူးလေ့ကျင့်ပေးသည်။

(၉) တန်းအထူး – သင်ရိုးကုန်သင်ပေး၍ နှစ်ဝက်မှစ၍ (၁၀) တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။

အမှတ်(၇၇) ငုဝါလမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း - ၀၉-၄၅၆၃၉၉၉၉၁၊ ၀၉-၄၅၆၃၉၉၉၉၂၊ ၀၉-၅၁၅၈၈၅၁




အရည်အချင်းပြည့် အတွေ့အကြုံရင့်ဆရာများ ဦးစီးသော

**မောင်** ထွေ/အုပ်–၃–ဦးစီး/စီမံ–၁ ဗဟိုစာရင်းအင်း–၃–စာရင်းအင်းမှူး

တိုက်(၇)၊ လှည်းတန်း(၁)လမ်း၊ရန်ကုန်။ Ph:09786583429

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)

**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးအသားသန့်**

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀–တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။

ဒီဇင်ဘာလ(၆/၇/၉)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

ဧဋ္ဌ - Essay, Letter, Grammer လက်ခံပြီ။

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**ပျိုမေတို့တစ်တွေ**

အသားအရေ ဝါဝါဝင်း နဂိုရည်ထက် စိုပြည်ကာ သွေးသားသန့်ရှင်းရောဂါကင်းစေဖို့ ကေမ္ဘာမှ **နန္ဒင်းလုံး** ကို အစဉ်သုံးပါ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - 1010YR001475
မီးနေသည်များပါ သုံးနိုင်ပါသည်။
ကေမ္ဘာမြန်မာ့ဆေးထုတ်လုပ်ဖြန့်ချိရေး၊ ရန်ကုန်မြို့
ဗိုလ်ချုပ်ဈေး (အပေါ်ထပ်)၊ အမှတ် (၂၈)၊ မြောက်ဘက်တန်း။
ဖုန်း - ၅၄၉၉၀၁၆

ဇော်ဝင်း သံယ **San brotherhood**

"စစ်ဆေးစမ်းသပ် (အခမဲ့)"

**Air-Con,** ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။

**Air-Con အဟောင်း၊ အပျက်များကို အသစ်နှင့် လဲလှယ်ပေးပါသည်။**

**တပ်ဆင်ပြီး 1HP-245000**

1HP 300000 Ks

**တပ်ဆင်ပြီးဈေးနှုန်း (၃ နှစ်အာမခံ)**

၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ ၃။ အထူးအာမခံ (Compressor)

ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

FMI City(လှိုင်သာယာ)709373,09-5084831,3682445(Ext)1421
ကျောင်းလမ်း(အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ(မရမ်းကုန်း) 3681854, 706193, 09-73116475
ကျောက်မြောင်း(တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး(ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383,09-73251535
ဟံသာဝတီ CNG အနီး(ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467,09-73217035
တောင်/မြောက်လမ်းဆုံအနီး(တ/ဒဂုံ) 01-709114, 09-5019316

HAPPY FRIDAY

**MPT** ရှေ့သို့လှမ်းချီ မြန်မာပြည်



**သောကြာနေ့တိုင်းမှာ ငွေဖြည့်ပြီး အပိုဆု ရယူလိုက်ပါ။**

| ငွေဖြည့်ပမာဏ (ကျပ်) | ငွေဖြည့်ကတ်ဖြင့် အပိုဆု (ကျပ်) | E-Topup ဖြင့်အပိုဆု (ကျပ်) |
|---|---|---|
| ၅၀၀ | — | ၅၀ |
| ၁,၀၀၀ | ၁၀၀ | ၁၅၀ |
| ၃,၀၀၀ | ၄၅၀ | ၇၅၀ |
| ၅,၀၀၀ | ၁,၀၀၀ | ၁,၇၅၀ |
| ၁၀,၀၀၀ | ၂,၅၀၀ | ၄,၀၀၀ |

ငွေဖြည့်တိုင်း

- MPT ၏ Prepaid စနစ်အသုံးပြုသော GSM / WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး သောကြာနေ့တိုင်းတွင် ဖုန်းငွေဖြည့်ပြီး ငွေဖြည့်အပိုဆု ရယူလိုက်ပါ။
- ငွေဖြည့်အပိုဆုကို MPT အချင်းချင်းဖုန်းခေါ်ဆိုခြင်းနှင့် SMS ပေးပို့ခြင်း ၊ သုံးသလောက် ကျသင့်မည့် အင်တာနက်အသုံးပြုခြင်းတို့အတွက် အသုံးပြုနိုင်ပါသည်။

ငွေဖြည့် အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ယ/၈၂၅၆၇ Honda C90 Custom CMP,M/C ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝေ ၉/မရမ(နိုင်)၀၂၂၆၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5I/2070 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

# မြန်မာ့သမိုင်းတွင် ပထမဆုံးနှင့် ကျိုက်ထိုမြို့၏ ဂုဏ်ယူဖွယ်ရာ ပြယုဂ်




**Engineering by Poma. France**

**Construction by jewel Golden Elephant Construction Co.,Ltd**

၃၆၅၇ စတုရန်းမိုင် ကျယ်ဝန်းပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၃၅ ပေ သာရှိတဲ့ ကျိုက်ထိုမြို့လေးမှာ ကမ္ဘာကပင်သိတဲ့ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတည်ရှိပါတယ်။

ကျိုက်ထီးရိုးဘုရားဟာ ပင်လယ်ရေမျက်နှာပြင်အထက် ၃၆၁၈ ပေမြင့်မားပြီး ယခုအခါ ရသေ့တောင်မှ ကျိုက်ထီးရိုးကို မြန်မာ့သမိုင်းမှာ ပထမဆုံးဖြစ်တဲ့ Cable Car နဲ့ သွားရောက်နိုင်ပြီဖြစ်ပါတယ်။

ပြင်သစ်နည်းပညာ၊ ကိုရီးယား Programmer, Engineer များနဲ့ မြန်မာနိုင်ငံမှ ရတနာရွှေဆင်ကြီးဆောက်လုပ်ရေးတို့ပူးပေါင်း၍ ဆောက်လုပ်ပြေးဆွဲလျက်ရှိပြီး အစိုးရထံ မှ နှစ် ၆၀ မြေငှားလုပ်ကိုင်ခဲ့ပါတယ်။

1.5 ကီလိုမီတာရှည်လျားတဲ့ ဒီခရီးလမ်းကို မြန်မာနိုင်ငံသားတစ်ဦးလျှင် အသွားသုံးထောင်ကျပ်၊ အပြန်သုံးထောင်ကျပ်နှင့် နိုင်ငံခြားသားတစ်ဦးလျှင် အသွား 10 ဒေါ်လာ၊ အပြန် 10 ဒေါ်လာနဲ့ ဒီဇင်ဘာ ၁၅၊ ၂၀၁၇ တွင် စတင်ဖွင့်လှစ်ပြေးဆွဲမည်ဖြစ်ပါသည်။ လက်မှတ်များကိုလည်း ငွေသားဖြင့်ပေးချေမှုအပြင်၊ bank card system ဖြင့်လည်း ပေးချေဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

စီးရတာ ငြိမ့်ညောင်းပြေပြစ်ပြီး မူးဝေအော့အန်ခြင်းမရှိပဲ Cable Car တစ်တွဲလျှင် လူ ၈ ယောက်စီးနင်းနိုင်ကာ Cable Car 43 တွဲမှ စက်ဝိုင်းပုံစံလည်ပတ် ပြေးဆွဲနေ မှာဖြစ်ပါတယ်။

33 KVA ဓာတ်အားလိုင်းများပြေးဆွဲထားပြီး မီးပြတ်လို့လေထဲမှာ ရပ်တန့်သွားခြင်းမျိုးမဖြစ်ရအောင် Auto Generator နှစ်လုံး Manual Generator တစ်လုံးထားရှိပြင်ဆင်ထား ပါတယ်။

Cable Station ကို ရသေ့တောင်တွင်တစ်ခု၊ ကျိုက်ထီးရိုးတောင် တွင်တစ်ခုထားရှိမှာဖြစ်ပြီး KBZ mini bank နှင့် KBZ ATM များ ထားရှိပေးသွားမှာဖြစ် ပါတယ်။

ကမ္ဘောဇဘဏ်ဥက္ကဋ္ဌကြီး၏ လမ်းပြကူညီမှုနှင့် Cable Car Project ကြီး အောင်မြင်ပြီးစီးနိုင်ရန် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ချေးငွေများ ကူညီပံ့ပိုးပေးခြင်း၊ KBZ ATM များထားရှိပေးခြင်း၊ IKBZ မှ အလုံးစုံအာမခံထားရှိပေးမှုများ အတွက် Sky Asia Co., Ltd နှင့် ရတနာရွှေဆင်ကြီးဆောက်လုပ်ရေးကုမ္ပဏီ ကိုယ်စား M.D ဦးစောရွှေအောင်မှ ကမ္ဘောဇဘဏ်ဥက္ကဋ္ဌကြီးအား အထူးပင်ကျေး ဇူးတင်ရှိပါသည်။

---

**MYANMAR ENTREPRENEURSHIP SUMMIT 2017**

Organized by:

MYEA

2nd Myanmar Entrepreneurship Summit 2017 ကို မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှဦးဆောင်ကာ ဒီဇင်ဘာလ (၉)ရက်နေ့၌ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာမြန်မာကွန်ဗင်းရှင်းစင်တာ - ၂ (MICC II) တွင်ပြုလုပ်ကျင်းပမည်ဖြစ်ပါသည်။

- မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်လာအောင်ထောက်ပံ့ပေးရန်၊
- တိုင်းပြည်၏ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား မြေတောင်မြှောက်ပေးရန်၊
- လူငယ်စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ အောင်မြင်စွာပေါ်ပေါက်လာစေရန်၊
- အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်တိုးတက်လာစေပြီး နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီပေးရန် ရည်ရွယ်ကျင်းပရခြင်း ဖြစ်ပါသည်။

အစမ်းအနားတွင် နိုင်ငံတော်အကြီးအကဲများတက်ရောက်ပြီး စီးပွား ရေးလုပ်ငန်းရှင်ကြီးများ၏ အသိပညာမျှဝေမှု ဆွေးနွေးပွဲများကို ကြားနာမှတ်သားနိုင်မည်ဖြစ်ပြီး လုပ်ငန်းစတင်သူ (Start Up) များ၊ အသေးစား အလတ်စားလုပ်ငန်းများ ကုမ္ပဏီကြီးများ၏ ပြခန်းများကို လည်း စုံလင်စွာပြသထားမည်ဖြစ်ပါသည်။

အဆိုပါပွဲသို့စိတ်ပါဝင်စားသူမည်သူမဆိုအခမဲ့တက်ရောက်နိုင်ပြီး လူဦးရေကန့်သတ်ထားပါသဖြင့် online registration link "http://bit.ly/MES_2017" တွင် ကြိုတင်စာရင်းပေးသွင်းရန်လိုအပ်ပါသည်။

ဆက်သွယ်ရန် - မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း
MYEA 11th floor UMFCCI :
Phone : 01 - 2301573, 2300867, 09 - 424597870
Facebook : www.facebook/MYEA.Myanmar

---

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ယင်းမာလမ်း၊ အမှတ်(၁၉၂/၂)မှ (ဘ)ဦးမြင့်ဆွေ၏သမီး မညွန့်ညွန့်ဆွေ ၁၂/ဥကတ(နိုင်)၁၀၁၄၇၂ အားယနေ့မှစ၍ မဆွေဇင်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဆွေဇင်ဦး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၃ယ/၉၁၇၉၅ Kenbo -110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာမာအေး ၈/ပဖန(နိုင်)၀၆၆၉၀၉က(ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၃၂၀၀၄ Kenbo -125 ယာဉ်လက်ဝယ်ရှိသူ ဦးဘမ်ချွမ်း(ခ)မြင့်ချို ၈/မဘန(နိုင်)၀၃၃၂၈၄က (ကမ-၃)ပျောက် မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း

ကျွန်တော်၏ဇနီး သားသမီးလေးဦး မိခင်သည် နေအိမ်မှ မည်သူမျှအသိမပေး ရွှေထည်ပစ္စည်း၊ ကျပ်ငွေတို့ကို ယူဆောင်ပြီး မိမိသဘောဖြင့် မိသားစုဂုဏ်သိက္ခာကို ထိခိုက်အောင်လုပ်ဆောင်၍ ထွက်ခွာသွားပါသဖြင့် ဇနီးဖြစ်သူ မစိုးစိုး(ခ)မခင်မြတ်မြတ်စိုး (ဖ) ဦးညိုစိမ့် (မိ) ဒေါ်ခင်စိန်၏ သမီးအား ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား ကျွန်တော်မှ တာဝန်ယူဖြေရှင်းဆောင်ရွက်မည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးခင်မောင်မြင့် ၁၄/မမက(နိုင်)၁၈၈၁၄၀**
**ကန်ကြီးရပ်ကွက်၊ နတ်မောက်မြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ရပ်ကွက်၊ ဒေဝဒဟ(၁၁)လမ်း၊ ၈၇၇ နေ ဒေါ်မြစိန်၏သမီး မစုလှိုင်ဝင်း ၁၂/ဥကတ(နိုင်)၁၄၀၈၇၂သည် မိဘ အကြိမ်ကြိမ်ပြောဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၇-၁၀-၂၀၁၇ရက်မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို မိဘနှင့် ဆွေမျိုးသားချင်းများမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။** **ဒေါ်မြစိန်**

## ဗိုလ်မှူးဇာနည်အောင်မင်း
**စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း)**
**DSA(၄၇)**
**အသက်(၃၃)နှစ်**

ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်၊ သံတံတားရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၁၂၉နေ ဒုတိယဗိုလ်မှူးကြီးအောင်မင်း(ငြိမ်း)-ဒေါ်မိုးမိုးအောင်တို့၏သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၈၁နေ ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါက်တာဒေါ်ခင်သန်းအေးတို့၏သားသမက်၊ ဦးအောင်ကိုထွဋ်-ဒေါက်တာနေခြည်အောင်မင်း၊ ဦးရဲထက်အောင်-ဒေါ်စန္ဒာအောင်မင်းတို့၏မောင်၊ မကြေးမုံအောင်မင်း၏အစ်ကို၊ မဏ္ဍနီခင်၏ဦးလေး၊ ဒေါက်တာအာကာသန့်စင်-ဒေါ်မိုးသန္တာစိုးတို့၏ညီ/ယောက်ဖ၊ ဦးနဝရတ်အောင်-ဒေါ်ထူးသန့်စင်တို့၏ခဲအို၊ ဒေါ်ဖူးသန့်စင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်စွမ်းထက်ဇာနည်၏ဖခင်သည် ၂၉-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီခန့်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် မင်္ဂလာဒုံ (၁/၁၀၀၀) ငြိမ်းအေးဇရပ်တွင် တရားနာပြီး မင်္ဂလာဒုံတပ်မတော်စစ်သင်္ချိုင်း၌ စစ်အခမ်းအနားဖြင့် သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ညိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးဇာနည်အောင်မင်း
**စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း)**
**အသက်(၃၃)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၈၁နေ ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါက်တာဒေါ်ခင်သန်းအေးတို့၏သားသမက်၊ ဒေါ်ဖူးသန့်စင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စွမ်းထက်ဇာနည်၏ဖခင် ဗိုလ်မှူးဇာနည်အောင်မင်း စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း)သည် ၂၉-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီခန့်တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့်အရာထမ်း၊ အမှုထမ်းများ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး(ဆက်သွယ်ရေး)**

### ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးဇာနည်အောင်မင်း
**စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း)**
**အသက်(၃၃)နှစ်**

ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါက်တာဒေါ်ခင်သန်းအေးတို့၏သားသမက်၊ ဒေါ်ဖူးသန့်စင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စွမ်းထက်ဇာနည်၏ဖခင် ဗိုလ်မှူးဇာနည်အောင်မင်း စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း)သည် ၂၉-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီခန့်တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့စာတိုက်လုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်ခန့်လင်း အသက်(၁၆)နှစ်သည် ၃၀-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) တွင် ရန်ကုန်ဆေးရုံကြီး(ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကောင်းထက်ကျော်**
**ကိုယ်ပိုင်အထက်တန်းကျောင်း**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကုဋီဒါယကာကြီး
## ဦးသန်းအောင်(ခ)ဦးသိန်းသန်း အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ နတ်မောက်ရိပ်သာလမ်း၊ အမှတ် ၃၂/$K_3$နေ (ဦးအောင်-ဒေါ်လှမြင့်)တို့၏သား၊ (ဦးဝင်းထိန်-ဒေါ် တင်ကြည်)တို့၏သားသမက်၊ ဒေါ်ခင်ချိုဝင်း၏ခင်ပွန်း၊ ဦးယုံ(ခ)ဦးထွန်းစိန်-ဒေါ်စိန်စိန်တို့၏ညီ/မောင်၊ ဦးအောင်ဝင်း(USA)-ဒေါ်စန်းစန်းမော်၊ [ဦးစန်းအောင်(ခ)ဦးခွေးလေး]-ဒေါ်နှင်းနှင်းလှိုင်(ခ)တန်လေနှင်းတို့၏အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ဘကြီးသည် ၂၉-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၇ရက် (သောကြာနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်နှင့် အမှတ် ၇၇၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကုဋီဒါယကာကြီး
## ဦးသန်းအောင်(ခ)ဦးသိန်းသန်း အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ နတ်မောက်ရိပ်သာလမ်း၊ အမှတ် ၃၂/$K_3$နေ (ဦးအောင်-ဒေါ်လှမြင့်)တို့၏သား၊ (ဦးဝင်းထိန်-ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဒေါ်ခင်ချိုဝင်း၏ခင်ပွန်း၊ (ဦးထွန်းညွန့်-ဒေါ်မြင့်ဦး)၊ (ဦးမြင့်သိန်း)-ဒေါ်အေးဝင်း(အမက-၁၊ ဗဟန်း)၊ ဦးလှမင်း-ဒေါ်ထားထားရီတို့၏ညီ/မောင်၊ ဦးစိုးဝင်း-ဒေါ်မာလာ(USA)၊ ဦးထွန်းသန်းဖြိုး-ဒေါ်ချိုချိုပြုံး၊ ဦးကျော်ကျော်အောင်(ဦးစီးမှူး၊ ပြည်တွင်းအခွန်ဦးစီးဌာန)-ဒေါ်မို့မို့သွင်(လ/ထ ကထိက၊ ဆေး-၁၊ ရန်ကုန်တက္ကသိုလ်)၊ ဦးသာထွန်းအောင်တို့၏အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ဦးလေးသည် ၂၉-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ည ၇း၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၇ရက် (သောကြာနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်နှင့် အမှတ် ၇၇၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြကျင် (အင်းတကော်)
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၇ လမ်း၊ အမှတ် ၆၁ (ပထမထပ်) နေ (ဦးကျင်ဟုတ်)၏ဇနီး၊ ဒေါ်သန်းချစ်၏ အစ်မ၊ ဦးမြင့်စိုး(AW. Industries)-ဒေါ်စိန်မြင့်၊ ဦးအောင်ရှိန်-ဒေါ်ခင်အုံးရီ (ညောင်လေးပင်)၊ ဦးအုန်းရွှေ-ဒေါ်နီနီဝင်း၊ ဦးဇော်သိန်း-ဒေါ်လှဲ့လှဲ့ဝင်းရွှေ၊ ဦးမောင်သန်း-ဒေါ်စန်းစန်းရီတို့၏မိခင်၊ မြေး ၁၈ယောက်တို့၏ အဘွားသည် ၂၉-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၇ ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၂-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်သူ
**အသက်(၇၈)နှစ်**

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်၊ ဗဟိုလမ်း၊ အမှတ် ၆၈နေ (ဦးစိန်လွင်-ဒေါ်သောင်းတင်)တို့၏သား၊ (ဦးစောသာကျော်-ဒေါ်နော်မူး)တို့၏ သားသမက်၊ (ဒေါ်ခက်ထူးလာ)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်စိန်၊ ဦးကျော်ဝင်းတို့၏ညီ/မောင်၊ ကိုလှမြင့်နိုင်၊ ကိုသူရထွန်း-မပန်းအိအိနွယ်၊ ကိုမြင့်သိန်းလွင်-စုသက်ထွန်း၊ ကိုချစ်သောင်း၊ကိုမျိုးကျော်ဇော-မအိအိခိုင်တို့၏ဖခင်၊ မြေး ငါးယောက်တို့၏ အဘိုးသည် ၂၉-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၇ရက် (သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဘုန်းနိုင်
**တ/ကကစရ-ကကလှမ်း(ငြိမ်း)**
**စုံစမ်းရေးမှူး (စစစ၊ ငြိမ်း)**
**ဌာနစုမှူး (YRTA)**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဌာနလမ်း၊ အမှတ် ၄၅နေ (ဒေါ်ရီ)၊ (ဒေါ်တင်လှိုင်)၊ ဦးတင်စောတို့၏တူ၊ (ဦးစောမောင် - ဒေါ်မြစိန်)တို့၏သား၊ (ဦးတင်ရွှေ - ဒေါ်စန်းမေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယဿဝတီလမ်း၊ ပထမထပ်၊ အမှတ် ၁၀၈၇နေ ဒေါ်ခင်ခင်၏ခင်ပွန်း၊ (ဦးကျော်ကျော်လွင်-ဒေါ်အေးအေးမြင့်)၊ ဦးစိုင်းထွန်းလူ-ဒေါ်သီဂီစောတို့၏အစ်ကို၊ ကိုရာဇာမျိုး-မသဉ္ဇာချို၊ ကိုဟန်လင်းနိုင်-မအေးအေးသွယ်တို့၏ဖခင်၊ ကိုအောင်ကျော်သက်-မန္တယ်နီဝေ၊ ကိုကိုအောင်-မနန်းဆုရည်တို့၏ဘကြီး၊ မောင်သန့်ထူးယံ၊ မမေချမ်းမြေ့ယံ၊ မသက်မှူးအိမ်၊ မဇူးဇူးစံ၊ ရှမ်ပေါက်တို့၏ ဘိုးဘိုးကြီးသည် ၃၀-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၂း၀၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြသွင်
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ဘော်စင်လမ်း၊ တိုက် ၃၆၊ အခန်း ၂နေ (ဦးသာလူ-ဒေါ်ခင်)တို့၏သမီး၊ (ဦးညွန့်မောင်)၏ဇနီး၊ ဒေါ်တင်ကြည်(MEIS/MAPT-ငြိမ်း)-ဦးခင်မောင်မြင့်တို့၏မိခင်၊ ဦးခင်စိုး၊ (ဦးမင်းကြည်)-ဒေါ်အေးအေးမြင့်၊ (ဦးတိုးအောင်)၊ ဦးဝင်းဗိုလ်-ဒေါ်ခိုင်ခိုင်အောင်၊ ဒေါ်ဝါဝါမြင့်(ဝန်ကြီးရုံး-MOPF)-ဦးကျော်သိန်းဦး၊ ဒေါ်သော်တာမြင့်(MPPE)၊ ဒေါ်ယဉ်မူယာငွေး-ဦးမျိုးမြင့်အောင်(MOPF)၊ ခင်သူဇာမြင့်တို့၏အဘွား၊ မြစ် ၁၃ယောက်၊ တီ တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၃၀-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁း၃၀နာရီတွင် နေပြည်တော်၊ ဗလသိဒ္ဓိရပ်ကွက်၊ တိုက် ၂၃၁၉၊ အခန်း ၀၅ နေအိမ်၌ကွယ်လွန်သွားပါ၍ ၂-၁၂-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျွဲ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေပြည်တော်နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်မင်း(ခ)မင်းကျော်မင်း
**စာတည်းမှူးချုပ်(ငြိမ်း)၊ New Light of Myanmar**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၅၇) (C-3) နေ(ဦးအေးမောင်-ဒေါ်တင်ဦး)တို့၏သား၊ (ဒေါ်တင်တင်မေ)၊ ဒေါ်နန်းကြိန်ကြည်တို့၏ခင်ပွန်း၊ ဦးဝင်းမြင့်အောင်-ဒေါ်ခင်အေးဝင်း၊ ဦးကျော်ဇောလင်း-ဒေါ်တင်အေးမင်း၊ ဒေါက်တာမောင်မောင်သန်းတန်-ဒေါ်သွင်ငွေးလင်း၊ Mr. Tay Wee Kiong-မဝင်းမင်းလင်း၊ မချောစုစုထွေးတို့၏ဖခင်၊ မြေး ခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၃၀-၁၁-၂၀၁၇ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ယဉ်စိန် (ဒါးပိန်)
**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒါးပိန်မြို့နေ (ဦးမောင်စိန်-ဒေါ်တင်)တို့၏သမီး၊(ဦးကြွယ်-ဒေါ်သန်းညွန့်)တို့၏သမီးချွေးမ၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ ၁၄လမ်း၊ အမှတ် ၃၈၄နေ (ဦးတင်ဦး)၏ဇနီး၊ ဦးထွန်းထွန်းဦး-ဒေါ်ခင်မျိုးထွန်း၊ ဦးရယ်ဂျီ-ဒေါ်ဥမ္မာဦး၊ ဦးသန့်ဇင်-ဒေါ်ယဉ်ယဉ်ဦး၊ ဦးဝင်းအောင်-ဒေါ်တင်ထွေးဦး၊ ဦးခင်မောင်မြင့်-ဒေါ်မိုးစန္ဒာဦး၊ ဦးဇေယျာဝင်း-ဒေါ်စောစန္ဒာဦး၊ ဒေါ်နန်းစန္ဒာဦးတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၉-၁၁-၂၀၁၇ရက် ည ၁၁း၂၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## မောင်ပြည့်ခန့်လင်း
**(Grade-10)**
**ကောင်းထက်ကျော် ကိုယ်ပိုင်**
**အထက်တန်းကျောင်း**
**အသက်(၁၆)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက် ၁၇၊ အခန်း ၁၃နေ ဦးအောင်လင်းမောင်-ဒေါ်မြတ်ကလျာသိန်းတန် (Lunbini School)တို့၏ တစ်ဦးတည်းသောသား၊ ဦးမင်းသန့်ဇော်-ဒေါ်ခင်မိုးသူ၊ ဒေါ်ကဥ္စနစန္ဒာဇော်၊ ဦးနေလင်းသိန်း-ဒေါ်ပဘာညီမွန်၊ ဒေါက်တာမင်းယုအောင်-ဒေါ်ယုဒေဝီညီမွန်တို့၏ ညီ/မောင်၊ မောင်ကောင်းပြည့်ဖြိုးသျှန်၊ မမြဘုန်းသက်တို့၏အစ်ကိုသည်၃၀-၁၁-၂၀၁၇ရက် နံနက် ၈း၃၀နာရီတွင် ရန်ကုန်(ခုတင်-၅၀၀)ဆံ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးငွေအောင်
**ခေတ္တရာအသင်းနာယကကြီး**
**ဥက္ကဋ္ဌ(ဟောင်း)**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ သန္တာလမ်း၊ အမှတ် ၈၆နေ ဦးဘစိန်-ဒေါ်တုတို့၏သား၊ ဒေါ်ခင်မျိုးမြင့်၏ ခင်ပွန်းသည် ၂၉-၁၁-၂၀၁၇ရက်နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၇ရက် ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ခေတ္တရာအသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

## ဒေါ်ကြည်ဝင်း(ခ)
## ဒေါ်စမ်းစမ်းမြင့် (မြိတ်)
**အသက်(၇၁)နှစ်**

ကော့ကရိတ်မြို့နယ်နေ (ဦးစိန်ဝင်း-ဒေါ်အုန်းကြည်)တို့၏သမီး၊ မြိတ်မြို့နယ်နေ (ဦးစိန်တင်)၏ဇနီး၊ ဒေါ်တင်စိုးရီ၊ ဦးအေးမင်း-ဒေါ်တင်ဝင်းရီ(ခ)ယင်ယင်၊ ဦးမြင့်ဇော်-ဒေါ်မာမာမင်း၊ ဦးမိုးကြည်ဖြူ-ဒေါ်စန်းစန်းမိုး၊ ဒေါ်စမ်းစမ်းချိုတို့၏မိခင်၊မြေးခုနစ်ယောက်တို့၏အဘွားသည် ၃၀-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## မောင်ပြည့်ခန့်လင်း
**(Grade-10)**
**ကောင်းထက်ကျော် ကိုယ်ပိုင်**
**အထက်တန်းကျောင်း**
**အသက်(၁၆)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက် ၁၇၊ အခန်း ၁၃နေ (ဦးသိန်းတန်-ဒေါ်တင်တင်)၊ (ဦးခင်မောင်ဝင်း-ဒေါ်ခင်မြညို)၊ ဒေါ်ခင်မြင့်ဦး(ကျောင်းအုပ်ကြီး၊ ငြိမ်း)တို့၏မြေး၊ ဦးအောင်လင်းမောင်-ဒေါ်မြတ်ကလျာသိန်းတန် (Lunbini School)တို့၏ တစ်ဦးတည်းသောသား၊ ဦးမောင်မောင်ကြီး - ဒေါ်မြတ်မာလာ၊ (ဦးဇော်အောင်)-ဒေါ်သဇင်၊ ဦးမော်သိန်းတန်-ဒေါ်သီတာကြူ၊ ဦးညီညီ-ဒေါ်မွန်မြတ်သူ၊ ဦးဝင်းသိန်းတန်-ဒေါ်ခင်မိုးစပယ်၊ ဦးမင်းသိန်းတန်-ဒေါ်မေမီအောင်၊ ဦးဝင်းထက်-ဒေါ်အေးသက်ခိုင်၊ ဒေါ်ရည်မွန်သန့်တို့၏ တူ/သားသည် ၃၀-၁၁-၂၀၁၇ရက် နံနက် ၈း၃၀နာရီတွင် ရန်ကုန်(ခုတင်-၅၀၀)ဆံ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုသန်းလှိုင်(ခ)ဖိုးချို
**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မင်းဒင်လမ်းသွယ်၊ (၈)လမ်း၊ တိုက် ၇၉၊ အခန်း ၄နေ (ဦးသိန်းအေး-ဒေါ်နုနု)(နုနုစတိုး ရွှေတိဂုံဘုရားတောင်ဘက်မုခ်)တို့၏သား၊ (ဦးမောင်သန်း)-ဒေါ်ထင်ညွန့်တို့၏သားသမက်၊ မတိုးတိုးရင်၊ကိုခင်မောင်မြင့်-မမျိုးမျိုးအေးတို့၏မောင်၊ကိုအောင်ဝင်းကျော်-မသင်းသင်းအေးတို့၏အစ်ကို၊မဥမ္မာသန်း၏ခင်ပွန်း၊ မောင်အောင်ပြည့်စုံ (နဝမတန်း-B၊ အထက၊သုဝဏ္ဏ)၏ဖခင်သည်၃၀-၁၁-၂၀၁၇ရက် နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
**မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး**
**မူလပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**
**ကမ္ဘာ့ဗုဒ္ဓသာသနာပြု ပီနန်ဆရာတော်**
## ဘဒ္ဒန္တပညာဝံသ
**သက်တော်(၉၀)၊ သိက္ခာတော်(၇၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ မူလပဓာနနာယကဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ပီနန်ဆရာတော် ဘဒ္ဒန္တပညာဝံသသည် ၂၄-၁၁-၂၀၁၇ရက်တွင် မလေးရှားနိုင်ငံ၊ ပီနန်မြို့၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမဈာပနအား ရည်မှန်း၍ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သာသနာ့ဇေယျမင်္ဂလာပရိယတ္တိကျောင်းရှိ သံဃာတော်များအား ၃-၁၂-၂၀၁၇ရက် နံနက် ၅း၃၀နာရီတွင် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်း တရားတော်နာမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ဆွေမျိုးများနှင့် တပည့်သံဃာတော်၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

သုံးထပ်ကျောင်းဆရာတော်ဦးဆောင်သည့်
အန္တိမဈာပနကျင်းပရေးကော်မတီ
(မြန်မာပြည်)

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန် ဒါယကာကြီး
## ဦးအောင်သန်း (စား/ဖျော်၊ ငြိမ်း)
**အသက်(၈၆)နှစ်**

ပုသိမ်မြို့နေ (ဦးကျင်ဝှက်-ဒေါ်မြ)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ စေတနာသုခလမ်း၊ အမှတ် ၃၈နေ[ဒေါ်သန်းသန်းဝင်း(လ/ထ ကထိက-ငြိမ်း၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)]၏ခင်ပွန်း၊ (ဦးမောင်ဟိ-ဒေါ်ငွတ်ကြည်)၊ (ဒေါ်ကျင်မြ)၊ (ဦးကျော်ဖဲ-ဒေါ်ကျင်ခ)၊ (ဒေါ်ကျင်လှ)၊ ဦးကြင်ရှိန်-ဒေါ်ဝင်းကြည်၊ ဒေါ်ကျင်ဝိုင်း၊ (ဦးကိုကိုကြီး)-ဒေါ်သန်းညွန့်တို့၏ညီ/မောင်၊ ဦးမြတ်သူ-ဒေါ်ဇင်မာမြင့်(ခေတ္တ-စင်ကာပူ)၊ (မမြတ်သင်းနွယ်)၊ ဦးမျိုးကျော်-ဒေါ်ချောစုစုဝင်း(ခေတ္တ-စင်ကာပူ)၊ ဒေါ်အေးအေးမြင့်(ခေတ္တ-စင်ကာပူ)၊ ဦးဖြိုးအောင်သန်း-ဒေါ်အေးစုကိုကို(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မောင်ညီထက်အောင်၊ မောင်မြင့်မြတ်သာ၊ မောင်ရဲရင့်မျိုး၊ မောင်ထက်မြတ်အောင်၊ မမေမြင့်မိုရ်ဖြိုး၊ မအိန္ဒသဒ္ဒါဖြိုးတို့၏အဘိုးသည် ၂၉-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၇ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ဆန်း
**ဒုတိယဗိုလ်မှူးကြီး(ရေ)(ငြိမ်း)၊ စစ်တက္ကသိုလ်အပတ်စဉ်(၃)**
**ကိုယ်ပိုင်အမှတ်-၁၀၉၀**
**အသက်(၇၇)နှစ်**

မန္တလေးမြို့၊ ၁၄လမ်း၊ ၆၅×၆၆လမ်း၊ စံနန်းတော်အိမ်ရာ SC (2) နေ ဒေါ်ဝါဝါ(ခ)ဒေါ်တင်တင်ရီ၏ချစ်လှစွာသောခင်ပွန်း၊ မစိုးယုနန္ဒာ (MIIT: Second Year)၏ချစ်လှစွာသောဖခင်သည် ၂၇-၁၁-၂၀၁၇ရက် (တနင်္လာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် မန္တလေးဆေးရုံကြီးမှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြင့်မောင် (Michael)
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**နိုင်ငံတော်ဗဟိုဘဏ်**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ် ၈၈နေ [ဦးဘမောင် (လွှတ်တော်ရှေ့နေကြီး၊ ဥပဒေကထိက)-ဒေါ်တင်အုံး]တို့၏သား၊ (ဒေါ်ခင်စန်းကြည်)၏ခင်ပွန်း၊ [ဗိုလ်ကြီးမြင့်ဟန်-ဒေါ်ခင်ခင်အေး(Marie)]၊ [ဗိုလ်မှူးမင်းအောင်-ဒေါ်ခင်ပြုံးရီ(Kitty)]တို့၏မောင်၊ ဦးမြင့်သန်း(Jackie)-Ex. R. O./FG-ဒေါ်ခင်သန်း၊ [ဦးမြင့်သိန်း (Gilbert) C. E./ FG]-ဒေါ်ထားထားမွန်(April)၊ [ဦးသန်းတင်(M. A. S./ITBMU)]-ဒေါ်သန်းသန်းမြင့်(Elizabeth)-Admin Manager-ICE Services Co.,Ltdတို့၏အစ်ကိုသည် ၂၅-၁၁-၂၀၁၇ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၇ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးမောင်လေး
**(ဦးစီးမှူး)(ငြိမ်း)**
**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန**
**အသက်(၅၆)နှစ်**

ပခုက္ကူမြို့နေ(ဦးကျော်ဟိန်း-ဒေါ်နန်း)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးထွန်းအောင်-ဒေါ်ရင်ကြည်)တို့၏သားသမက်၊ ပခုက္ကူမြို့နေ (ဦးဘိုကြူ)၊ ထီးလင်းမြို့၊ ညောင်ကန်ရွာနေ [ဦးချစ်လှိုင် (လ/ပြ၊ ငြိမ်း)]-ဒေါ်ခင်မြင့်၊ (ဒေါ်ညိုစန်း)၊ (ဦးဘကြူ)၊ ရန်ကုန်မြို့နေ ပန်းချီဦးမုတ်သုံ-ဒေါ်ခင်အေးအေးမော်(ဒု-ညွှန်မှူး၊ SECM)တို့၏ညီ၊ ထီးလင်းမြို့နေ ဦးသန်းလွင်(ဦး/ရှိ၊ စီမံဘဏ္ဍာ)-ဒေါ်ဝင်းဝင်းနိုင်(ပညာအောင်ဘော်ဒါ)၊ ဒေါ်တင်တင်မေ(ထ/ပြ၊ကော့မှူး)၊ ဗိုလ်မှူးငွေးလွင်-ဒေါ်စုစုအောင်၊ ဒုဗိုလ်မှူးကြီးအောင်မိုးလွင်-ဒေါက်တာတင်မိုးမိုးခိုင်တို့၏ဦးလေး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ မြသီရိလမ်း၊ အမှတ် ၅၅နေ ဒေါ်နီလာအောင်(ဆည်/ရေ)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၅၅နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၇ရက်(သောကြာနေ့)နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးမိုးကျော်
**(အမှုဆောင်အရာရှိ)**
**ဒုတိယညွှန်ကြားရေးမှူး**
**ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ ၆လမ်းနေ (ဦးချမ်းသာ-ဒေါ်မြ)၊ (ဦးညို-ဒေါ်ဖွားခက်)တို့၏ မြေး၊ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းမ၊ လှည်းတန်းနေ (ဦးတင်အေး-ဒေါ်တင်ညွန့်)တို့၏သား၊ ရွှေပြည်သာမြို့နယ်နေ (ဦးအေးငွေ) - ဒေါ်အေးနွဲ့တို့၏ သားသမက်၊ လှည်းတန်း၊ ကမာရွတ်နေ (ဦးညွန့်ဝင်း)-ဒေါ်သန်းရင်၊ ဦးသက်တင်-ဒေါ်မင်းမင်းမော်၊ ဦးမင်းသူရ-ဒေါ်ဖြူဖြူဖွေးတို့၏ညီ/မောင်၊ ဦးကျော်ကျော်စိုး-ဒေါ်ကေသီမြင့်၊ ဒေါ်ခင်ချိုမြင့်တို့၏အစ်ကို၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊အာဇာနည် ၃လမ်း၊အမှတ် ၁၃၃နေ ဒေါ်မြတ်ပိုပိုငွေ၏ချစ်လှစွာသောခင်ပွန်းသည် ၂၉-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက်တွင် ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ အာဇာနည် ၃လမ်း၊အမှတ် ၁၃၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော် စည်ကားစွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဖွင့်ပွဲအခမ်းအနားအတွက် ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့များ၏ တီးမှုတ်ဖျော်ဖြေ လေ့ကျင့်ပြင်ဆင်နေမှုကို တွေ့ရစဉ်။ သတင်းစဉ်

**ရန်ကုန် နိုဝင်ဘာ ၃၀**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ်တွင် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဖွင့်ပွဲအခမ်းအနားအတွက် လေ့ကျင့်နေမှုများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့များ၏ တီးမှုတ်ဖျော်ဖြေမှုများ၊ ဖွင့်ပွဲအခမ်းအနားကျင်းပမည့် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအတွင်း ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များသိပ္ပံ သုတေသနဌာနတို့၏ ပြခန်းများအပါအဝင် လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်တွင် ပါဝင်ပြသမည့်ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၇ ကော်လံ ၄* ❄

ယနေ့ မာတိကာ

နှစ်နိုင်ငံ သဘောတူညီမှုအရ ပြန်လည်လက်ခံပါက ဝင်ရောက်လာမည့်သူများအား လဝကဥပဒေနှင့်အညီ သေချာစွာစိစစ်သွားမည်
စာ ၁၀

ဝိန်းရှန်းနေ အဲဗာတန်အသင်းနှင့် ပထမဆုံးအကြိမ် ဟက်ထရစ်ရယူ
စာ ၁၂

တရုတ်ဝန်ကြီးချုပ်နှင့် ရုရှားသမ္မတတို့ နှစ်နိုင်ငံအရေး တွေ့ဆုံဆွေးနွေး
စာ ၁၄

## Leopalace 21 Myanmar Open 2018 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၊ Asian Tour၊ မြန်မာပီဂျီအေနှင့် Japan Golf Tour တို့ ပူးပေါင်း၍ Leopalace 21 ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် Leopalace 21 Myanmar Open 2018 ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ရှိ ပန်းလှိုင် ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ Asian Tour မှ ဒါရိုက်တာ ဦးကြည်လှဟန်နှင့် Japan Golf Tour မှ မန်နေဂျင်းဒါရိုက်တာ Mr.Koetsu Sasaki က အမှာစကားပြောကြားသည်။ ထို့နောက် Leopalace 21 ဥက္ကဋ္ဌ Mr. Eisei Miyama က ပြိုင်ပွဲအား ပံ့ပိုးကူညီပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နာယက ပါမောက္ခ ဒေါက်တာ မြင့်မောင်မောင်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးတင်ဦးတို့က မြန်မာအိုးပင်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော မီဒီယာများက ပြိုင်ပွဲနှင့် ပတ်သက်သည့် ကိစ္စရပ်များအား မေးမြန်းရာ

*စာမျက်နှာ ၁၂ ကော်လံ ၄* ✪



ထိုင်းကလပ် Police Tero အသင်းနှင့် အပြီးသတ် စာချုပ်ချုပ်ဆိုခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်း တိုက်စစ်မှူး အောင်သူ။

## ထိုင်းကလပ် Police Tero အသင်းနှင့် အောင်သူ အပြီးသတ်စာချုပ် ချုပ်ဆို

**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာ့လက်ရွေးစင်အသင်း တိုက်စစ်မှူး အောင်သူသည် ထိုင်းလိဂ်-၁ ကလပ် Police Tero အသင်းနှင့် နိုဝင်ဘာ ၃၀ ရက်တွင် ထိုင်းနိုင်ငံ၌ အပြီးသတ်စာချုပ် ချုပ်ဆိုခဲ့သည်။

အောင်သူသည် တစ်ရာသီအငှားစာချုပ်ဖြင့် Police Tero အသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ပြီး လစာအဖြစ် တစ်လလျှင် အမေရိကန်ဒေါ်လာ ၇၀၀၀ ရရှိမည်ဖြစ်သည်။ အောင်သူသည် အပြီးသတ်စာချုပ် ချုပ်ဆိုရန် နိုဝင်ဘာ ၂၉ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာခဲ့ပြီး နိုဝင်ဘာ ၃၀ ရက်တွင် Police Tero အသင်းပိုင်ရှင် ဘရိုင်ယန်မာကာနှင့် တွေ့ဆုံကာ အပြီးသတ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

Police Tero အသင်းသည် အောင်သူအား လစာအပြင် အခြားခံစားခွင့်များ၊ နေထိုင်သွားလာရေးအတွက်ပါ စီစဉ်ပေးထားခြင်းဖြစ်သည်။ အောင်သူသည် တစ်လလျှင် လစာ ဒေါ်လာ ၇၀၀၀ ရရှိမည်ဖြစ်သောကြောင့် မြန်မာကစားသမားများတွင် လစာငွေအများဆုံးရရှိမည့် ကစားသမားဖြစ်လာမည်ဖြစ်သည်။ အောင်သူသည် ဒီဇင်ဘာလ ဒုတိယပတ်တွင် အသင်းနှင့် ပူးပေါင်းမည်ဖြစ်ပြီး ရာသီကြိုပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်ကာ ထိုင်းလိဂ်-၁ မှာ ဖေဖော်ဝါရီလတွင် စတင်ကျင်းပမည်ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ✻

